ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-11-2015) (၈၃၇၄)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာအတွက် အရေးကြီး




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းပြားမြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့

**ဆန္ဒမဲလက်မှတ်များ အတုအပမပြုလုပ်နိုင်ရန် လုံခြုံရေးရေစာအမှတ်အသား ထည့်သွင်းပုံနှိပ်ထား**

သတင်းစာမျက်နှာ - ၅

**ECONOMY Green GROWTH**

pd;wbf;ueD

သိဒ္ဓိမောင် ၏

ကိုပေတရာ- မန္တလေးတစ်ခန်းရပ်စကားပြောခန်း စာမျက်နှာ - ၆

**မြန်မာပြည်အထက်ပိုင်းသာယာမည်ဖြစ်သော်လည်း ရန်ကုန်၌ ထစ်ချုန်းမိုးရွာနိုင်ဟု ဒေါက်တာထွန်းလွင် ခန့်မှန်း**

သတင်းစာမျက်နှာ - ၇



ကြေးမုံစာတည်းရှုထောင့် ၄-၁၁-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ထူးခြားသောမြန်မာ့နိုင်ငံရေး

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများတွင် မျက်မှောက်ကာလမှာ ထူးခြားမှုအရှိဆုံးကာလဟု ဆိုရမည်ဖြစ်သည်။ အသွင်ကူးပြောင်းရေးကာလအတွင်း အရေးအကြီးဆုံး နိုင်ငံရေးအပြောင်းအလဲဖြစ်သည့် သမိုင်းဝင်ရွေးကောက်ပွဲကြီးကို မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည်ဖြစ်ရာ ၂၀၁၅ ခုနှစ်အတွက် အထူးခြားဆုံးအချိန်ကာလဟု ဆိုရခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများအနက် ယခုကျင်းပတော့မည့်ရွေးကောက်ပွဲသည် နိုင်ငံရေးအင်အားစုအားလုံး ပါဝင်ယှဉ်ပြိုင်သော ရွေးကောက်ပွဲဖြစ်၍ ထူးခြားသည့် မြန်မာ့နိုင်ငံရေးအခင်းအကျင်းဖြစ်လာသည်။ ယနေ့ကာလတွင် နိုင်ငံရေးအဖွဲ့များ ငယ်လျှင်ငယ်သလောက်၊ ကြီးလျှင်ကြီးသလောက် ပြိုင်ဆိုင်မှုပြင်းထန်လာသည်ကို တွေ့ရသည်။

ထိုကဲ့သို့အခြေအနေဖြစ်လာအောင်လည်း နိုင်ငံတော်အစိုးရက ဒီမိုကရေစီစနစ်ရှင်သန်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် အဆင့်ဆင့်သောဖြေလျှော့မှုများနှင့် လက်တွေ့ကျသော အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ပေးသောကြောင့် ဒီမိုကရေစီစနစ်၏ လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာသည်။

သို့သော်လည်း ဒီမိုကရေစီစနစ်တည်ဆောက်ရေးနှင့်ပတ်သက်သည့် အတွေ့အကြုံများ၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အားကောင်းမောင်းသန် မဖြစ်သေးသည်မှာအမှန်ဖြစ်သည်။ ထိုအခက်အခဲများကြောင့် ရာခိုင်နှုန်းပြည့်ပြီးပြည့်စုံသော အထွေထွေရွေးကောက်ပွဲကြီးဖြစ်ပေါ်ရန်အတွက် လိုအပ်ချက်များ ရှိကောင်းရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတွင် အပြန်အလှန်ထိန်းကျောင်းမှုအားနည်းသော နိုင်ငံရေးဖြစ်စဉ်နှင့် ဒီမိုကရေစီမဆန်သော အုပ်ချုပ်မှုစနစ်အောက်တွင် ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်ကျင်လည်ခဲ့ရသောကြောင့် အားနည်းချက်များ ရှိနေမည်ဟုဆိုရခြင်းဖြစ်သည်။ သို့သော် နိုင်ငံရေးအတွေ့အကြုံနည်းခဲ့သော်လည်း မြန်မာနိုင်ငံသားများ၏ ဒီမိုကရေစီဆန်သော အပြုအမူများနှင့် လုပ်ဆောင်မှုများမှာ အံ့သြဖွယ်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အသွင်ကူးပြောင်းရေးကို ဆောင်ရွက်ရာ၌ ကဏ္ဍတိုင်းတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ်လုပ်ဆောင်ပေးနေသည်ကို တွေ့ရသည်။ နိုင်ငံသားများ၏ အနာဂတ်သစ်အတွက် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးနေသည်မှာ အမှန်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အစိုးရသက်တမ်းတစ်ကြိမ်အတွင်း ကြီးမားလှသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့်အခက်အခဲများ အနည်းနှင့်အများရှိနေဦးမည်ဖြစ်သည်။ ပထမဆုံးသက်တမ်းအတွင်းမှာပင် အတွေးအခေါ်ဟောင်း၊ အယူအဆ၊ အမူအကျင့်ဟောင်းများနှင့် အတ္တကို ရှေ့တန်းတင်သည့် အပြုအမူများကို ဖယ်ရှားရန်မှာ အပြောလွယ်သလောက် အလုပ်ခက်သောအခြေအနေများဖြစ်သည်ကို နားလည်ရမည်ဖြစ်သလို သိမ်မွေ့နက်နဲစွာဖြင့် ဖယ်ရှားဆောင်ရွက်နေရသည်ဟု ယုံကြည်ပါသည်။

ထိုအခက်အခဲများကို အောင်မြင်စွာ ကြိုးပမ်းဖြတ်သန်းနိုင်မှသာလျှင် မိမိတို့လူ့အဖွဲ့အစည်းအတွက် အထူးလိုအပ်နေသော နိုင်ငံရေးစနစ်သစ်နှင့် နိုင်ငံရေးယဉ်ကျေးမှုအသစ်များ အမြစ်တွယ်အခြေခိုင်မာလာမည့် အခွင့်အရေးကို ရရှိနိုင်မည်ဖြစ်သည်။ ဖြေရှင်းမှုတိုင်းကို စိတ်ရှည်သည်းခံစွာဖြင့် ဖြေရှင်းကြပြီး စိန်ခေါ်မှုတိုင်းကိုကျော်လွှားနိုင်ရန်အတွက် မတူညီသော စိတ်ထားများကိုဖယ်ရှားကာ တူညီသောစိတ်ထားများဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကောင်းစားရေးအတွက် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ကို ထင်ဟပ်စေမည့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် အထွေထွေရွေးကောက်ပွဲကြီးအား စစ်မှန်သောစေတနာဖြင့် အကောင်းဆုံးဆောင်ရွက်ပေးနေသည်ကို ထူးခြားသောနိုင်ငံရေးအခင်းအကျင်းများက သက်သေပြနေပြီဖြစ်၍ နိုင်ငံ့အကျိုးအတွက် နိုင်ငံသားအားလုံး ရှေးရှုဆောင်ရွက်နိုင်စေရန် ဆန္ဒပြုလိုက်ပါသည်။ ။

# နှလုံးရောဂါဝေဒနာရှင်များအား အခမဲ့ကြည့်ရှုစမ်းသပ်၍ ဆေးဝါးလှူဒါန်း

**လားရှိုး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ လားရှိုးမြို့နှင့် အနီးဝန်းကျင်ရှိ နှလုံးရောဂါဝေဒနာရှင် ၁၀၀ အား အခမဲ့ကြည့်ရှုစမ်းသပ်၍ လိုအပ်သော ဆေးဝါးများ လှူဒါန်းခဲ့သည်။

အဆိုပါ နှလုံးရောဂါဝေဒနာရှင်များအား "ရှိုင်းနင်းမြန်မာ"ကုမ္ပဏီက စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံကြီးမှ (Senior Consultant Cardiologist) Dr.Jayaram Lingamanaicker ကို ဖိတ်ခေါ်၍ လားရှိုးမြို့ ခုတင်(၁၀၀)တပ်မတော်ဆေးရုံမှ ဆရာဝန်ကြီးများနှင့် ပူးပေါင်းကာ အမည်စာရင်းပေးသွင်းထားသူများအား ကြိုတင်စမ်းသပ်စစ်ဆေးမှုများကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်ထိလည်းကောင်း၊ နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ဆရာဝန်ကြီးများက ကုသစစ်ဆေးပေးသည်။ ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အတိုင်း နှလုံးရောဂါဝေဒနာရှင်များအတွက် လိုအပ်သော ဆေးဝါးများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အလှူရှင် "ရှိုင်းနင်းမြန်မာ" ကုမ္ပဏီဒါရိုက်တာ ဦးကျော်စွာထွဋ်မိသားစုနှင့် ဝန်ထမ်းများက လှူဒါန်းခဲ့ကြသည်။

ဦးကျော်စွာထွဋ်အား တွေ့ဆုံမေးမြန်းရာ မိခင်ဖြစ်သူ နှလုံးရောဂါ ကုသပျောက်ကင်း၍ စင်ကာပူနိုင်ငံမှ နိုင်ငံကျော် နှလုံးရောဂါကုဆရာဝန်ကြီး Dr.Jayaram Lingamanaicker အား မအားလပ်သည့်ကြားမှ မေတ္တာရပ်ခံကာ လားရှိုးမြို့နှင့် အနီးဝန်းကျင်မှ နှလုံးရောဂါဝေဒနာ ခံစားနေရသော ဝေဒနာရှင်များအတွက် ပျောက်ကင်းချမ်းသာရလိုသော ဆန္ဒဖြင့် ဆရာဝန်ကြီး များ၏ ညွှန်ကြားချက်ဖြင့် လိုအပ်သော ဆေးဝါးများအား ကုသိုလ်ပြုလှူဒါန်းကြောင်း၊ စင်ကာပူနိုင်ငံမှ နှလုံးရောဂါကုဆရာဝန်ကြီးမှ အသွားအပြန် နှစ်ရက်၊ စစ်ဆေးကုသရက် နှစ်ရက်သာ အချိန်ရရှိသောကြောင့် ဆရာကြီး၏ ကြည့်ရှုကုသချိန် နှစ်ရက်အတွင်း နှလုံးရောဂါဝေဒနာရှင် ၁၀၀ ခန့်ကိုသာ ပထမဆုံးအကြိမ်အဖြစ် ကုသပေးခဲ့ပြီး နောက်ပိုင်း နှလုံးရောဂါကုဆရာဝန်ကြီးအား လားရှိုးမြို့သို့ ကုသချိန် ငါးရက်၊ တစ်ပတ်လာရောက်ကုသနိုင်ရန် ကြိုးစားမှာဖြစ်ပြီး နှလုံးရောဂါ ဝေဒနာရှင်များအား ဆေးဝါးထပ်မံ လှူဒါန်းသွားမည်ဟု ပြောကြားခဲ့သည်။

**ဇာဏီအောင်(လားရှိုး)**

❑❑❑

**နေပြည်တော် နိုဝင်ဘာ ၃**

# ဒေသတွင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်

(၄၈)ကြိမ်မြောက် အာဆီယံ အသိဉာဏ်ပစ္စည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ASEAN IPR Action Plan (2016-2025)အရ ပိုမိုကောင်းမွန်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အသိုက်အဝန်းတည်ဆောက်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကိစ္စရပ်များအား နီးကပ်စွာပူးပေါင်း၍ လက်တွဲညီညီဆောင်ရွက်နိုင်ပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အာဆီယံနိုင်ငံများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အာဆီယံစီးပွားရေး အသိုက်အဝန်း ဖော်ဆောင်ရာ၌ အဓိကကဏ္ဍတစ်ခုဖြစ်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကဏ္ဍအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းစီမံချက်သည် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးအကာအကွယ်ပေးခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့၏ ဆက်သွယ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများဖြစ်သော ကုန်အမှတ်တံဆိပ်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးရေးဆွဲပြီး အတည်ပြုနိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြပြီးဖြစ်ပါကြောင်း၊ ဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးပါက မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားရုံးများ တည်ထောင်ရန်အတွက် လိုအပ်သော လူစွမ်းအား အရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိပါကြောင်း၊ ဒေသတွင်းအသိဉာဏ်ပစ္စည်းမူပိုင်ခွင့် လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းရပ်များတွင်လည်း များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Ms. Shahrinah Md Yusof Kham, Madam Chair of the AWGIPC and Director General of Brunei IP Office က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO) မှ ကိုယ်စားလှယ်များ၊ အခြားသောဆွေးနွေးဖက် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၈၃၈၀၀ | - | ၇၈၄၈၀၀ |
| မန္တလေး | ရွှေဈေး | ၇၈၃၂၀၀ | - | ၇၈၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၀ /၆၉၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၇.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၆.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁.၅၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅.၉၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈.၂၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၄၈၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၅၆.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၅၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၄.၇၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၃.၈၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

ပြည်တွင်းရေးရာ

# တိုင်းရင်းသားများဝန်းရံထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုအပြိုကွဲမခံနိုင်



**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် စစ်ရေးစွမ်းရည် အမြဲတမ်းထက်မြက်နေရန်လိုအပ်ကြောင်း၊ တစ်ဦးချင်းစွမ်းရည်ရှိရန် လိုအပ်သလို တပ်ဖွဲ့အလိုက်၊ တပ်အလိုက်လည်း စွမ်းရည်ရှိရန် လိုအပ်ကြောင်း၊ တပ်တွင်းတပ်ပြင် စည်းရုံးရေးဆောင်ရွက်ရာတွင် လက်တွေ့ပါသော စည်းရုံးရေးနှင့် လက်တွေ့မပါသော စည်းရုံးရေးဟူ၍ နှစ်မျိုးရှိကြောင်း၊ လက်တွေ့ပါသောစည်းရုံးရေးဆိုသည်မှာ မြင်သာသော ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ကာကွယ်ပေးမှုများဖြစ်ကြောင်း၊ လက်တွေ့မပါသော စည်းရုံးရေးဆိုသည်မှာ စစ်သည်တော်ကောင်းတစ်ဦးပီသစွာ နေထိုင်ပြီး ကျင့်ဝတ်(၆၀)ပါ ပြည်သူလူထုအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ် (၁၀)ပါးကို လိုက်နာစောင့်ထိန်းခြင်းပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်များက ခေါင်းဆောင်ပီသစွာ တပ်ကိုကြပ်မတ်ကွပ်ကဲရန်လိုသလို ပေးအပ်ထားသော တာဝန်များကိုလည်း ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်ပြီး မကြာမီ ကိုယ်တိုင်ရွေးချယ်ပေးကြရတော့မည်ဖြစ်၍ ရွေးချယ်မှုမှန်ကန်ရန်လိုအပ်ကြောင်း၊ တိုင်းပြည်ကို ခေါင်းဆောင်နေသူသည် နိုင်ငံနှင့်ဒေသကို ဖွံ့ဖြိုးအောင်လုပ်မည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့်သူ၊ တပ်မတော်အပေါ် နားလည်မှု ရှိသူ၊ အမြင်လေးမြင့်ရှိသူ၊ အမျိုးဘာသာသာသနာနှင့်ပတ်သက်ပြီး မှန်မှန်ကန်ကန်နှင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံခြားသား၊ နိုင်ငံခြား တိုင်းပြည်အဖွဲ့အစည်းတစ်ခုခုဖြင့် တစ်နည်းနည်းဖြင့် ဆက်သွယ်မှုမရှိသူ၊ လွှမ်းမိုးမှုမရှိသူဖြစ်ရန်လိုကြောင်း၊ တိုင်းရင်းသားများဝန်းရံထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုအပြိုကွဲ မခံနိုင်ကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ပေ့ါပေ့ါတန်တန်မလုပ်ဘဲ ၎င်းအပေါ်မှာ အခြေခံပြီး တပ်များ၏စွမ်းရည်ကို မြင့်မားအောင်လုပ်ရန် လိုအပ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပေါ် ဆက်လက်အကောင်အထည်ဖော်ပြီး ထာဝရငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး စိတ်ရှည်သည်းခံစွာ ဆောင်ရွက်လျက်ရှိပြီး ကျန်အဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်နယ်မိသားစုများအတွက် သုတရသစာစောင်များ ပေးအပ်ရာ ဒေသကွပ်ကဲရေးမှူးက လက်ခံရယူသည်။**(ယာပုံ)**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အားကစားပစ္စည်းများ ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# မြန်မာရေလုပ်သား ၈၅ ဦး အမိမြန်မာနိုင်ငံသို့ ထပ်မံပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

အိန္ဒိယသမ္မတနိုင်ငံ ပို့ဘလဲယားမြို့ Open Distress Camps ၌ ထိန်းသိမ်းထားသည့် မြန်မာရေလုပ်သားများအား နိုင်ငံတော်အစိုးရက လေယာဉ်စရိတ်များ ကုန်ကျခံကာ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်ဖြင့် ခေါ်ယူပေးလျက်ရှိရာ ယနေ့တွင် ကျန်ရှိနေသော မြန်မာရေလုပ်သား ၈၅ ဦးကို ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ယူသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချမ်းဟာရဲ ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ပြီး လေဆိပ်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ နယူးဒေလီသံရုံး စီးပွားရေးသံမှူး ဦးဇော်ညွန့်နှင့် ကိုးလ်ကတ္တားမြို့ ကောင်စစ်ဝန်ချုပ်ရုံး သံရုံးအုပ် ဦးတင်ထွန်းအောင်တို့ထံမှ မြန်မာရေလုပ်သား ၈၅ ဦးအား စာရင်းအချက်အလက်များနှင့်အတူ လွှဲပြောင်းလက်ခံရယူသည်။

ယင်းနောက် ပို့ဘလဲယားမြို့လေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။**(အပေါ်ပုံ)**

ယနေ့ ထပ်မံရောက်ရှိလာသည့် ရေလုပ်သားများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုအားပေးစကား ပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက ရေလုပ်သားများအား ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ခရီးစရိတ်များ၊ ငွေကျပ် ၁၀၀၀ ဖြည့်ပြီး MPT ဖုန်းကတ်များ ထောက်ပံ့ပေးအပ်ကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေရပ်ဒေသအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးကြသည်။

ယနေ့ ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သား ၈၅ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၇၇ ဦး၊ ရခိုင်ပြည်နယ်မှ ရှစ်ဦးတို့ပါဝင်ပြီး အဆိုပါ ရေလုပ်သားများသည် အိန္ဒိယရေပိုင်နက်အတွင်း တရားမဝင်ဝင်ရောက်ပြီး ငါးဖမ်းကြရာမှ အိန္ဒိယအစိုးရ၏ ဥပဒေအရ အပြစ်ဒဏ်များ ကျခံပြီး မြန်မာနိုင်ငံသားများဖြစ်ကြောင်း အတည်ပြုချက်ရရှိပြီးသူများဖြစ်သည်။

နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် မြန်မာရေလုပ်သားများအား အိန္ဒိယနိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့ရာ စုစုပေါင်း ၂၄၃ ဦးရှိပြီဖြစ်သည်။

**(သတင်းနှင့် ဓာတ်ပုံ-ဇော်မင်းလတ်)**

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် PACE အဖွဲ့မှ ရွေးကောက်ပွဲအပြီး ၄၈ နာရီအတွင်း ရွေးကောက်ပွဲ၏ ကနဦးအစီရင်ခံစာထုတ်ပြန်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲဖြစ်စဉ်အပေါ် စောင့်ကြည့်လေ့လာလျက်ရှိသည့် PACE အဖွဲ့မှ ရွေးကောက်ပွဲကျင်းပအပြီး ၄၈ နာရီအတွင်း ရွေးကောက်ပွဲ၏ ကနဦး အစီရင်ခံစာကို ထုတ်ပြန်သွားမည်ဟု အဆိုပါအဖွဲ့၏ ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်ထံမှ သိရသည်။

"ကနဦး အစီရင်ခံစာကို ရွေးကောက်ပွဲအပြီး ၄၈ နာရီအတွင်းမှာ ထုတ်ပြန်နိုင်ဖို့စီစဉ်ထားတယ်။ အပြီးသတ်အစီရင်ခံစာကိုတော့ တစ်လအတွင်းမှာ ထုတ်ပြန်နိုင်ဖို့ ကြိုးစားမယ်။ ကော်မတီတွေ၊ ပါတီတွေအနေနဲ့ သိသင့်သိထိုက်တဲ့ ကိစ္စမျိုးဆိုရင်တော့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်သွားမယ်။အင်ဒိုနီးရှားနိုင်ငံသမ္မတ ရွေးကောက်ပွဲမှာဆိုရင် SBO နည်းသုံးပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ထုတ်ပြန်တဲ့ရလဒ်နဲ့ တကယ့်တရားဝင်ရလဒ်တွေနဲ့ ကြည့်တဲ့အခါမှာ ရာခိုင်နှုန်းတွေ သိပ်မကွာခြားဘူး"ဟု ဦးစိုင်းရဲကျော်စွာမြင့်က ပြောသည်။

PACE အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရာတွင် ၁၉၈၀ နောက်ပိုင်းမှစ၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအများစု အသုံးပြုသည့် မဲရုံများကို စာရင်းအင်းနည်းပညာဖြင့် တွက်ချက်ရသည့် Sample Base Observation (SBO) နည်းဖြင့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ အာဆီယံနိုင်ငံများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲ၊ ဖိလစ်ပိုင်နိုင်ငံရွေးကောက်ပွဲနှင့် ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲများတွင် Sample Base Observation (SBO) နည်းဖြင့် စောင့်ကြည့်လေ့လာသူများက စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

စာရင်းအင်းနည်းပညာဖြင့် တွက်ချက်ရသည့် Sample Base Observation (SBO) နည်းဖြင့် လေ့လာမည့် PACE အဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းရှိ မဲရုံပေါင်း တစ်ထောင်တွင် စောင့်ကြည့်လေ့လာသူ ၂၀၀၀ ဖြင့် လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။ PACE သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများ အဆင်ပြေချောမွေ့မှု ရှိ၊ မရှိ ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုနှင့် သမာသမတ်ကျမှုကို မေးခွန်းပေါင်း ၄၀ ကျော်အပေါ် အခြေခံကာ အဓိကစောင့်ကြည့်မည်ဖြစ်သည်။ ရရှိလာသည့် တွေ့ရှိချက်များအပေါ် အခြေခံပြီး နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲ၏ အားသာချက်၊ အားနည်းချက်များကို အကြံပြုသွားမည်ဖြစ်ကြောင်း သိရသည်။ PACE အဖွဲ့သည် နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကြိုတင်မဲပေးမှုကို ကာလရှည်လေ့လာစောင့်ကြည့်သူ ၁၃၀ ဖြင့် မြို့နယ် ၁၃၀ တွင် ရွေးကောက်ပွဲ၏ Trend ကို လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ ခြောက်ဖွဲ့မှ ၄၆၅ ဦး၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းကိုးခုမှ ၁၈၃ ဦး အပါအဝင် စုစုပေါင်း ပြည်ပလေ့လာစောင့်ကြည့်သူ ၁၁၁၈ ဦး၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ၁၃ ခုမှ ၉၄၀၆ ဦး၊ ပြည်ပသတင်းမီဒီယာ ၄၅ ဖွဲ့မှ ၂၉၁ ဦးတို့အား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။**(သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၇၆၁ ဦးရှိ

**မန္တလေး နိုဝင်ဘာ ၃**

လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကြီး ဖြစ်စေရေးအတွက် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၇၆၁ ဦး စာရင်းပေးသွင်းထားကြောင်း တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်၏ နိုဝင်ဘာ ၃ ရက်ထိ စာရင်းများအရ သိရသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ ဖန်တီးအိမ်၊ ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့၊ ရွေးကောက်ပွဲစောင့်ကြည့်သူများကွန်ရက် (မန္တလေးတိုင်းဒေသကြီး)၊ ရွေးကောက်ပွဲပညာပေးရေးနှင့် စောင့်ကြည့်လေ့လာရေးမိတ်ဖက်များ၊ အမျိုးသားလူငယ်ကွန်ရက် အစရှိသည့် အဖွဲ့အစည်း ခြောက်ခုမှဖြစ်ကာ မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် လေ့လာစောင့်ကြည့်ရေးလုပ်ငန်းစဉ်တစ်လျှောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်ကို လိုက်နာရမည်ဖြစ်ကာ ဥပဒေအရ အခွင့်အရေးများ၊ တာဝန်များနှင့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း ကြိုတင်လေ့လာထားရန် လိုအပ်ကြောင်း သိရသည်။ **(၀၀၂)**

# နျူကလီးယားဆိုင်ရာ သဘောတူညီချက် အီရန် စတင်အကောင်အထည်ဖော်ပြီ

**တီဟီရန် နိုဝင်ဘာ ၃**

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ရရှိခဲ့သော နျူကလီးယားဆိုင်ရာ သဘောတူညီချက်ကို အီရန်နိုင်ငံက စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် သမိုင်းဝင် နျူကလီးယားသဘောတူညီချက်ကို စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း ဒုတိယသမ္မတ အလီအက္ကဘာ ဆာလီဟီက ပြောကြားသည်။ ၎င်းသည် အီရန်နိုင်ငံ အဏုမြူစွမ်းအင်အဖွဲ့၏ အကြီးအကဲလည်းဖြစ်သည်။

ဇူလိုင်လက ရရှိခဲ့သော နျူကလီးယားသဘောတူညီချက်သည် အီရန်နိုင်ငံ၏ နျူကလီးယားလှုပ်ရှားမှုများကို ကန့်သတ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်သည်။

မိမိတို့ ရရှိခဲ့သော သဘောတူညီချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အချိန်ရယူရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံဖြစ်သည့် အမေရိကန်၊ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနိုင်ငံတို့နှင့် အီရန်တို့ရရှိခဲ့သော သဘောတူညီချက်အရ အီရန်နိုင်ငံဘက်မှ နျူကလီးယားဆိုင်ရာလှုပ်ရှားမှုများကို လျှော့ချပေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ယင်းနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို အနောက်အုပ်စုက ရုပ်သိမ်းပေးရမည်ဖြစ်သည်။

နျူကလီးယားသဘောတူညီချက်နှင့် ပတ်သက်၍ ဆာလီဟီက ကျိုဒိုသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

**ကျိုဒို။**

# အာဆီယံကာကွယ်ရေးဝန်ကြီးများ မလေးရှားတွင် တွေ့ဆုံဆွေးနွေး

**ကွာလာလမ်ပူ နိုဝင်ဘာ ၃**

အရှေ့တောင်အာရှနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများသည် မလေးရှားနိုင်ငံတွင် နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးပွဲကို စတင်ဆွေးနွေးနေပြီဖြစ်သည်။ အဆိုပါဆွေးနွေးပွဲကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင် ၁၀ နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများက ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၃ ရက်တွင် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးများသည် တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် အခြားနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် မလေးရှားကာကွယ်ရေးဝန်ကြီး ဟစ်ရှမာမူဒင် ဟူစိန်က ဒေသတွင်းလုံခြုံရေးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တာဝန်ရှိကြောင်း ဆွေးနွေးပွဲဖွင့်ပွဲတွင် ပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသည် လွန်ခဲ့သည့် သီတင်းပတ်က အမေရိကန်ဖျက်သင်္ဘောတစ်စင်းသည် တောင်တရုတ်ပင်လယ် စပရက်တလီကျွန်းစုအနီး တရုတ်နိုင်ငံက တည်ဆောက်ထားသည့် ကျွန်းတုတစ်ခုအနီးသို့ ရေမိုင် ၁၂ မိုင်အထိ ခုတ်မောင်းလာခဲ့သည့်အတွက် ဆွေးနွေးပွဲဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အဆိုပါ ရေပိုင်နက်သည် တရုတ်နိုင်ငံက ၎င်း၏ပိုင်နက်နယ်မြေဖြစ်သည်ဟု အခိုင်အမာဆိုထားသည့် နယ်မြေဖြစ်သည်။

တရုတ်ကာကွယ်ရေးဝန်ကြီး ချန်ဝမ်ကွမ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာတို့သည်လည်း ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တရားမဝင်သေနတ်များအား တရုတ်ရဲတပ်ဖွဲ့ဖျက်ဆီး

**ဟော့ဟော့ နိုဝင်ဘာ ၃**

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ရဲတပ်ဖွဲ့သည် တစ်စစီဖြုတ်ထားသော တရားမဝင်သေနတ်စုစုပေါင်း ၁၁၈၄၉ လက်ကို နိုဝင်ဘာ ၃ ရက်က ဖျက်ဆီးလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ရဲတပ်ဖွဲ့အာဏာပိုင်များ၏အဆိုအရ အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဖောက်ခွဲရေးပစ္စည်း ၁၅၀၀၀ ကီလိုဂရမ်၊ စနက်တံ ၄၃၀၀၀ ခု၊ ဖောက်ခွဲရေးသုံး ကေဘယ်ကြိုး မီတာ ၃၀၀၀၀၊ သေနတ်အလက် ၃၀၀၀ နှင့် ကျည်ဆန်အတောင့် ၈၀၀၀၀ သိမ်းဆည်းမိခဲ့သည်။ ရဲတပ်ဖွဲ့အာဏာပိုင်များက တရားဝင်သေနတ်ကိုင်ဆောင်မှုအပေါ် ထိန်းချုပ်မှုကိုလည်း တင်းကျပ်ခဲ့ပြီး သီးသန့်ဖွဲ့စည်းထားသော ဌာနများ၊ စည်းကမ်းမညီညွတ်သော စတိုးဆိုင်များနှင့် သေနတ်ပြုလုပ်သူများပိုင်ဆိုင်သည့် တရားဝင်ကိုင်ဆောင်သည့်သေနတ် ၂၀၅၈၂ လက်ကိုလည်း စစ်ဆေးခဲ့သည်။

တရားမဝင်သေနတ်များနှင့် အန္တရာယ်ရှိသော လက်နက်များပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကြောင်းကြားရန် အများပြည်သူအား မေတ္တာရပ်ခံထားသည်။ လူ့အဖွဲ့အစည်းအား မလိုလားအပ်သောအန္တရာယ်ဖြစ်စေမှုကိုရှောင်ရှားရန် သေနတ်ကိုင်ဆောင်သူများအား ရဲတပ်ဖွဲ့က တိုက်တွန်းလိုက်သည်။

**ဆင်ဟွာ။**



# အန်ကောဝပ်ဘုရားကျောင်းသို့ ကမ္ဘာလှည့်ခရီးသွားများလည်ပတ်ခွင့် လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၄၇ သန်းရရှိ

**ဖနွမ်းပင် နိုဝင်ဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်းသို့ ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်ခွင့်လက်မှတ်ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၈ သန်းရရှိခဲ့ကြောင်း နိုဝင်ဘာ ၃ ရက်တွင် ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁ ဒသမ ၆၇ သန်းခန့် အဆိုပါနေရာသို့ လာရောက်လည်ပတ်ခဲ့သဖြင့် ခရီးသွားဦးရေမှာ ယမန်နှစ်ကထက် နှစ်ရာခိုင်နှုန်းတိုးတက်လာကြောင်း အန်ကောဝပ် ဘုရားကျောင်းစီမံခန့်ခွဲရေးအဖွဲ့ဖြစ်သည့် အက်ဆာရာအဖွဲ့က ပြောကြားသည်။

အောက်တိုဘာလအတွင်း ယင်းနေရာသို့ ကမ္ဘာလှည့်ခရီးသွား ၁၅၃၃၀၈ ဦး လာရောက်လည်ပတ်ခဲ့သဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈ သန်း တိုးတက်ရရှိခဲ့ကြောင်း သိရသည်။ ၁၉၉၂ ခုနှစ်တွင် ယူနက်စကို၏ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ခံထားရသော အန်ကောဝပ်ဘုရားကျောင်းသို့ တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့မှ ကမ္ဘာလှည့်ခရီးသွားများအများဆုံး လာရောက်ကြသည်။

**ဆင်ဟွာ။**

# ရုရှားခရီးသည်တင်လေယာဉ်ပျက်ကျမှုမှ သေဆုံးသူရုပ်အလောင်းများ စိန့်ပီတာစဘတ်မြို့သို့ ပထမအကြိမ် စတင်သယ်ဆောင်

**စိန့်ပီတာစဘတ် နိုဝင်ဘာ ၃**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ အောက်တိုဘာ ၃၁ ရက်တွင် ပျက်ကျသွားခဲ့သည့် ရုရှားလေကြောင်းလိုင်းပိုင် လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၂၂၄ ဦး၏ ရုပ်အလောင်းများအနက် ပထမဆုံးအကြိမ်အဖြစ် ရုပ်အလောင်း ၁၄၄ လောင်းကို သယ်ဆောင်လာသည့် ရုရှားလေယာဉ်တစ်စင်းသည် နိုဝင်ဘာ ၂ ရက် နံနက် အစောပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ လေဆိပ်သို့ ဆိုက်ရောက်လာကြောင်း ရုရှားအစိုးရက ပြောကြားသည်။

အဲဘတ်စ် အေ-၃၂၁ အမျိုးအစား အဆိုပါလေယာဉ်သည် ရုရှားနိုင်ငံ ကိုဂလေးမီဗီဟာလေကြောင်းဌာနပိုင်ဖြစ်ပြီး အားလပ်ရက် ခရီးသည်များအား တင်ဆောင်ကာ အီဂျစ်နိုင်ငံပင်လယ်နီ အပန်းဖြေစခန်း ရှမ်အယ်လ်ရှိတ်မြို့မှ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ဦးတည်ပျံသန်းစဉ် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည်လေထုအတွင်း၌ ပေါက်ကွဲပျက်ကျခြင်းဖြစ်ကြောင်း အစောပိုင်းတွင် ထွက်ပေါ်လာသည့် သတင်းထုတ်ပြန်ချက်များ၌ ဖော်ပြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နိုဝင်ဘာ ၁ ရက်အား တစ်မျိုးသားလုံးအတွက် ဝမ်းနည်းဖွယ်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ သေဆုံးသူရုပ်အလောင်းများအား သယ်ဆောင်လာသော အိုင်အယ်လ် ၇၆ အမျိုးအစား လေယာဉ်သည် စိန့်ပီတာစဘတ်မြို့ ပေါ်လ်ကိုဘိုလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီမထိုးမီတွင် ဆိုက်ရောက်လာပြီး သေဆုံးသူရုပ်အလောင်း ၁၄၄ လောင်းကို သယ်ဆောင်လာခဲ့သည်။

**ရိုက်တာ။**

# ဘရာဇီးနိုင်ငံမြောက်ပိုင်း အမေဇုန်သစ်တော၌ တောမီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၃**

ဘရာဇီးနိုင်ငံမြောက်ပိုင်း မာရန်တောင်ပြည်နယ်၌ တောမီး အကြီးအကျယ်လောင်ကျွမ်းလျက်ရှိသည်မှာ နှစ်လခန့်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။



အမေဇုန်သစ်တောဒေသ၏ ၇၃၄ စတုရန်းမိုင်ခန့်တွင် တောမီးလောင်ကျွမ်းနေပြီး ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝကို ခြိမ်းခြောက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဒေသန္တရနှင့် ပြည်နယ်အစိုးရအဖွဲ့များက အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့ပြီး တောမီးငြိမ်းသတ်နိုင်ရန် အာရာရီဘွိုင်ယာ တိုင်းရင်းသားတို့နေထိုင်ရာဒေသသို့ မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ ကျော်ကို စေလွှတ်ထားသည်။ အဆိုပါဒေသသည် လူပေါင်း ၁၂၀၀၀ ခန့် နေထိုင်ရာ တိုင်းရင်းသားကျေးရွာများက ဝန်းရံထားသော ဒေသတစ်ခု ဖြစ်သည်။

တောမီးလောင်မှုကြောင့် အတိရူယာဂျာမျိုးနွယ်စုဝင်လူ ၈၀ ခန့်မှာ ဘေးဒုက္ခများတွေ့ကြုံရလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ လတ်တလော နှစ်ကာလများအတွင်း တောမီးလောင်မှုများအနက် အကြီးကျယ်ဆုံးဖြစ်ကြောင်း ဘရာဇီးသဘာဝအရင်းအမြစ်များသိပ္ပံမှ တောမီးတိုက်ဖျက်ရေးညှိနှိုင်းရေးမှူး ဂါရီယယ်ဇာချာရီးယတ်က ပြောကြားသည်။

တိုင်းရင်းသားမျိုးနွယ်များနှင့် ဘရာဇီးသစ်ထုတ်လုပ်ရေးကုမ္ပဏီများအကြား ကာလရှည်ပဋိပက္ခ ဖြစ်ပွားခဲ့ရာဒေသ၌တောမီးလောင်ခြင်းဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံမှ သစ်တောပြုန်းတီးရမှုအတွက် ယင်းသစ်ထုတ်လုပ်ရေးကုမ္ပဏီများတွင် တာဝန်ရှိကြောင်း ဇာချာရီးယတ်က ပြောကြားသည်။

**ရိုက်တာ။**

# ဆန္ဒမဲလက်မှတ်များ အတုအပမပြုလုပ်နိုင်ရန် လုံခြုံရေးရေစာအမှတ်အသား ထည့်သွင်းပုံနှိပ်ထား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်**

**နေပြည်တော် နိုဝင်ဘာ ၃**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲလက်မှတ်များ အတုအပ မပြုလုပ်နိုင်ရန်အတွက်လည်းကောင်း၊ မလိုလားအပ်သော စွပ်စွဲပြစ်တင်မှုများ မဖြစ်စေရန်အတွက်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ P T Pura စက်ရုံမှ တင်သွင်းသည့် လုံခြုံရေးအမှတ်အသားပါ Light Yellow W / F Paper (80 gsm)အမျိုးအစား အဝါရောင်စက္ကူကို မှာယူတင်သွင်းပြီး ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ခဲ့ပါသည်။ မဲလက်မှတ်များရိုက်နှိပ်သည့် စက္ကူတွင်ပါရှိသော လုံခြုံရေးရေစာအမှတ်အသားမှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တံဆိပ်(Logo)အား စက္ကူအသားတွင် ထည့်သွင်းပုံနှိပ်ထားခြင်းဖြစ်ပြီး အလင်းရောင်တွင် ထောင်၍ကြည့်ရှုပါက တွေ့မြင်ရမည်ဖြစ်ပါသည်။

၂။ အသုံးပြုထားသည့် စက္ကူ၏မူရင်းအရောင်သည် အဝါရောင်ဖြစ်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ အမှတ်တံဆိပ်(Logo)များတွင်ပါသော အဖြူရောင်မှာ အဝါရောင်သန်းဖြစ်နေမည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမှတ်တံဆိပ်(Logo)တွင် အဖြူရောင်အား အဝါရောင် ဖြစ်နေခြင်းမှာ အဝါရောင်စက္ကူအမျိုးအစားကြောင့် ဖြစ်ပါသည်။

၃။ ဆန္ဒမဲလက်မှတ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးနှင့်ပတ်သက်၍ လက်ဝဲဘက်အကွက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီအမည် သို့မဟုတ် တစ်သီးပုဂ္ဂလဟူ၍ ထင်ရှားစွာဖော်ပြထားပါသည်။ အလယ်လေးထောင့်ကွက်တွင် ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် လောင်း၏အမှတ်တံဆိပ်(Logo)ဖော်ပြထားပါသည်။ လက်ယာဘက်လေးထောင့်ကွက်အတွင်းတွင် ဆန္ဒပြုရန်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့၏ အမှတ်တံဆိပ်(Logo)တွင် အဖြူရောင်ပါရှိမည်ဆိုပါက အဝါရောင်ဖြစ်နေမည်ဖြစ်ကြောင်း မဲဆန္ဒရှင်များအား ရှင်းလင်းအသိပေးသွားရန်နှင့် မဲဆန္ဒရှင်များအနေဖြင့်လည်း ဆန္ဒပြုချိန်တွင် မဲလက်မှတ်တွင်ပါရှိသော လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလနှင့် အမှတ်တံဆိပ်(Logo) များကို သတိပြု၍ မှန်ကန်စွာဆန္ဒပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




# တာမွေ အရိုးကုန်းရပ်ကွက် မဲဆန္ဒရှင် ၆၄၆၉ ဦး ဆန္ဒမဲပေးကြမည်

**ရန်ကုန် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်နေ မဲဆန္ဒရှင် ပြည်သူ ၆၄၆၉ ဦးဆန္ဒမဲ ပေးကြမည်ဖြစ်သည်။

မဲဆန္ဒပေးမည့်နေ့တွင် လွယ်ကူအဆင်ပြေစေရန် အတွက် မဲဆန္ဒရှင် သက်သေခံလက်မှတ်ကို ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး၌ ထုတ်ပေးလျက်ရှိရာ ယနေ့မွန်းလွဲ ပိုင်းထိ မဲဆန္ဒရှင် ၃၂၅၀ လာရောက် ထုတ်ယူပြီးဖြစ်သည်။ မဲဆန္ဒရှင် သက်သေခံလက်မှတ်ကို နိုဝင်ဘာ ၇ ရက်ထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ ထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ယူကြရာတွင် ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပုည၊ အတွင်းရေးမှူး ဦးဦးသန်းနိုင်နှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်များအား မဲပေး မည့်နေ့တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်နှင့် နိုင်ငံသား စိစစ်ရေးကတ်ယူလာရန်၊ သက်သေခံလက်မှတ်ဖြင့် ဆန္ဒမဲ ထုတ်ယူကြရန်နှင့် သက်သေခံလက်မှတ်ပေါ်ပါရှိသည့် အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ အဘအမည်၊ နေရပ်နှင့်တာဝန်ခံလက်မှတ်တို့ မှန်ကန်မှု ရှိ၊ မရှိနှင့် မှားယွင်းမှုရှိပါက မဲရုံမှူးထံ အသိပေးကြရန်တို့ကို ရှင်းလင်း ပြောကြားကြသည်။

တာမွေမြို့နယ်တွင် မဲရုံပေါင်း ၁၂၂ ရုံရှိပြီး အရိုးကုန်း ရပ်ကွက် တစ်ခုတည်းတွင် မဲရုံ ကိုးရုံရှိကာ အမျိုးသား ၃၀၄၈ ဦးနှင့် အမျိုးသမီး ၃၄၂၀ ဦး စုစုပေါင်း မဲဆန္ဒရှင် ၆၄၆၉ ဦးတို့ ဆန္ဒမဲပေးကြမည်ဖြစ်ကြောင်း သိရ သည်။

**(ကိုချစ်)**

# မရမ်းကုန်းမြို့နယ်တွင် မဲဆန္ဒရှင်သက်သေခံကတ်ပြားထုတ်ယူသူများနှင့် ကြိုတင်ဆန္ဒမဲပေးသူများ အဆင်ပြေချောမွေ့လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၁၅ အထွေထွေရွေးကောက်ပွဲ တွင် မဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒရှင် သက်သေခံကတ်ပြားများကို ထုတ်ပေးလျက်ရှိရာ မရမ်းကုန်း မြို့နယ် အမှတ်(၁)ရပ်ကွက်တွင် မဲဆန္ဒရှင် သက်သေခံကတ်ပြားထုတ် ယူသူများနှင့် ကြိုတင်ဆန္ဒမဲပေး သူများ အဆင်ပြေချောမွေ့လျက်ရှိ ကြောင်း အဆိုပါရပ်ကွက်ရှိ မဲဆန္ဒရှင် များထံမှ စုံစမ်းသိရှိရသည်။

"မဲစလစ်တွေ ထုတ်ပေးနေပြီ ဆိုတာကြားလို့ လာထုတ်တာပါ။ ကော်မရှင်ကတောင်းတဲ့ အချက် အလက်တွေကို ဖြေနိုင်ရုံနဲ့ မဲစလစ် ရခဲ့တယ်။ ဘာအခက်အခဲမှ မရှိဘူး။ တော်တော် အဆင်ပြေပါတယ်"ဟု အဆိုပါရပ်ကွက်ရှိ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲတွင် မဲဆန္ဒရှင် သက်သေခံကတ်ပြား လာရောက် ထုတ်ယူသူ ကိုချိုကပြောသည်။

အဆိုပါရပ်ကွက်တွင် နိုဝင်ဘာ ၁ ရက်မှစတင်၍ ၇ ရက်နေ့အထိ မဲဆန္ဒရှင်သက်သေခံ ကတ်ပြားများကို နံနက် ၈ နာရီမှ ညနေ ၄ နာရီ အထိ ထုတ်ပေးသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ရွေးကောက်ပွဲကော်မရှင် မှ သတ်မှတ်ထားသည့် ခိုင်လုံသော အထောက်အထားဖြင့် ကြိုတင် ဆန္ဒမဲပေးခြင်းကို စိစစ်ခွင့်ပြုပေးလျက် ရှိရာ လာရောက်၍ ကြိုတင်ဆန္ဒမဲ ပေးသူ မနွဲ့နွဲ့အေးက "ကျွန်မက ညဉ့် လမ်းညွှန်အလုပ်လုပ်တယ်။ မဲပေးရက် မတိုင်မီ ခရီးထွက်ရမှာဖြစ်လို့ ကြိုတင် မဲပေးတာပါ။ သွားမယ့် ခရီးစဉ်ရဲ့ လေယာဉ်လက်မှတ်နဲ့ ရုံးကထောက်ခံ ချက်ပြပြီး ကြိုတင်မဲပေးခဲ့တာပါ။ လာရောက်စုံစမ်းတုန်းကလည်း ကြိုတင် မဲပေးဖို့ အချိန်အခက်အခဲရှိရင် ပြောပါလို့ ကော်မရှင်အဖွဲ့ကပြောခဲ့ တယ်။ အခက်အခဲမရှိခဲ့ပါဘူး။ အဆင် ပြေပါတယ်။ ဒါပေမယ့် သူငယ်ချင်း တစ်ယောက်ကတော့ တခြားမြို့နယ် မှာ ကြိုတင်မဲပေးတာ အစိုးရဝန်ထမ်း မဟုတ်လို့ဆိုပြီး အဆင်မပြေဖြစ် နေတယ်"ဟု ပြောသည်။

ထို့အပြင် မဲဆန္ဒရှင် သက်သေခံ ကတ်ပြားထုတ်ပေးနေမှုနှင့်ပတ်သက်၍ အဆိုပါ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ မှ အဖွဲ့ဝင်တစ်ဦးက "မဲစလစ်ထုတ် တဲ့အခါမှာ ကာယကံရှင် ကိုယ်တိုင် လာထုတ်ဖို့လိုတယ်။ သူကတစ်ဆင့် တာဝန်ခံပြီး မိသားစုဝင်တွေအတွက် ထုတ်ပေးချင်တယ်ဆိုရင် လိုအပ်တဲ့ အချက်အလက်တွေပြောနိုင်ရုံနဲ့ထုတ် ပေးနေပါတယ်။ အချက်အလက်တွေ မသိရင်တော့ သူတို့ရဲ့မှတ်ပုံတင်တွေ လိုတယ်။ ဒါကလည်း မှားယွင်းထုတ် ပေးမှုတွေ ဖြစ်မှာစိုးရိမ်လို့ပါ။ မဲစလစ် လာထုတ်ဖို့ ကျန်နေတဲ့သူတွေကို လည်း ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အနေနဲ့ လိုက်လံအသိပေးနှိုးဆော်မှု တွေလုပ်နေပါတယ်"ဟု ပြောသည်။

အဆိုပါရပ်ကွက်တွင် မဲရုံပေါင်း ၁၇ ရုံရှိပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၂၀၉၄၅ ဦးရှိရာ နိုဝင်ဘာ ၂ ရက် အထိ ကြိုတင်ဆန္ဒမဲပေးသူ ကိုးဦးရှိခဲ့ သည်။ ထို့အတူ မဲဆန္ဒရှင် သက်သေခံ ကတ်ပြား ထုတ်ယူသူများလည်း တစ်ရက်ထက်တစ်ရက် ပိုမိုများပြား လာကြောင်းသိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-မြင့်ဝေ**





# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ် သရုပ်ပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ် ဆောင်ရွက်ပုံသရုပ်ပြပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီက စက်မှုဇုန် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်ဦးကျော်ညိမ်းနှင့် ဦးတင်အေးတို့က ရွေးကောက်ပွဲလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ကိုသရုပ်ပြဆောင်ရွက်ပို့ချကြကြောင်း သိရသည်။

**(၃၂၉)**

# ဆန္ဒမဲပေးသက်သေခံလက်မှတ်များ ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်ထုတ်ယူ

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် အင်းစိန်မြို့နယ်အတွင်း ရပ်ကွက် ပေါင်း ၂၀ ရပ်ကွက်ရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တို့အား နိုဝင်ဘာ ၁ ရက်က စတင်ပြီး ၇ ရက်အထိ သက်သေခံလက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထုတ်ပေးရာတွင် အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်လွင် ကြီးကြပ်၍ မြို့သစ်(ဂ)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝင်းနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အဖွဲ့ဝင်များက ဦးဆောင်ပြီး နိုဝင်ဘာ ၂ ရက်နံနက်ပိုင်းမှ ည ၉ နာရီအထိ သက်သေခံလက်မှတ်များကို ထုတ်ပေးလျက်ရှိရာ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည့်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ထုတ်ယူကြကြောင်း သိရသည်။

**(၆၈၄)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန(ASEAN Institute for Green Economy- AIGE)တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး -*

### ကိုပေတရာ - မရွှေစာ တစ်ခန်းရပ်စကားပြောခန်း

# စိမ်းတဲ့မြို့ကြီး

**သိန္ဒိမောင်**

ဂျာနယ်လစ်တစ်ဦးဖြစ်သူ လူပျိုကြီးကိုပေတရာ ရေပုံးတစ်လုံးဘေးချကာ မြေကိုတူးဆွလျက် သီချင်း တအေးအေးညည်းရင်း သစ်ပင်ငယ်တစ်ပင်ကို စိုက်ပျိုးနေစဉ်. . .

အိမ်နီးချင်း ဘွဲ့ရအပျိုကြီး မရွှေစာ ဈေးခြင်း အလွတ်တစ်လုံးကို ဆွဲလျက် ကိုပေတရာ အနားသို့ ရောက်လာသည်။

"စိမ်းသောသစ်ရိပ်အောက်တွင်၊ စိမ်းသော မြက်ခင်းပြင်၊

စိမ်းသောသူ့ဝတ်စုံဆင်၊ စိမ်းကားခြင်းနိမိတ်ပုံများ၊

သမိုင်းစိမ်း မင်းရေးဖွဲ့သွား. . ."

"ကိုပေတရာကြီး၊ သီချင်းတညည်းညည်းနဲ့ ဘာလုပ်နေတာတုံးရှင့်။ ဒါနဲ့ ရှင့်သီချင်းကလည်း တစိမ်းစိမ်းနဲ့ဆိုတော့ မဟုတ်မှလွဲရော **အီလက်ရှင်ကမ်ပိန်း**လုပ်ဖို့ လေ့ကျင့်နေတာများလား"

"မဟုတ်ရပါဘူးမရွှေစာရယ်။ ကျွန်တော်ဆိုတဲ့ သီချင်းက ရှေ့ခံအဆိုတော်ကြီး ဇော်ဝင်းထွဋ်ရဲ့ 'ဂန္ထဝင်စိမ်း'ပါ။ ရွေးကောက်ပွဲက အရောင်တွေနဲ့ ဘာမှမဆိုင်ပါဘူး။ အိမ်ရှေ့မှာ မျက်စိပသာဒလည်းဖြစ်၊ အရိပ်အာဝါသလည်းရအောင် သစ်ပင်စိုက်ရင်းနဲ့ ဖီလင်ဝင်သွားလို့ဆိုနေတာပါဗျ။ ဒါနဲ့ ခင်ဗျားကလည်း တိတ်တိတ်ကလေးနားထောင်နေတာလား"

"ကြံကြီးစည်ရာတော်၊ ဈေးသွားမလို့ ထွက်လာရင်း ရှင့်အသံပြာကြီးကို ကြားလိုက်လို့ပါ။ ရှင် သစ်ပင်စိုက်တာမြင်တော့ အားကျမခံ ကျွန်မတို့ အိမ်ရှေ့မှာလည်း သစ်ပင်စိုက်ဦးမှပဲ။ ဒါမှအိမ်တိုင်း၊ လမ်းတိုင်း၊ စိမ်းလန်းစိုပြည်ပြီး မြို့ကြီးတစ်မြို့လုံး စိမ်းလန်းနေတဲ့ ဂရင်းစီးတီး(Green City)ဖြစ်သွားမှာပေါ့"

"ခင်ဗျားတောင် တော်တော်ဟုတ်လာပြီပဲ။ လူတော်နဲ့ မိတ်ဆွေဖြစ်မိလို့ တိုးတက်လာတာ ထင်ပါရဲ့။ ဒါနဲ့**ဂရင်းစီးတီး**ဆိုတာရော ခင်ဗျားသိလို့လား"

"ရှင်းပြပါ့မယ်ရှင်။ မသိသေးဘူးဆိုရင်လည်း မှတ်စုစာအုပ်ကလေးပါယူပြီး လိုက်မှတ်ထားဦး။ လက်ရှိအခြေအနေမှာ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ မြို့ကြီးပြကြီးတွေမှာနေတယ်တဲ့။ ဒီ့အပြင်မြို့ပြလူဦးရေဟာလည်း တိုးတက်သထက် ဆက်ပြီးတော့တိုးတက်နေတယ်။ မြို့ပြလူဦးရေတိုးလာပြီး မြို့ကြီးတွေ ကြီးမားကျယ်ပြန့်လာတာဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အပေါ်မှာ အကျိုးသက်ရောက်မှုရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် လူတွေအများကြီး နေထိုင်တဲ့မြို့ကြီးတွေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ လိုက်လျောညီထွေဖြစ်စေမယ့် စိမ်းလန်းတဲ့ ဂရင်းစီးတီးမြို့ကြီးတွေအဖြစ် ပြုပြင်တည်ဆောက်ဖို့ လိုတယ်တဲ့ရှင့်. . . သိပြီလား"

"သိပါပြီဗျာ။ အဲဒီလို သဘာဝပတ်ဝန်းကျင်မထိခိုက်စေတဲ့ မြို့ကြီးတွေကို **အီကိုစီးတီး**လို့လည်း ခေါ်တယ်တဲ့ဗျာ။ အဲဒီလိုမြို့ကြီးတွေမှာ နေထိုင်ကြသူတွေအနေနဲ့ လျှပ်စစ်၊ စက်သုံးဆီစတဲ့ စွမ်းအင်တွေ၊ ရေ၊ အစားအစာနဲ့ လွှင့်ပစ်ရမယ့်ပစ္စည်းမျိုး၊ ဥပမာ-အိတ်ခွံ၊ ဘူးခွံ၊ တစ်ခါသုံးပစ္စည်း စတာတွေကို သုံးစွဲတာ အနည်းဆုံးဖြစ်ရမယ်တဲ့။ နောက်ပြီးတော့ အပူငွေ့တို့၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းစတဲ့ လေထုညစ်ညမ်းမှုတို့၊ ရေထုညစ်ညမ်းမှုတို့ ထွက်ပေါ်တာလည်း အနည်းဆုံးဖြစ်ရမယ်လို့လည်း ဆိုထားတယ်ဗျ"

"မှတ်သားလောက်စရာပါပဲရှင်။ တကယ်လို့ ကျွန်မတို့နေတဲ့ မြို့ကြီးကိုလည်း စိမ်းလန်းတဲ့ ဂရင်းစီးတီးမြို့ကြီး ဖြစ်လာအောင်လုပ်မယ်ဆိုရင် ဘာတွေလုပ်သင့်သလဲရှင့်"



"သိချင်သေးတယ်ဆိုရင်လည်း ပြောပြရမှာပေါ့ဗျာ။ **မြေကမ္ဘာနေ့ ကွန်ရက်**ဆိုတဲ့ အဖွဲ့အစည်းတစ်ခုက လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက **စိမ်းလန်းမြို့ကြီးများ လှုံ့ဆော်မှု**တစ်ခု လုပ်နေတယ်ဗျ။ သူတို့လုပ်ငန်းစဉ်ရဲ့ ရည်ရွယ်ချက်ကတော့ ကမ္ဘာ့မြို့ကြီးတွေမှာ မကုန်ခန်းနိုင်တဲ့ စွမ်းအင်တွေ ပိုမိုသုံးစွဲလာဖို့နဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ရပ်ပါတဲ့ဗျ"

"အဲဒီရည်ရွယ်ချက်တွေ ပေါက်မြောက်အောင်မြင်မယ်ဆိုရင် အဲဒီလို မြို့ကြီးတွေမှာ နေထိုင်သူတွေအနေနဲ့ သန့်လည်းသန့်ရှင်း၊ ကျန်းမာရေးနဲ့လည်း ညီညွတ်တဲ့အပြင် ကုန်ကျစရိတ်လည်း သက်သာတဲ့ လူနေမှုဘဝတွေကို ရနိုင်မယ်တဲ့ဗျ"

"စိတ်ဝင်စားစရာပဲနော်၊ အသေးစိတ်လေးလည်း သိသမျှပြောပြပါဦး"

"စိမ်းလန်းတဲ့မြို့ကြီးတွေဖြစ်လာဖို့ သူတို့က အဓိက အချက်ကြီးသုံးချက်ကို စူးစိုက်လုပ်ဆောင်တယ်တဲ့ဗျ။ အဲဒီအချက်သုံးချက်က စွမ်းအင်၊ အဆောက်အအုံတွေနဲ့ ပို့ဆောင်ရေးလို့ ဆိုတယ်။ စွမ်းအင်လို့ ဆိုရာမှာ လက်ရှိကမ္ဘာပေါ်မှာ အသုံးအများဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ နည်းလမ်းတွေက အလေအလွင့်များတဲ့အပြင် ပတ်ဝန်းကျင်လည်း ညစ်ညမ်းစေသတဲ့။ ဒါကြောင့်မို့ လက်ရှိဓာတ်အားထုတ်လုပ်တဲ့ စနစ်တွေကို ပုံစံပြောင်းပစ်ဖို့ လိုအပ်သလို မကုန်ခန်းနိုင်တဲ့ ပြန်ပြည့်မြဲ စွမ်းအင်ရင်းမြစ်တွေကို တဖြည်းဖြည်းပြောင်းလဲသုံးစွဲသွားရမယ်လို့ ဆိုတယ်ဗျ"

"ဒုတိယအချက်ဖြစ်တဲ့ အဆောက်အအုံလို့ဆိုရာမှာလည်း ကမ္ဘာပေါ်မှာရှိရှိသမျှ အဆောက်အအုံတွေထဲက သုံးပုံတစ်ပုံလောက်က ဖန်လုံအိမ်ဓာတ်ငွေ့တွေကို ထုတ်လွှတ်တယ်လို့ ဆိုပါတယ်။ စွမ်းအင်လေလွင့်မှုမရှိဘဲ အကျိုးရှိရှိအသုံးပြုနိုင်ဖို့အတွက် အဆောက်အအုံရဲ့ ဒီဇိုင်းတွေ ကောင်းမွန်ဖို့လိုပါတယ်။ ဥပမာအားဖြင့် နေရောင်ခြည် ပေါပေါများများရတဲ့ ကျွန်တော်တို့နိုင်ငံမှာ အဆောက်အအုံ တော်တော်များများက နေ့ခင်းဘက်ကြီး မီးထွန်းနေရတာမျိုးပေါ့။ **ဂရင်းဘေလ်ဒင်** လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေတဲ့ အဆောက်အအုံတွေ ဆောက်လုပ်လာအောင် ဥပဒေနဲ့လည်း ထိန်းကျောင်းပေးဖို့လိုပါတယ်။ ဂရင်းဘေလ်ဒင်တွေတည်ဆောက်တာဟာ ငွေကုန်ကြေးကျ ပိုနိုင်ပေမယ့် ရေရှည်မှာ အကျိုးအမြတ်ပိုများလာမှာ သေချာပါတယ်"

"ရှင်ပြောတဲ့ အချက်သုံးချက်ထဲက နောက်ဆုံးအချက်ဖြစ်တဲ့ ပို့ဆောင်ရေးကိုရော သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုလုပ်သင့်သလဲဆိုတာ ပြောပါဦး"

"ကမ္ဘာ့ရာသီဥတုကိုပြောင်းလဲစေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ အကြီးဆုံးအရင်းအမြစ်လည်းဖြစ်၊ လျင်လျင်မြန်မြန်လည်း ကြီးထွားလာနေတဲ့ အရင်းအမြစ်လည်းဖြစ်တဲ့အရာကတော့ လမ်းပေါ်မှာသွားနေတဲ့ ကားတွေပဲတဲ့ဗျ။ ကားတွေက ထုတ်လွှတ်လိုက်တဲ့ အခိုးအငွေ့တွေကနေ **စမော့ဂ်**လို့ခေါ်တဲ့ မီးခိုးမြူတွေဖြစ်လာတယ်။ လမ်းပေါ်မှာသွားနေတဲ့ကား အရေအတွက်လျှော့ချနိုင်ဖို့ ဘတ်စ်ကား၊ ရထားလို အများသုံးပို့ဆောင်ရေးစနစ် ကောင်းမွန်တိုးတက်လာပြီး လူတိုင်း စီးချင်လာအောင် လုပ်ပေးဖို့လိုတယ်တဲ့ဗျ။ ဒီ့အပြင် မြို့ထဲမှာ လွတ်လွတ်လပ်လပ် လွယ်လွယ်ကူကူ လမ်းလျှောက်သွားနိုင်ဖို့ ဒါမှမဟုတ် စက်ဘီးနဲ့ သွားနိုင်ဖို့ လူသွားစင်္ကြံတွေ၊ စက်ဘီးလမ်းတွေ တည်ဆောက်ပေးဖို့လိုတယ်လို့ ဆိုပါတယ်ဗျာ"

"ရှင်နဲ့စကားပြောရတာ ဗဟုသုတတိုးပွားပါတယ်။ အချိန်လည်း မနည်းတော့ဘူးဆိုတော့ ဈေးအမီပြေးရဦးမယ်"

"ဈေးချိန်လည်းမီ၊ အီကိုဖရန်းဒလီးလည်းဖြစ်အောင် ကျွန်တော် စက်ဘီးနဲ့ လိုက်ပို့ပေးမယ်လေ"

"တော်ပါတော့ ကိုပေတရာရယ်။ ကျွန်မဘာသာ ကျွန်မ လမ်းလျှောက်သွားတာ ကျန်းမာရေးလည်း ညီညွတ်၊ **အီကိုဖရန်းဒလီး**လည်း ဖြစ်တာပဲ မဟုတ်လား။ ကဲ. . . သွားလိုက်ဦးမယ်နော်"

"ဒါဆိုလည်း တာ့တာ၊ ဘိုင့်ဘိုင်ပဲပေါ့ မရွှေစာရေ. . ."

ပြောပြောဆိုဆိုနှင့်ပင် မရွှေစာ ဈေးဘက်သို့ ဆက်လက်ထွက်ခွာသွားစဉ် ကိုပေတရာ ပီတိမျက်နှာကြီးနှင့် ရင်တသိမ့်သိမ့်ခုန်ကာ ကျန်ရစ်လျက်။ ။

## ECONOMY Green GROWTH

## အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ် မလွဲမသွေပူးပေါင်းလျှောက်လှမ်း

အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်ကို မိမိတို့အားလုံး မလွဲမသွေပူးပေါင်းပြီး လျှောက်လှမ်းရတော့မှာ ဖြစ်ပါတယ်။ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍဟာ အလွန်အရေးကြီးလှပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC-2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ECONOMY Green GROWTH

**Notes -** (၁) စိမ်းတဲ့မြို့ကြီး=**Green City**၊ (၂) အီလက်ရှင်ကမ်ပိန်း=**Election Campaign**၊ (၃) အီကိုစီးတီး = **Eco-City**၊ (၄)မြေကမ္ဘာနေ့ကွန်ရက် = **Earth Day Network**၊ (၄) စိမ်းလန်းမြို့ကြီးများလှုံ့ဆော်မှု = **Green Cities Campaign**၊ (၅) ဂရင်းဘေလ်ဒင် = **Green Building**၊ (၆) စမော့ဂ် = **Smog**၊ (၇) အီကို ဖရန်းဒလီး = **Eco-Friendly**

# ယခုရက်ပိုင်းတွင် မြန်မာပြည်အထက်ပိုင်းသာယာမည်ဖြစ်သော်လည်း ရန်ကုန်၌ ထစ်ချုန်းမိုးရွာနိုင်ဟု ဒေါက်တာထွန်းလွင် ခန့်မှန်း

**မျက်မှောက်ကာလတွင် ကမ္ဘာကြီးပူနွေးမှုကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့နိုင်ငံအများအပြား ရင်ဆိုင်ကြုံတွေ့နေကြရသည်။**

**ကမ္ဘာ့ရွာကြီးထဲမှတစ်ရွာဖြစ်သော မြန်မာနိုင်ငံတွင်လည်း ယခုနောက်ပိုင်း ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။**

**သို့ဖြင့် လက်ရှိ မိုးရာသီအကုန်၊ ဆောင်းရာသီသို့ အကူးအပြောင်းကာလတွင် ဖြစ်ပေါ်ကြုံတွေ့နိုင်မည့် သဘာဝဘေးများနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်**



ဒေါက်တာထွန်းလွင်

**မေး။ လက်ရှိကာလ မိုးလေဝသရာသီဥတုအခြေအနေကို ရှင်းပြပေးပါရှင့်။**

ဖြေ။ လက်ရှိကာလ နိုဝင်ဘာလဆိုတာ မိုးမကုန်သေးဘူး။ မိုးလွန်ကာလဆိုတာ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာလကုန်အထိ နှစ်လကို မိုးလွန်ကာလခေါ်တယ်။ မိုးလွန်ကာလမှာ မုတ်သုံမိုးကတော့ မရှိတော့ဘူး။ ဒါပေမယ့် မုတ်သုံက ပြီးသွားပေမယ့် မပြီးသေးတဲ့ ဇာတ်လမ်းက မုန်တိုင်းတွေက ကျန်သေးတယ်။ ပြောချင်တာကတော့ မုန်တိုင်းတွေက စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလတို့မှာ ပိုဖြစ်တဲ့ သဘာဝရှိတယ်။ ပင်လယ်ရေမျက်နှာပြင်အပူချိန်က အမြင့်ဆုံးကိုရောက်တော့ မုန်တိုင်းဖြစ်တဲ့အကြိမ်တွေများတဲ့ကာလပါ။ ဒီတော့ သွားတိုက်ဆိုင်နေတယ်။ မုတ်သုံကအဆုတ်၊ မုန်တိုင်းက အတက်ပါ။

**မေး။ မိုးလွန်ကာလမှာ ဘယ်လိုရာသီဥတုဖြစ်စဉ်မျိုးဖြစ်တတ်ပါသလဲ။**

ဖြေ။ မိုးလွန်ကာလမှာ မြန်မာပြည်မှာ မုတ်သုံမိုးမရှိတော့သော်လည်း မိုးရွာနိုင်တဲ့ အကြောင်းတရားက လေးခုလောက်ရှိတယ်။ ပထမတစ်ခုက ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းဖြစ်သည်ဖြစ်စေ၊ လေဖိအားနည်းရပ်ဝန်းဖြစ်သည် ဖြစ်စေ၊ အဲဒီကနေ ထိုးထွက်လာတဲ့ တိမ်စွယ်တန်းတွေက မြန်မာပြည်ပေါ်ကို ဖြတ်ရင် မိုးရွာမယ်။ လက်ရှိ အဲဒါဖြစ်နေတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့အရှေ့ဘက်မှာ တောင်တရုတ်ပင်လယ်ရှိတယ်။ တောင်တရုတ်ပင်လယ်ဘက်က တိုင်ဖုန်းမုန်တိုင်းတွေကလည်း ဒီကာလမျိုးမှာ အများဆုံးဖြစ်တယ်။

တိုင်ဖုန်းမုန်တိုင်းတွေက တောင်တရုတ်ပင်လယ်ကနေပြီးတော့ ဗီယက်နမ်နိုင်ငံကို ဖြတ်တယ်။ အနောက်ဘက်ကလာပြီး မြန်မာပြည်ကိုဖြတ်ရင် မိုးရွာနိုင်တယ်။ မိုးနောက်ထပ်ရွာနိုင်တာတစ်ခုက မုတ်သုံက မြန်မာပြည်ကနေပြီး တောင်ဘက်ကို ထွက်သွားတဲ့အခါ အဲဒီမုတ်သုံလေရဲ့ ဟာသွားတဲ့နေရာကို ဟိမဝန္တာဘက်ကနေ အနောက်လေအေးစီးကြောင်းတွေက အစားထိုးဝင်လာတယ်။

ဒီလိုအချိန်မျိုးမှာ မြန်မာနိုင်ငံ မြောက်ဖျားကနေစပြီး မြန်မာနိုင်ငံအလယ်ပိုင်း တစ်ခါတလေ မြစ်ဝကျွန်းပေါ်လောက်ထိ လေအေးတွေနဲ့ ဖွဲ့စည်းပြီး အနောက်လေစီးကြောင်းတွေ ဖြတ်ဖြတ်တိုက်တယ်။ အထူးသဖြင့် မြောက်ပိုင်းနဲ့ အလယ်ပိုင်းကတော့ ပိုသေချာတယ်။ အဲဒီလိုဖြတ်တိုက်တဲ့ အနောက်လေစီးကြောင်းတွေထဲမှာ မျောပါလာတဲ့ လေဖိအားနည်းချိုင့်ဝှမ်းတို့၊ လေဖိအားနည်းရပ်ဝန်းတို့ အဲဒါတွေက မိုးပေးတယ်။ စတုတ္ထမိုးပေးနိုင်တာကတော့ ဆုတ်ခွာတဲ့ မုတ်သုံလေတွေ နေရာကို မြန်မာပြည်ပေါ်မှာရှိတဲ့ လေထုရဲ့အပေါ်ထပ်အမြင့်မှာ လေစီးကြောင်းတွေ တိုက်တယ်။ အဲဒီလေတွေက အများအားဖြင့် အနောက်လေတွေပါ။ အနောက်လေတွေထဲမှာ အေးတဲ့လေတွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် လေဖိအားနည်းရပ်ဝန်းတွေဖြစ်တတ်တယ်။ အဲဒီအခါကျရင် မိုးရွာတယ်။

အဲဒါကြောင့် မိုးရွာဖို့အကြောင်း လေးခုရှိတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ရင် မိုးရွာမယ်၊ တောင်တရုတ် ပင်လယ်ဘက်က မုန်တိုင်းအကြွင်းအကျန်ဝင်လာရင် ရွာမယ်၊ အနောက်လေစီးကြောင်းတွေကြောင့် မိုးရွာမယ်၊ အထက်လေစီးကြောင်းမှာဖြစ်တဲ့ လေဖိအားနည်းရပ်ဝန်းကြောင့် မိုးရွာမယ်။ ဒီ လေးမျိုးရှိနိုင်တယ်။ တစ်ခုကွာတာက မုတ်သုံကာလတုန်းကလို မိုးက နေ့တိုင်းအချိန်မှန် နေရာကျယ်ကျယ်ပြန့်ပြန့်ရွာတဲ့ မိုးမျိုးတော့ မဟုတ်ဘူး။ အခုပြောတဲ့ ဖြစ်စဉ်တွေ ဖြစ်လာပြီဆိုရင် မိုးရွာမယ်။ မဖြစ်ရင် မရွာဘူး။ အဲဒီသဘောရှိတယ်။

**မေး။ လက်ရှိ မုန်တိုင်းဖြစ်နိုင်၊ မဖြစ်နိုင်အခြေအနေ သိချင်ပါတယ်ရှင့်။**

ဖြေ။ လောလောဆယ်မှာ ဘင်္ဂလားပင်လယ်အော်ထဲမှာရော၊ အိန္ဒိယရဲ့ အနောက်ဘက်မှာရှိတဲ့ အာရေးဗီးယားပင်လယ်မှာရော မုန်တိုင်းဖြစ်ဖို့ အလားအလာတွေ လွန်ခဲ့တဲ့ တစ်ပတ်က ပြိုင်တူပေါ်လာတယ်။ လေဖိအားနည်းရပ်ဝန်းနှစ်ခုပေါ်လာတယ်။ ပေါ်လာတဲ့အခါ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ဘက်မှာဖြစ်တဲ့ လေဖိအားနည်းရပ်ဝန်းကတော့ ပိုမိုအားကောင်းနိုင်ခြင်းမရှိဘူး။ အာရေးဗီးယားပင်လယ်ထဲမှာဖြစ်တဲ့ လေဖိအားနည်းရပ်ဝန်းက နောက်တစ်ဆင့် မုန်တိုင်းငယ်၊ အဲဒီကနေ အပူပိုင်းမုန်တိုင်း၊ ဆိုင်ကလုန်း မုန်တိုင်း၊ အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး ဖြစ်နေပြီ။ ဒါ အိုမန်နိုင်ငံဘက်ကို သွားနေတယ်။

အဲဒီမှာဖြစ်နေတဲ့အရှိန်နဲ့ ဘင်္ဂလားပင်လယ်အော်မှာအားတော့ မကောင်းဘူး။ မုန်တိုင်းမဖြစ်ဘူးဆိုပေမယ့် လေဖိအားနည်းရပ်ဝန်းဖြစ်တယ်။ လေဖိအားနည်းရပ်ဝန်းက ဘယ်မှာရှိလဲဆိုတော့ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းခြေကမ်းလွန်နားမှာရှိတယ်။ အဲဒီလေဖိအားနည်းရပ်ဝန်းရှိတဲ့နေရာမှာ အလွန်ကြီးမားတဲ့ တိမ်တိုက်ကြီးတွေဖြစ်နေတယ်။ အဲဒီတိမ်တိုက်ကြီးတွေကနေပြီးတော့ အရှေ့မြောက်ဘက် မြန်မာနိုင်ငံဘက်ကို တန်းထွက်လာရင် တိမ်စွယ်တန်းခေါ်တယ်။ တချို့ကလည်း ဒါ လူတစ်ယောက်ရဲ့ဆံပင်အမောက်နဲ့တူတယ်။ အမောက်တိမ်လို့လည်း ခေါ်တယ်။

အင်္ဂလိပ်လို **Plume Cloud**။ အမောက်တိမ်က မြန်မာပြည်ကိုဖြတ်နေတာ တစ်ပတ်လောက်ရှိပြီ။ စောစောပိုင်းက ဘယ်ကိုဖြတ်လဲဆိုရင် မြန်မာနိုင်ငံ ခါးကနေ အလယ်ပိုင်းလောက်ကဖြတ်တော့ အနောက်ဘက်မှာ ရခိုင်မြောက်၊ ချင်းတောင်၊ စစ်ကိုင်းအောက်၊ မကွေး၊ မန္တလေး၊ ရှမ်း အဲဒီဧရိယာတွေ မိုးပေးနေတာ လွန်ခဲ့တဲ့ တစ်ပတ်အတွင်းက အများဆုံးပဲ။ အဲဒီတိမ်က တဖြည်းဖြည်းနဲ့ အောက်ဘက်ကို ဆင်းလာတယ်။ ဘယ်နေရာရောက်နေလဲဆိုတော့ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်အစပ်ရောက်နေတယ်။

အဲဒီဘက်မှာ တိမ်တွေတက်တယ်။ မိုးရွာဖို့ရှိတယ်။ အဲဒီလိုတွေ့ရတယ်။ ခြုံပြောရရင် မြန်မာတစ်ပြည်လုံးလောလောဆယ်မှာ အထက်ပိုင်းတွေက တဖြည်းဖြည်းလင်းလာတယ်။ အဲဒီမြစ်ဝကျွန်းပေါ် မြေလတ်ပိုင်းကစပြီး တောင်ပိုင်းမှာ တဖြည်းဖြည်း တိမ်တွေတက်လာတယ်။ မိုးရွာဖို့ သဘောတရားတွေရှိလာတယ်။ အောက်မှာရှိတဲ့ ရခိုင်တောင်ပိုင်း၊ မကွေးတိုင်းတောင်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးစတဲ့ အောက်မြန်မာပြည်မှာ တိမ်ဖုံးတာနဲ့ မိုးရွာဖို့ အလားအလာတွေ ဖြစ်နေတယ်။

**မေး။ အထွေထွေရွေးကောက်ပွဲကျင်းပမယ့် နိုဝင်ဘာလ ၈ ရက်နေ့ မိုးလေဝသအခြေအနေ ခန့်မှန်းချက်ကိုသိပါရစေ။**

ဖြေ။ လာမယ့် ရွေးကောက်ပွဲနေ့ နိုဝင်ဘာလ ၈ ရက်နေ့မှာ မိုးရွာသွန်းနိုင်တဲ့အနေအထားကို ကြည့်ရင် စောစောကပြောတဲ့အတိုင်း အထက်ပိုင်းမြို့တွေ မြစ်ကြီးနား၊ ကသာ၊ ကလေးဝ၊ စစ်ကိုင်း၊ မုံရွာ၊ မန္တလေး၊မကွေး၊ ရခိုင်၊ ဟားခါးအထိ ရာသီဥတုသာယာမယ်လို့ လောလောဆယ် အဖြေထွက်တယ်။ ဒါပေမယ့် စစ်တွေမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းမယ်။ ရခိုင်မှာ မိုးထစ်ချုန်းရွာနိုင်မယ်။

အောက်ပိုင်းမြို့ဖြစ်တဲ့ ရန်ကုန်မှာ မိုးထစ်ချုန်း ရွာနိုင်မယ်။ ပဲခူးက တိမ်လောက်ပဲဖြစ်မယ်။ ရှမ်းပြည်မြောက်ပိုင်းသာယာမယ်။ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးနဲ့ ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံတို့မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းမယ်။ ကယားပြည်နယ် လွိုင်ကော်၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ ကော့သောင်းတို့မှာ မိုးထစ်ချုန်းရွာမယ်လို့ အဖြေထွက်ထားတယ်။ ဒီခန့်မှန်းချက်က ဒီ ၃ ရက်နေ့ကို အခြေပြုပြီး ခန့်မှန်းထားတာဖြစ်ပါတယ်။ နောက်ပိုင်းတစ်ရက်ချင်း မိုးလေဝသထုတ်ပြန်ချက်ကတော့ နည်းနည်းပြောင်းလဲမှုရှိပါတယ်။ လောလောဆယ် အနေအထားကတော့ မြန်မာပြည်အောက်ပိုင်းဒေသတွေမှာ တိမ်အသင့်အတင့် ဖြစ်ထွန်းသလို မိုးထစ်ချုန်းရွာမှာလည်း ဖြစ်နိုင်တယ်။ အပေါ်ပိုင်းတွေက သာယာမယ်လို့ ခန့်မှန်းထားပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

---

# ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးတောင်သူများအား ပြန်လည်ထူထောင်ရေး ငါးသားပေါက်များထောက်ပံ့ပေးအပ်

**ညောင်တုန်း နိုဝင်ဘာ ၃**



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ရေကြီးနစ်မြုပ်ခဲ့သည့် ငါးမွေးတောင်သူများအား ဒုတိယအကြိမ် ကျန်ရှိနေသော ကျေးရွာအုပ်စုရှိ ငါးမွေးတောင်သူများအားလုံးသို့ ပြန်လည်ထူထောင်ရေးအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဝင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးမွေးတောင်သူများ ပြန်လည် ထူထောင်နိုင်ရေးအတွက် ကျေးရွာ ၁၅ အုပ်စုမှ ၁၀ အုပ်စုကို အောက်တိုဘာ ၂၁ ရက်က (ပထမအကြိမ်)ဇီးဖြူကျွန်းကျေးရွာ MBG စိုက်ပျိုးမွေးမြူရေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်၍ ယခုကျန်ရှိနေသော ကျေးရွာ ငါးအုပ်စုအား ဒုတိယအကြိမ်ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ငါးမွေးတောင်သူများ အချိန်မီ ပြန်လည်ထူထောင်နိုင်ရေးကို မိမိတို့ဌာနအနေဖြင့် အမြန်ဆုံးပြန်လည်ပေးခြင်းဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနမှူး ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲ ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် အခြားတာဝန်ရှိသူများက ကျန်ရှိနေသည့် ကျေးရွာအုပ်စု ငါးမွေးတောင်သူများအား တစ်အုပ်ချင်း ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သည်။

ယနေ့ ဒုတိယအကြိမ် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သော ကျေးရွာအုပ်စုများဖြစ်သည့် ဘုရားကုန်း၊ ဗျောသလန်း၊ အောက်ဆယ်၊ အရွဲနှင့် ကတုတ္တမကျေးရွာအုပ်စုများမှ ပျက်စီးဆုံးရှုံးသွားသည့် ငါးမွေးကန် ပမာဏ ၁၀၃၆၂ ဒသမ ၀၂ ဧကဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

---

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် ဇွန်မှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘဏ်များအသင်း (Myanmar Banks Association)က ငွေကျပ်သိန်း ၂၅၀ ကို နေပြည်တော်(ရုံးချုပ်)သို့ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အပြင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဌာနမှဦးစီး၍ နေပြည်တော်၌ ပြုလုပ်ခဲ့သောအခမ်းအနားတွင် Metlife အာမခံကုမ္ပဏီက လှူဒါန်းထားသည့် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို အလှူရှင်မှဘဏ်သို့ ပေးသွင်းရာတွင် အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့်ညီမျှသည့် မြန်မာငွေကျပ် ၆၄၁၈၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိ ငွေစာရင်းအမှတ် (OA-011834) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၌ အလက(၁၀) ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ တောင်ကြီးမြို့မှ လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို လက်ခံရရှိသည်။ သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေစုစုပေါင်းမှာ ၈၁၃၇၃၃၆၉၆၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၈၅၄၃၃ ဒသမ ၆၉ ဒေါ်လာ၊ ယွမ် ၅၀၀၀၀၊ ဂျပန်ယန်း ၁၈၀၄၀ ဖြစ်ပြီး လက်ခံရရှိသော အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဏိရတနာကျောင်းတိုက်ဆရာတော်ထံ ဘုရားဆင်းတုတော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့သို့ရောက်ရှိရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ဩဂုတ် ၆ ရက်တွင် ရောက်ရှိခဲ့စဉ်က ရေဘေးသင့်ဒေသခံပြည်သူများအား အားပေးစကားပြောကြားနေသည်ကို တွေ့ရစဉ်။ (ပြန်/ဆက်)

❒ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မြောက်ဦးမြို့သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အရိယာဝံသအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မြောက်ဦးမြို့ မဟာပညာကျော်စေတီတော် ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်တို့က မြောက်ဦးမြို့ မဏိရတနာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သောမထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မဏိရတနာကျောင်းတိုက်ဆရာတော်ထံ ရတနာစိန်ဖူးတော်၊ ဘုရားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလိုတော်ပြည့်ကျောင်းဆရာတော်ထံ ငှက်မြတ်နားတော်၊ ဘုရားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးများက လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အလိုတော်ပြည့်ကျောင်းဆရာတော်ထံ ဘုရားဆင်းတုတော် အဆူ ၅၀ နှင့် ဆိုလာမီးအိမ် ၅၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပရိသတ်များက အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော်ထံမှ တရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြကာ လက်ဆင့်ကမ်းပင့်ဆောင်ကြပြီး ပရိသတ်များက စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရတနာစိန်ဖူးတော်ကိုပင့်ဆောင်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ စေတီတော်အထွတ်တွင် တင်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဘူးရွက်မညိုးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရအား ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မဟာပညာကျော်စေတီတော်မှာ မြောက်ဦးမြို့ နန်းတော်ကုန်း၏ အနောက်ဘက် ကိုးတန့်စေ့စေတီ မြို့ဦးခေါင်းတောင်၏အောက်ဘက် မဟာပညာကျော် အိမ်တော်ရာကြီးအတွင်း၌ တည်ရှိသည်။

မဟာပညာကျော်အမတ်ကြီးသည် မြောက်ဦးခေတ် မင်းဗာဘုရင်လက်ထက်မှ မင်းရာဇာကြီးလက်ထက်အထိ မင်းတိုင်ပင်အမတ်ကြီးအဖြစ် ထင်ရှားခဲ့ပြီး ၎င်းနေထိုင်ခဲ့သော အိမ်တော်ရာဝင်းအတွင်း၌ ကောဇာသက္ကရာဇ်(၉၆၂)ခုနှစ် အေဒီ(၁၆၀၀)ပြည့် နှစ်တွင် မင်းရာဇာကြီးက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် ဩဂုတ် ၆ ရက်က မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိကိုယ်တိုင်လာရောက်ခဲ့ပါကြောင်း၊ ထိုအချိန်က ရေဘေးသင့်ပြည်သူများကို **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**



မြောက်ဦးဒေသ ရေဘေးသင့်ပြည်သူများနေထိုင်ရန် တည်ဆောက်ပေးထားသော ထမ္ဗရာဇ်ရွာသစ်မှ နေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

✱ စာမျက်နှာ ၈ မှ

ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် လတ်တလောကူညီထောက်ပံ့မှုများ ဆောင်ရွက်ရန်၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်နှင့် ရေရှည်တွင် မူလအနေအထားထက် ပိုမိုသာလွန်သည့်အခြေအနေကို တည်ဆောက်နိုင်ရန်အတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအကြိမ်တွင် လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် ထပ်မံလာရောက်ခြင်း ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး မိုးစပါးများကိုလည်း ရခိုင်နှုန်းပြည့်နီးပါး ပြန်လည်စိုက်ပျိုးနိုင်သည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။

ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံ၏ သုံးပုံတစ်ပုံခန့်သည် သဘာဝဘေးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရကြောင်း၊ သို့သော် အစိုးရ၊ တပ်မတော်နှင့် စေတနာရှင်ပြည်သူများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် မူလအခြေအနေနီးပါး ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရန်၊ အနာဂတ်တွင် သဘာဝဘေးဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် လိုအပ်သည့် အစီအမံများကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် မိမိတို့အစိုးရတာဝန်ယူခဲ့သည်မှာ ငါးနှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့်သက်တမ်းတွင် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ စနစ်တစ်ခုမှ လုံးဝကွဲပြားခြားနားသည့် နိုင်ငံရေးစနစ်တစ်ခုသို့ ပြောင်းလဲဆောင်ရွက်ရာတွင် ခြေလှမ်းတိုင်း၊ အဆင့်တိုင်းကို သတိထားပြီး ဆောင်ရွက်ခဲ့သဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သွေးထွက်သံယိုမရှိဘဲ တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာအတွက် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲလွန်ကာလများတွင် မတည်ငြိမ်မှုများဖြစ်ပွားပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ထိခိုက်မည်ကို ပြည်တွင်း ပြည်ပမှ စိုးရိမ်ပူပန်မှုများရှိနေကြောင်း။

ထို့ကြောင့် နိုင်ငံတကာမှ အကဲခတ်လေ့လာသူ တစ်ထောင်ကျော်နှင့် ပြည်တွင်းမှ အကဲခတ်လေ့လာသူ ကိုးထောင်ကျော် စုစုပေါင်း တစ်သောင်းခန့်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ကြမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့၏ အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီမိုကရေစီအလေ့အကျင့်နှင့် အတွေ့အကြုံနည်းပါးမှုအပေါ် ယုံကြည်မှုအားနည်းနေ၍ ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့်ရွေးကောက်ပွဲကို လုံခြုံအေးချမ်းစွာ ကျင်းပနိုင်ရန်နှင့် လွတ်လပ်ပြီးတရားမျှတမှုရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အစိုးရကလည်း အစွမ်းကုန်ကူညီပံ့ပိုးပေးမည်ဖြစ်ရာ ပြည်သူများကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က မြောက်ဦးခရိုင်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအား CB KMA Foundation မှ မြောက်ဦးမြို့နယ်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌက မြောက်ဦးမြို့နယ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြောက်ဦးဒေသရေဘေးသင့်ပြည်သူများနေထိုင်ရန် CB KMA Foundation မှ တည်ဆောက်ပေးခဲ့သည့် ထမ္မရာဇ်ရွာသစ်မှ နေအိမ်များကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ရေဘေးကြောင့်ပျက်စီးခဲ့သည့် မြောက်ဦး အခြေခံပညာအလယ်တန်းကျောင်းဆောင် ပြန်လည်ပြုပြင်ထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မင်းပြားမြို့သို့ ရောက်ရှိကြရာ မြို့တွင်းလမ်းတစ်လျှောက်၌ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မင်းပြားမြို့နယ် ရာမောင်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက နိုင်ငံတစ်ဝန်းလုံး၌ သဘာဝဘေးဒဏ်ကျရောက်ခဲ့မှုအခြေအနေနှင့် ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မင်းပြားမြို့သို့ ဒုတိယအကြိမ် လာရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကူညီပံ့ပိုးပေးမည့်အခြေအနေ၊ နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အေးချမ်းလုံခြုံစွာ မဲဆန္ဒပေးနိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရန် လိုအပ်သည့်အခြေအနေ၊ အစိုးရသက်တမ်းငါးနှစ်အတွင်း ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မိမိတို့နှင့်တစ်ချိန်တည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းများ စတင်ခဲ့သည့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားပြီး သွေးချောင်းစီးနေသည့်အခြေအနေများ၊ မိမိတို့၏ တည်ငြိမ်အေးချမ်းစွာဖြင့် အသွင်ကူးပြောင်းနိုင်ခဲ့သည့် အခြေအနေသည် နိုင်ငံနှင့် ပြည်သူများအတွက် ငြင်းဆန်၍မရသည့် အောင်မြင်မှုများဖြစ်၍ ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မင်းပြားမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေပွိုင့်သို့သွားရောက်ကြပြီး ပွိုင့်ကမ်းခြေအား နိုင်ငံတကာအဆင့်မီ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုကာ အပန်းဖြေလျက်ရှိကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ဒေသခံရခိုင်တိုင်းရင်းသား ဗိသုကာပညာရှင် ဦးထွန်းကျော်က ပွိုင့်ကမ်းခြေ ပြန်လည်ပြုပြင်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ပွိုင့်ကမ်းခြေနေရာကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဇွန်လမှစတင်၍ ငွေကျပ်သိန်း ၂ သောင်း အသုံးပြုပြီး ရခိုင်ရိုးရာယဉ်ကျေးမှုနှင့် နိုင်ငံတကာအဆင့်မီ ပညာရပ်များဖြင့် ပေါင်းစပ်ပြုပြင်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩဂုတ် ၆ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့၊ မြောက်ဦးမြို့နှင့် မင်းပြားမြို့များသို့လည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် ဘူးသီးတောင်မြို့နှင့် ရသေ့တောင်မြို့များသို့ လည်းကောင်း သွားရောက်ခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း'ကိုမန်'ရိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများဖြစ်ပွားခဲ့သဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး၍ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ချမှတ်၍ မူလအနေအထားထက် ပိုမိုသာလွန်သည့် အခြေအနေရရှိနိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မြောက်ဦးမြို့ ဒေသခံပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



မြောက်ဦးမြို့ မဟာပညာကျော်စေတီတော် ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# မြန်မာ့လက်ရွေးစင်အသင်း ယူ-၂၃ အသင်းကို ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ် ဖိတ်ခေါ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၆နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ယူ-၂၃ အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာယူ-၂၃ အသင်းမှာ လက်ရွေးစင်အသင်းထက် ကစားပုံပိုကောင်းကာ သိန်းဇော်၏ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ကစားသမားအစုံအလင်လေ့ကျင့်နိုင်ခြင်း မရှိသေးသည့် ဂတ်ဖရိုင်းဒရစ်၏ မြန်မာ့လက်ရွေးစင်အသင်းမှာ ပုံစံကောင်းမရသေးဘဲ ပွဲဦးထွက်ပွဲ၌ ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ယခုခြေစမ်းပွဲတွင် ကစားသမားများ၏ ခြေစွမ်းကို အဓိက စမ်းသပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြသစ် ဂတ်ဖရိုင်းဒရစ်မှာ ကျော်ဇင်ဖြိုး(ဂိုး)၊ ဟိန်းသီဟဇော်၊ ဇော်လင်း၊ ဇော်မင်းထွန်း၊ သက်နိုင်၊ ရဲကိုဦး၊ ရန်အောင်ကျော်၊ လှိုင်းဘိုဘို၊ ကျော်ကိုကို၊ နန္ဒကျော်၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့ပြီး မြန်မာ ယူ-၂၃ အသင်းမှာလည်း သန်းပိုင်၊ မောင်မောင်လွင်၊ မောင်မောင်စိုး၊ ထိုက်ထိုက်အောင်၊ ရန်နိုင်ဦးတို့ဖြင့် လူစုံနီးပါးအသုံးပြုခဲ့သည်။ ယခုခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကစားခဲ့ခြင်းဖြစ်ပြီး မြန်မာဘောလုံးပရိသတ်အချို့ လာရောက်အားပေးခဲ့သည်။

ပထမပိုင်းတွင် လက်ရွေးစင်အသင်းက ခြေသာခဲ့သော်လည်း ယူ-၂၃ ကစားသမားများ၏ လျင်မြန်မှုကို မထိန်းနိုင်၍ အခွင့်အရေးများပေးခဲ့ရသည်။ ယူ-၂၃ အသင်းမှ သန်းပိုင်နှင့် မောင်မောင်စိုးတို့ အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ လက်ရွေးစင်အသင်း သက်သာရာရခဲ့သည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် နှစ်သင်းစလုံး တစ်သင်းလုံးနီးပါး လူစားလဲခဲ့သည်။ ဒုတိယပိုင်းအစတွင် ယူ-၂၃ အသင်းအနိုင်ရခဲ့ပြီး ပြစ်ဒဏ်ဘောမှတစ်ဆင့် သိန်းဇော်က ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ တတိယပိုင်းတွင် လက်ရွေးစင်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးအချို့ အသုံးမချနိုင်ခဲ့၍ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# ဝေဖန်ခံနိုင်တယ်၊ အပြောမလွတ်နိုင်ပါ

မိုးထိအောင်

အရင်တစ်ပတ်က Daily Eleven သတင်းစာမှာ ဆောင်းပါးတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ ဆောင်းပါးရှင် ကျော်ဇောလင်းရဲ့ "နောက်သက်တမ်းအတွက် စဉ်းစားမယ်ဆိုရင် ဒီကိန်းဂဏန်းတွေကို တာဝန်ယူရလိမ့်မယ် (၁) နှင့် (၂)"ဆိုတဲ့ ဆောင်းပါးပဲဖြစ်တယ်။ ဒီဆောင်းပါးဟာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ယူပြီး နောက်ပိုင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ တစ်စထက်တစ်စ ပိုမိုမြင့်တက်လာကြောင်း၊ ငါးနှစ်တာအတွင်း ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားလာကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါးလာကြောင်းနဲ့ စီးပွားရေးမပြေလည်မှုတွေရဲ့ အကျိုးဆက်အဖြစ် အိမ်နီးချင်းနိုင်ငံတွေမှာ မြန်မာအမျိုးသမီးတွေ အပျော်မယားအဖြစ် တင်ပို့ခံရတယ် စတဲ့အကြောင်းတွေကို အစိုးရကို သိက္ခာချရေးသားထားတာတွေကို ဖတ်လိုက်ရပါတယ်။

တော့ နိုင်ငံအနှံ့အပြားမှာ မိုးကြီးပြီး ရေကြီးရေလျှံမှုတွေဖြစ်ပွားခဲ့တဲ့အတွက် ခန့်မှန်းထားတာထက် ၂ ရာခိုင်နှုန်းလောက် လျော့ပါးမှာ ဖြစ်ပါတယ်။ အမှန်တကယ်တော့ ၄ နှစ်တာကာလမှာ ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်းနဲ့ တိုးတက်ခဲ့တယ်ဆိုတာ နည်းတဲ့တိုးတက်မှုနှုန်း မဟုတ်ပါဘူး။ အရှေ့အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ တိုးတက်မှုနှုန်းနဲ့နှိုင်းယှဉ်ရင် မြင့်မားတဲ့တိုးတက်မှုနှုန်းဖြစ်ပါတယ်။ ကမ္ဘာ့တိုးတက်မှုနှုန်းဟာ ၂၀၁၅ ခုနှစ်မှာ ၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားတဲ့အတွက် တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ဆိုရင်လည်း မြန်မာနိုင်ငံရဲ့ တိုးတက်မှုနှုန်းဟာ မြင့်မားတာကို တွေ့ရှိရပါတယ်။ **၂၀၁၅ ခုနှစ်မှာ ရေကြီးရေလျှံမှုတွေကြောင့် တိုးတက်မှုနှုန်း အနည်းငယ်ကျဆင်းခဲ့ပေမယ့်လည်း ၂၀၁၆ ခုနှစ်မှာ တိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၈ ဒသမ ၅ ရာခိုင်နှုန်း ဆက်လက်တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။** ဒီလိုတိုးတက်ခန့်မှန်းတာတွေဟာ ဆိုရင် မြန်မာနိုင်ငံမှာ ဆက်လက်တိုးတက်မယ့် အလားအလာတွေ၊ မျှော်မှန်းချက်တွေ ရှိနေလို့ပဲဆိုတာ ဘယ်သူမှ မငြင်းနိုင်တဲ့ အမှန်တရားတွေ ဖြစ်ပါတယ်။

| စဉ် | ခုနှစ် | ရည်မှန်းချက် (တိုးတက်မှုနှုန်း) | အကောင်အထည်ဖော်နိုင်မှု (တိုးတက်မှုနှုန်း) |
|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၆.၀ | ၅.၆ |
| ၂ | ၂၀၁၂-၂၀၁၃ | ၆.၇ | ၇.၃ |
| ၃ | ၂၀၁၃-၂၀၁၄ | ၈.၉ | ၈.၄ |
| ၄ | ၂၀၁၄-၂၀၁၅ | ၉.၁ | ၈.၇ |
| ၅ | ၂၀၁၅-၂၀၁၆ | ၉.၃ | - |
| | ပျမ်းမျှတိုးတက်မှုနှုန်း | ၈.၀ | ၇.၅ (၄ နှစ် ပျမ်းမျှ) |

ဒီဆောင်းပါးကိုဖတ်ရှုပြီး ရလိုက်တဲ့ အတွေးကတော့ **"မပြည့်ဝတဲ့ ဗဟုသုတဟာ တော်တော်အန္တရာယ်များတယ်. . . Little knowledge is very dangerous."** ဆိုတာပဲဖြစ်တယ်။ နိုင်ငံတော်သမ္မတကို သိက္ခာချချင်တော့လည်း အဆိုးကွက်လေးတွေကို ရှာကြံပြောရတာပေါ့လေ။ နိုင်ငံတော်သမ္မတနေရာမှာ ဘယ်သူပဲရှိနေနေ ဒီလိုအခြေအနေမျိုး ကြုံရလိမ့်မယ်လို့ ပြောချင်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနှုန်းတွေကို နှစ်အလိုက်ကြည့်မယ်ဆိုရင် ပြီးခဲ့တဲ့ ၄ နှစ်တာကာလမှာ ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့တာ တွေ့ရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ တိုးတက်မှုနှုန်း ၉ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မယ်လို့ ခန့်မှန်းခဲ့ပေမယ့် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့တယ်။ ၂၀၁၅-၁၆ ခုနှစ်မှာ

မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်တင်ပို့နိုင်တဲ့ ပမာဏနဲ့စာရင် သွင်းကုန်ပမာဏ ပိုမိုများပြားသည်နှင့်အညီ ကုန်သွယ်မှုလိုငွေ တိုးတက်လာပြန်ပါတယ်။ သွင်းကုန်တိုး၍ ဒေါ်လာဝယ်လိုအား တိုးမြင့်ပြီး ကျပ်ငွေတန်ဖိုး ကျဆင်းလာကာ သွင်းကုန်ပစ္စည်းအမျိုးအစားဈေးနှုန်းများ မြင့်တက်လာတယ်။ ဝန်ထမ်းတွေရဲ့ လုပ်ခလစာတိုးမြင့်ပေးခြင်းတွေကလည်း ကုန်ဈေးနှုန်းမြင့်တက်မှုအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ ခန့်မှန်းချက်အရ မြန်မာနိုင်ငံရဲ့ တိုးတက်မှုနှုန်းကို ရေဘေးမတိုင်ခင်မှာ ၂၀၁၅-၁၆ ခုနှစ်တွေမှာ ၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး ရေဘေးဖြစ်ပွားပြီးအချိန်မှာ ၆ ဒသမ ၅ ရာခိုင်နှုန်းလို့ ခန့်မှန်းခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ကလည်း အလားတူခန့်မှန်းခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေရဲ့ အရှိန်အပေါ်မူတည်ပြီး သူတို့ရဲ့ ခန့်မှန်းချက်တွေကို ပြန်လည်သုံးသပ်မယ်လို့ သိရှိရပါတယ်။ ၆ ဒသမ ၅ ရာခိုင်နှုန်းကို ကျသွားတယ်လို့ ဖြစ်သည့်တိုင်အောင် တိုးတက်မှုနှုန်းသည် အခြားသောအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြင့်မားနေဆဲဖြစ်ပါတယ်။

**ဖွံ့ဖြိုးခါစ နိုင်ငံတိုင်း ငွေဖောင်းပွမှု အတွေ့အကြုံကို ခံစားရတယ်။**

ဖွံ့ဖြိုးခါစ နိုင်ငံတိုင်းရဲ့အတွေ့အကြုံအရ လေ့လာကြည့်လိုက်ပါ။ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မက္ကဆီကို အစရှိသဖြင့်ပေါ့။ ၂၀၀၄ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ်ကြားမှာ ဗီယက်နမ်နိုင်ငံရဲ့ **ငွေဖောင်းပွမှုနှုန်းဟာ သိသာစွာမြင့်တက်ခဲ့ပြီး ၂၀၀၈ ခုနှစ်ကုန်ပိုင်းမှာ ငွေဖောင်းပွမှုနှုန်းဟာ ၂၅ ရာခိုင်နှုန်းကျော် ရှိခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာလည်း ဖွံ့ဖြိုးကာစအချိန် ၁၉၉၇ ခုနှစ် ဝန်းကျင်မှာ အာရှဘဏ္ဍာရေးအကျပ်အတည်းနဲ့အတူ ငွေဖောင်းပွမှုတွေ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပါတယ်။ တင်းကြပ်တဲ့ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒတွေနဲ့ ကိုင်တွယ်လိုက်တော့ ပြန်ထိန်းနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငွေဖောင်းပွမှုက အဲဒီလောက် မဆိုးသေးပါဘူး။** မြန်မာနိုင်ငံရဲ့ ငွေဖောင်းပွမှုနှုန်းက ရေဘေးအန္တရာယ်မကြုံခင်ကဆိုရင် ဒီလောက်မတက်ခဲ့ပါဘူး။ ၂၀၀၆ ခုနှစ် အခြေခံနှစ်ကို ယူတွက်တာတောင် ၂၀၁၃ ခုနှစ်မှာ ပျမ်းမျှ ငွေဖောင်းပွမှုနှုန်းက ၂ ဒသမ ၈၅ ရာခိုင်နှုန်းအထိပဲ ရှိခဲ့ပါတယ်။ ဒါပေမယ့် လစာတွေ တိုးခဲ့တာကြောင့်ရယ်၊ အိမ်ခြံမြေဈေးနှုန်းတွေ တက်လာခဲ့တာကြောင့်ရယ် ၂၀၁၃-၁၄ ခုနှစ်မှာ ပျမ်းမျှငွေဖောင်းပွမှုနှုန်းက ၅ ဒသမ ၇၂ ရာခိုင်နှုန်း၊ ၂၀၁၄-၁၅ မှာ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တယ်။ ရေဘေးမတိုင်ခင်က ၆ ရာခိုင်နှုန်းကျော်ကျော်သာရှိခဲ့ပေမဲ့ ရေဘေးကျရောက်အခါ ၈ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ဂဏန်းနှစ်လုံး (two digit) အနားရောက်လာတာ ဖြစ်တဲ့အတွက် ဒါကို ထိန်းသိမ်းဖို့ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်တယ်။

**ဘာဖြစ်လို့ ငွေဖောင်းပွမှု ဖြစ်တာလဲဆိုရင် ပြည်ပကရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာကတစ်ကြောင်း၊ လည်ပတ်နေတဲ့ ငွေကြေးပမာဏတွေ များလာတာကတစ်ဖုံ၊ အရောင်းအဝယ်တွေကြောင့် ငွေကြေးလည်ပတ်မှုအရှိန်တွေ မြန်လာတာကတစ်မျိုး ဒီလိုကိစ္စတွေကြောင့် ငွေဖောင်းပွမှုကို ပိုပြီးအားပေးရာရောက်ပါတယ်။ အချို့ကလည်း လိုအပ်လို့ဝယ်ယူတာမျိုးထက် ဈေးကစားလိုတဲ့၊ အမြတ်ရယူလိုတဲ့စိတ်နဲ့ ဝယ်ယူမှုတွေကျတော့ ဈေးကွက်ကို ပျက်စီးစေနိုင်ပါတယ်။**

အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်းပါပဲ ငွေလဲလှယ်နှုန်းကို တရားဝင်ငွေလဲနှုန်း၊ ပြင်ပ ငွေလွှဲနှုန်း၊ စာရင်းလွှဲပြောင်းသည့်နှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအမျိုးမျိုး ဖြစ်ပေါ်နေရာမှ တစ်ခုတည်းသော ငွေလဲလှယ်နှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလမှာ ကူးပြောင်းခဲ့တဲ့ ကူးပြောင်းမှုဟာ အခြားနိုင်ငံတွေမှာလို မေခရိုစီးပွားရေးအပေါ် ထိခိုက်မှုမရှိဘဲ ဘယ်လောက်ထိ ညင်သာစွာ ကူးပြောင်းနိုင်ခဲ့တယ်ဆိုတာကို ဂရုပြုမိကြမယ်ထင်ပါတယ်။

**နောက်ပြီး ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နဲ့ ဩဂုတ်လတို့မှာ အဓိက စိုက်ပျိုးထုတ်လုပ်တဲ့ ဒေသတော်တော်များများမှာ ရေဘေးဒုက္ခ ကြုံတွေ့လိုက်ရတဲ့အခါ စားသောက်ကုန်စည်တွေ ဈေးနှုန်းတက်လာတာကြောင့် ငွေဖောင်းပွမှုကို ပိုပြီးတွန်းအားပေးခဲ့ပါတယ်။** နိုင်ငံအနှံ့အပြားမှာ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် အထွက်နှုန်းလျော့ကျတာ၊ ရေကြီးရေလျှံမှုကြောင့် တံတားတွေ၊ ကားလမ်းနဲ့ ရထားလမ်းတွေ ပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်သွားတာကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ခဲ့တဲ့အတွက် အခြေခံစားကုန်နဲ့ ကုန်ကြမ်းဈေးနှုန်း မြင့်တက်လာခဲ့တယ်။ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲတဲ့အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာခဲ့တယ်။ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ အခက်အခဲကို အသုံးချပြီး ကုန်သည်တွေရဲ့ ဈေးကစားမှုကလည်း ကုန်ဈေးနှုန်းမြင့်တက်ရခြင်းရဲ့ အကြောင်းရင်းတစ်ရပ်ဆိုတာ နားလည်သဘောပေါက်သင့်ပါတယ်။

**ငွေဖောင်းပွမှုတိုင်းက ကြောက်စရာတော့ မဟုတ်ပါဘူး။ ငွေဖောင်းပွမှုရှိနေတဲ့အချိန်မှာလည်း နိုင်ငံကို တိုးတက်အောင် လုပ်လို့ရပါတယ်။ ဝင်ငွေတိုးတက်မှုနှုန်းဟာ** ငွေဖောင်းပွမှုနှုန်းထက်များရင် အေးဆေးပါပဲ။ Growth with inflation ဆိုတဲ့ သဘောတရားပဲဖြစ်တယ်။ ငွေဖောင်းပွမှုနှုန်းကို တွက်ချက်တဲ့နေရာမှာလည်း အစားအသောက်ကုန်စည်များ (Food Items) သာမက အခြားလူ့အသုံးအဆောင်ပစ္စည်း၊ ဝန်ဆောင်မှုတွေ (Non-Food Items) ကိုလည်း ကောက်ခံရတယ်။ ဘယ်နှစ်ကို အခြေခံနှစ်အဖြစ် ယူထားသလဲ။ ဒါကိုလည်း ကြည့်တတ်ရမယ်။ မြို့ကြီးတွေတင် ကိုယ်စားပြုတာမဟုတ်ဘဲ အခြားမြို့တွေ၊ ဒေသတွေကိုလည်း ထည့်တွက်မှ တစ်ပြည်လုံးအတိုင်းအတာကို ကိုယ်စားပြုတာလေ။ ရန်ကုန်မှာသာ ဈေးတွေ စွတ်တက်နေပြီး နယ်တွေမှာ ပုံမှန်ပဲဖြစ်နေတဲ့ အနေအထားတွေကိုလည်း တွေ့နေရတယ်။

ကုန်သွယ်မှုအနေနဲ့ မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်လာတဲ့အတွက် ယခင်ကထက် နှိုင်းစာရင် သွင်းကုန်တင်သွင်းမှု ကန့်သတ်ချက်များ လျှော့ချပြီး လွတ်လပ်စွာ ကုန်သွယ်မှုပြုလုပ်ခွင့် ရှိလာပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်တင်ပို့နိုင်တဲ့ ပမာဏနဲ့စာရင် သွင်းကုန်ပမာဏ ပိုမိုများပြားသည်နှင့်အညီ ကုန်သွယ်မှုလိုငွေ တိုးတက်လာပြန်ပါတယ်။ သွင်းကုန်တိုး၍ ဒေါ်လာဝယ်လိုအား တိုးမြင့်ပြီး ကျပ်ငွေတန်ဖိုး ကျဆင်းလာကာ သွင်းကုန်ပစ္စည်းအမျိုးအစားဈေးနှုန်းများ မြင့်တက်လာတယ်။ ဝန်ထမ်းတွေရဲ့ လုပ်ခလစာတိုးမြင့်ပေးခြင်းတွေကလည်း ကုန်ဈေးနှုန်းမြင့်တက်မှုအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။

အခြေခံကုန်ဈေးနှုန်းများ မြင့်တက်တယ်ဆိုတဲ့နေရာမှာ နိုင်ငံကို ဦးဆောင်ဦးရွက်ပြုနေသူ တစ်ဦးတစ်ယောက်တည်းနဲ့ပဲ သက်ဆိုင်တာမဟုတ်၊ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ မူဝါဒချမှတ်ဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကဲ့သို့ ကြိုတင်မခန့်မှန်းနိုင်တဲ့ အခြေအနေ၊ အမေရိကန်ဒေါ်လာသုံးတဲ့ အခြားနိုင်ငံတွေရဲ့ ဘဏ္ဍာရေးမူဝါဒ စသဖြင့် အခြေအနေအရပ်ရပ်အားလုံးနဲ့ သက်ဆိုင်ပါတယ်ဆိုတာသိရင် ကောင်းပါလိမ့်မယ်။ ဒါ့ကြောင့် "နောက်သက်တမ်းအတွက် စဉ်းစားမယ်ဆိုရင် ဒီကိန်းဂဏန်းတွေကို တာဝန်ယူရလိမ့်မယ်" လို့ပြောရင် ရဲရဲကြီးတာဝန်ယူပါကြောင်း ပြောကြားလိုပါတယ်။ ။

| Country | 2015 f | Country | 2016 f | Country | 2017 f |
|---|---|---|---|---|---|
| PNG | 12.3 | Turkmenistan | 8.9 | Turkmenistan | 9.2 |
| Ethiopia | 8.7 | Bhutan | 8.4 | Bhutan | 8.6 |
| Turkmenistan | 8.5 | Mozambique | 8.2 | Myanmar | 8.5 |
| DRC | 8.4 | Ethiopia | 8.1 | Chad | 8.1 |
| Côte d'Ivoire | 8.2 | Lao P.D.R. | 8.0 | Mozambique | 7.9 |
| Myanmar (pre-floods, WB) | 7.8 | Myanmar | 7.8 | Ethiopia | 7.6 |
| Bhutan | 7.7 | Côte d'Ivoire | 7.6 | India | 7.5 |
| Lao P.D.R. | 7.5 | India | 7.5 | Lao P.D.R. | 7.5 |
| India | 7.3 | DRC | 7.3 | Côte d'Ivoire | 7.4 |
| Mozambique | 7.0 | Cambodia | 7.2 | Cambodia | 7.2 |
| Cambodia | 7.0 | Tanzania | 7.0 | Tanzania | 7.0 |
| Chad | 6.9 | Uzbekistan | 7.0 | DRC | 6.8 |
| Tanzania | 6.9 | China | 6.3 | Uzbekistan | 6.7 |
| China | 6.8 | Chad | 4.2 | China | 6.0 |
| Uzbekistan | 6.8 | PNG | 3.0 | PNG | 3.1 |
| Myanmar (post-floods, WB) | 6.5 | | | | |

Real GDP growth forecast 2015/16

**ဇာစ်မြစ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့**

# စဉ်းစားတွေးခေါ်တတ်ဖို့ သိပ္ပံစာပေများများဖတ်ဖို့ လိုတယ်လို့ ပြောချင်တာပါ

ဆရာကျော်ဦး

**၂၀၁၄ ခုနှစ်အတွင်း အမျိုးသားစာပေဆုရ သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုတွင် "ဝါး" (မြန်မာမြင့်စာပေတိုက်) ရေးသားသည့် ဆရာရတနာစိုးနှင့် သုတပဒေသာ (ရိုးရိုးသိပ္ပံ)စာပေဆုတွင် "စွမ်းအင်နှင့် ဝန်းကျင်"(ပါရမီစာပေ)ရေးသားသည့် ဆရာကျော်ဦးတို့ကို ဆက်လက်သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဆရာရတနာစိုး**

ကျွန်တော် "ဝါး"စာအုပ်ရေးတာ ပထမဆုံးပါ။ ဒီစာအုပ်ရေးဖြစ်တာက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ဝါးကိုစီးပွားဖြစ် စိုက်ပျိုးနိုင်အောင် ရည်ရွယ်ပြီးရေးဖြစ်တာပါ။ စာအုပ်ရေးဖြစ်ဖို့အတွက် အချိန်လေးနှစ်လောက်ယူပြီး ပြည်တွင်း၊ ပြည်ပမှာလေ့လာခဲ့ရပါတယ်။ "ဝါး" စာအုပ်ဖြန့်ချိတဲ့အချိန်မှာ အရောင်းရဆုံး ၁၀ အုပ်မှာ ပထမရခဲ့လို့ ပီတိဖြစ်ခဲ့ရသလိုခုလို အမျိုးသားစာပေဆုပါရခဲ့တဲ့အတွက် အတိုင်းမသိပါပဲ။ နိုင်ငံတော်က အချိန်ယူပြီး စနစ်တကျရွေးချယ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။



ဆရာရတနာစိုး။

"ဝါး" အကြောင်းစာအုပ်ထုတ်ဝေပြီးနောက်ပိုင်းမှာ ကျွန်တော့်ဆီကို NGO အဖွဲ့တွေ စိတ်ဝင်စားသူတွေက ဝါးအကြောင်းလာဆွေးနွေးကြတယ်။ အထူးသဖြင့် အင်းလေးကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး NGO နှစ်ဖွဲ့လာတယ်။ ဆွေးနွေးတယ်။ ကျွန်တော်ကလည်း ဝါးမျိုးတွေကို အခမဲ့ပေးတယ်။ နောက်ဝါးအကြောင်းနဲ့ ပတ်သက်တဲ့ အသိပညာပေးတွေလုပ်တယ်။ ဝါးပျိုးဥယျာဉ် လုပ်ထားတယ်။ ရှမ်းပြည်တောင်ပိုင်းဆိုရင် ဝါးမျိုးတွေကို အခမဲ့ပေးတယ်။ လက်ရှိဝါးပျိုးဥယျာဉ်ကို ဖောင်ကြီးနဲ့ ပြင်ဦးလွင်မှာလုပ်ထားတယ်။ အဓိကတော့ ဝါးစိုက်ပျိုးတာက ဝင်ငွေလည်းကောင်းပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်လို့ အသိပညာပေးပွဲတွေကို ကျေးလက်တွေဆင်းပြီး အခမဲ့လုပ်ပေးနေတာပါ။ နောက်ပိုင်း ဝါးပညာပေးစခန်းလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ပြည်သူလူထု အကျိုးပြုဖြစ်မယ့် စာအုပ်တွေထပ်ရေးနေပါတယ်။ "မှိုနဲ့လူသား" စာအုပ် မကြာခင်ထွက်မှာပါ။ မှိုရဲ့ သဘာဝအဆိပ်အတောက်၊ ရောဂါကြီးတွေ ကာကွယ်နိုင်ပုံတို့ကို လူသားအကျိုးပြု ရေးသားထားပါတယ်။

ဆရာရတနာစိုး၏ အမည်အရင်းမှာ ဦးတင်မောင်စိုးဖြစ်ပြီး ၁၉၄၈ ခုနှစ်တွင် အဘ ဦးတင့်-အမိ ဒေါ်သန်းကြည်တို့က မန္တလေးမြို့တွင် မွေးဖွားသည်။ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့(ရုက္ခဗေဒ)ဖြင့် ၁၉၇၀ ခုနှစ်က ဘွဲ့ရပြီး ၁၉၇၂ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၄၃)တွင် တက်ရောက်ကာ ဒုဗိုလ်မှ ဗိုလ်မှူးအဆင့်ထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သလို နိုင်ငံပိုင်ရာသီသီးနှံစိုက်ကွင်းများနှင့် စက်ရုံများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စီမံထူးချွန်(ဒုတိယဆင့်)နှင့် စက်မှုစီးပွားထူးချွန် (ဒုတိယဆင့်) နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်ခြင်းခံရပြီး အဆိုပါ ဌာနမှ ၂၀၀၈ ခုနှစ်တွင် ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ကာ စာပေရေးသားခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး ဇနီး ဒေါက်တာခင်မာစိုးနှင့် သားသမီးသုံးဦးနှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

**ဆရာကျော်ဦး**

ကျွန်တော်"စွမ်းအင်နှင့်ဝန်းကျင်" စာအုပ် အမျိုးသားစာပေဆုရတာ စတုတ္ထအကြိမ်မြောက်ပါ။ ၂၀၀၃ ခုနှစ်က "အနန္တစကြဝဠာ၏ အစွန်းပေါ်သို့" ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်က "နေသူရိန်၏ အရှိန်အဝါအောက်မှာ" ဒုတိယအကြိမ်၊ ၂၀၁၂ ခုနှစ်က "ရေကြည်တစ်ပေါက်" တတိယအကြိမ်ရခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်ကတော့ ထွန်းဖောင်ဒေးရှင်းစာပေဆုကို "ဥတုရာသီပြောင်းခဲ့ပြီ" စာအုပ်ဖြင့် ရပါတယ်။ ကျွန်တော် စုစုပေါင်းစာအုပ် ငါးအုပ်ထုတ်ခဲ့ပါတယ်။ ငါးအုပ်လုံး ဆုရတာထက် ကိုယ်တင်ပြချင်တဲ့အကြောင်းအရာကို ချပြခွင့်ရတဲ့အတွက် ပီတိဖြစ်ပါတယ်။ ရွေးချယ်ရေးကော်မတီက ရွေးချယ်ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ဝမ်းသာမိပါတယ်။

အောင်မြင်တာ၊ ရှုံးနိမ့်တာက ကံ၊ ဉာဏ်၊ ဝီရိယ လုံလောက်မျှတမှုရှိလို့ မြင်ပါတယ်။စာအုပ်ငါးအုပ်လုံး ဆုရလို့ ငါတော်တယ်၊ ငါတတ်တယ်လို့ မမြင်ပါဘူး။ ငါလုပ်ခဲ့တဲ့ဟာက ဘာတွေလိုအပ်တယ်၊ ဘာတွေထပ်မံဖြည့်ဆည်းရမယ်ကိုရှာပြီး ဆက်လက်ကြိုးစားရမယ်လို့ သုံးသပ်မိပါတယ်။

ဒီခေတ်လူငယ်တွေက စာပေစိတ်ဝင်စားမှုအပေါ် အလွန်ကျဆင်းနေတယ်။ အားရင် ဖုန်းပွတ်နေတာများတယ်။ အထူးသဖြင့် သိပ္ပံစာပေအပေါ် စိတ်ဝင်စားမှုပိုနည်းပါးတယ်။ သိပ္ပံစာပေဆိုတာ ဘယ်အကျိုးကြောင့် ဘယ်အကြောင်းဖြစ်တတ်တယ်ဆိုတာ တိတိကျကျဖော်ပြတဲ့စာပေမျိုး ဖြစ်တယ်။ သိပ္ပံစာပေအဖတ်နည်းလာရင် အဆောတလျင် လမ်းလွဲရောက်နိုင်တယ်။ ဥပမာတစ်ခုပြောရရင် ဓမ္မစေတီခေါင်းလောင်းအကြောင်းပါ။ ကျွန်တော့်မှာ ဓမ္မစေတီခေါင်းလောင်း ရှိတာ မရှိတာ၊ မြုပ်တာ မမြုပ်တာတော့ ဆုံးဖြတ်နိုင်စွမ်းမရှိပါဘူး။ ခေါင်းလောင်းက တန် ၃၀၀ ရှိတယ်။ တစ်ပတ်၊ ၁၀ ရက်နဲ့ ရွှေတိဂုံပေါ် ရောက်မလိုလိုနဲ့။ ရိုးရိုးရှင်းရှင်းတွေး ကြည့်ရင် ကွန်တိန်နာယာဉ်တစ်စီးက တန် ၃၀ လောက်ရှိတယ်။ ယင်းယာဉ် ၁၀ စီးလောက်နဲ့ အလေးချိန် တူတယ်။ ဆယ်နိုင်ပြီပဲထားဦး ရွှေတိဂုံပေါ် ဘယ်လိုတင်မလဲ၊ လမ်းတွေပေါ် ဘယ်လိုဖြတ်မလဲပါ။ ဒီခေတ်လမ်းတွေမပြောသေးဘူး၊ ဇဇင်ကာတို့ခေတ်ကလမ်းတွေက ခေါင်းလောင်း သယ်ဖို့ ခံနိုင်ပါ့မလား။ ဒါတွေကို စဉ်းစားတွေးခေါ်တတ်ဖို့ သိပ္ပံစာပေများများဖတ်ဖို့လိုတယ်လို့ ပြောချင်တာပါ။ နောက်ပြီး သိပ္ပံပညာ တိုးပွားအောင် လုပ်ဆောင်ရမယ်။ ဒီထက် အဆပေါင်းများစွာ ကြိုးစားရမယ်။ လူငယ်တွေ စာများများ ဖတ်ဖို့ပဲ တိုက်တွန်းချင်တယ်။



ဆရာကျော်ဦး။

ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဦးသန့်တို့က စာပေကြောင့် ဦးဆောင်နိုင်ခဲ့တာပါ။ ကျွန်တော် သိပ္ပံစာပေကို ထပ်မံရေးသားနေပါတယ်။ "မိုးရေလှောင်ကန်"ပါ။ ရေအရင်းအမြစ်ပေါကြွယ်ဝတဲ့နိုင်ငံမှာ ရေချိုကို ဘယ်လိုအကျိုးရှိရှိ အသုံးချမှုကိုဖော်ပြတဲ့ စာအုပ်ပါ။

ဆရာ ဦးကျော်ဦးသည် အဘ ဦးကြူစိုင်-အမိ ဒေါ်သန်းကျင်တို့မှ ၁၉၄၈ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စက်မှုတက္ကသိုလ်သို့တက်ရောက်ပြီး မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိသည်။ ငွေတာရီမဂ္ဂဇင်းတွင် "ဘိုးအင်း ၇၄၇" စာမူမှ အစပြု၍ သိပ္ပံဆောင်းပါးများကို စာနယ်ဇင်းများတွင် ရေးသားခဲ့ပြီး ယနေ့တိုင် ဆောင်းပါး ၇၀၀ ခန့်ပါရှိပြီးဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် ရေပေးရေးနှင့် သန့်ရှင်းမှုအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်သာလန်နိုင်ငံသို့ ရေနှင့်သန့်ရှင်းမှု အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာကို ပညာသင်ကြားခွင့်ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်မှစပြီး ပါရမီစာပေကို တည်ထောင်၍ စာပေထုတ်ဝေရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်း-ကိုသက်(ဗိုလ်တထောင်)**
**ဓာတ်ပုံ-ဌေးအောင်**

## ရွေးကောက်ပွဲကာလတွင် သတင်းရယူမည့်မီဒီယာသမားများ ထုတ်ပြန်ထားသောစည်းကမ်းများကို လိုက်နာသင့်

**ရန်ကုန် နိုဝင်ဘာ ၃**

သားကောင်ရလိုဇောဖြင့် သားရဲတိရစ္ဆာန်များ၏ ခြေရာကိုခံ၍ သားကောင်နောက်ကိုတကောက်ကောက်လိုက်နေကြသော တောလိုက်မုဆိုးများသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး တိရစ္ဆာန်များကို သတိပြုဆင်ခြင်ရန်လိုအပ်သကဲ့သို့ သတင်းအနံ့ခံ၍ သတင်းထူး၊ သတင်းဦးများကို လက်ဦးမှုရလိုသောသတင်းမုဆိုးအမည်ခံ မီဒီယာသမားများသည်လည်း ရွေးကောက်ပွဲကာလတွင် သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော စည်းကမ်းများကို သတိပြုဆင်ခြင်လိုက်နာရန်လိုအပ်ကြောင်း ဝါရင့်သတင်းထောက်တစ်ဦးက ပြောကြားသည်။

"သတင်းမီဒီယာလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာချိန်မှာ ဘွဲ့ရပညာတတ်လူငယ်တွေ မီဒီယာလုပ်ငန်းထဲ ဝင်ရောက်လာတာဟာ ဝမ်းသာစရာပါပဲ။ ဒါပေမယ့် အတွေ့အကြုံမရင့်ကျက်ကြသေးဘူးလေ။ မီဒီယာသင်တန်းတွေမှာ သတင်းစံနှုန်းနဲ့အညီ သင်ကြားပေးကြပေမယ့် အခုမှပြုပြင်ပြောင်းလဲလိုက်တဲ့ မြန်မာ့နိုင်ငံရေးအခြေအနေနဲ့ အံဝင်ခွင်ကျမဖြစ်သေးဘူး။အထူးသဖြင့် မကြာခင်ကျင်းပတော့မယ့် ရွေးကောက်ပွဲကာလမှာ သတင်းရယူကြမယ့် မီဒီယာသမားတွေအနေနဲ့ သက်ဆိုင်ရာက ထုတ်ပြန်ထားတဲ့စည်းကမ်းတွေကို သတိပြုဆင်ခြင်သင့်တယ်"ဟု ၎င်းက ပြောဆိုသည်။

မျက်မှောက်ကာလတွင် မကြာမီရက်ပိုင်းအတွင်း အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ရာ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင် ရုံးများမှ ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်အများပြည်သူတို့အား လုံခြုံအေးချမ်းစွာဖြင့် လွတ်လွတ်လပ်လပ် ဆန္ဒပြုနိုင်ရန် စီစဉ်ဆောင်ရွက်နေကြပြီး ရွေးကောက်ပွဲသတင်းရယူမည့် မီဒီယာသမားများကိုလည်း အသိအမှတ်ပြုကတ်ပြားများထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**(မောင်သုည)**

○ ကျောဖုံးမှ

မူလမင်းဓမ္မပန်းဥယျာဉ်တွင် ပန်းရောင်းချသူ ၁၁၀ နှင့် ဆိုင်ခန်းပေါင်း ၅၅၀ ကျော်ရှိပြီး သာကေတမြို့နယ် ယမုံနာလမ်းမကြီးဘေး ပြောင်းရွှေ့သွားသည့် ပန်းကွင်း၌ဆိုင်ခန်းပိုင်ရှင် ၅၅ ဦးနှင့် ဆိုင်ခန်းပေါင်း ၃၁၉ ခန်းရှိသည်။

"သာကေတဘက် ပြောင်းလာတာ ကြာပြီဆိုတော့ ဈေးကွက်ကတော့ ရနေပါပြီ။ ပျိုးပင်စိုက်ရောင်းလာတာ ၁၅ နှစ်ရှိပြီ"ဟု ဒေါ်ရီရီစိုးက ပြောသည်။

အဆိုပါ သာကေတမြို့နယ် ပန်းပျိုးဥယျာဉ်တွင် ပန်းပျိုးပင် ရောင်းချသူများ အလွယ်တကူ ရောင်းချနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်ယာယာရေးကော်မတီက ၈ လက်မ အဝီစိတွင်းတူးကာ ပေအရှည် ၄၈၀၀ ရေသွယ်တန်းပေးခြင်း၊ (၁၂ × ၁၂)ပေ အကျယ်ရှိ နှစ်ခန်းတွဲပျိုးပင် ဆိုင်ခန်းပေါင်း ၅၆ လုံးကို အခမဲ့ဆောက်လုပ်ပေးခြင်း၊ ၁၀ ခန်းတွဲ သန့်စင်ခန်း နှစ်လုံးကို ဆောက်လုပ်ပေးခြင်း၊ မီးရရှိရေးအတွက် ၁၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံး၊ ၂၀၀ ကေဗွီ ထရန်စဖော်မာ နှစ်လုံးတို့ကို တပ်ဆင်ပေးခဲ့ပြီး ကိုယ်ပိုင်မီတာရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ မင်းဓမ္မပန်းပျိုးဥယျာဉ်တွင် ကျန်ရှိနေသည့် ဆိုင်ခန်းပိုင်ရှင် ၅၅ ဦးနှင့် ဆိုင်ခန်းပေါင်း ၂၇၉ ခန်းကို ယခုနှစ် စက်တင်ဘာလတွင် မင်္ဂလာဒုံမြို့နယ် ပတ္တမြားလမ်းဘေးရှိ စည်ပင်ပိုင်မြေသို့ ဒုတိယအကြိမ်အဖြစ် ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

"ကျွန်မတို့လိုချင်တဲ့ ပန်းကွင်းတည်ဆောက်ဖို့အတွက် မြေ ၅ ဧကကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နှစ် ၆၀ ဂရန်နဲ့ ဝယ်ယူခွင့် မြေချပါမစ်ပေးခဲ့တယ်။ အားလုံးက လက်ခံသဘောတူပြီး ပြောင်းရွှေ့လာကြတယ်။ ပန်းကွင်းကြီးဖြစ်အောင် အားလုံးလုပ်ဆောင်နေကြပါတယ်"ဟု အဆိုပါ ပန်းကွင်းသို့ ရွှေ့ပြောင်းလာသည့် နွယ်ဝတီပန်းဆိုင်မှ ဒေါ်နီဝါလွင်က ပြောသည်။

"ပန်းဥယျာဉ်ဌာနက ပြောင်းရွှေ့ဖို့ အစစအရာရာ ကူညီပေးတယ်။ ဟိုမှာရှိတဲ့ ဆိုင်ခန်းအကျယ်အတိုင်း မြေနေရာအကွက်ပြန်ရိုက်တယ်။ ရေကတော့ သွယ်ပြီးသွားပြီ။ ကုန်ကျစရိတ်ကတော့ ပေးရမှာပါ။ လမ်းကိုလည်း အဝင်ကနေ အတွင်းပိုင်းအထိ ဖောက်ပေးထားတယ်။ လျှပ်စစ်မီးကတော့ မရသေးဘူး။ သက်ဆိုင်ရာက လုပ်ပေးမယ်ဆိုရင်တော့ ကောင်းပါတယ်"ဟု သပြေနန်းပျိုးဥယျာဉ်ပိုင်ရှင် ဒေါ်ချိုချိုဝင်းက ဆိုသည်။

သို့သော် "မင်းဓမ္မက နှစ်ကြာနေပြီဆိုတော့ လူသိနေပြီ။ ဒီမှာတော့ လောလောဆယ် ရောင်းလို့မရသေးဘူး။ တည်ဆောက်ဆဲကာလ ဖြစ်နေတယ်" ဟု ၎င်းက ပြောသည်။

ပန်းပျိုးပင်များစိုက်ပျိုးရောင်းချရာတွင် နည်းပညာဖြင့် ပြုလုပ်ထားသည့် ပန်းပျိုးပင်များနှင့် သစ်ခွတချို့ကို ပြည်ပမှ တင်သွင်းပြီး သီးပင်၊ စားပင်များနှင့် နှစ်ရှည်ပင်များအား ကိုင်းဆက်၊ ကိုင်းပျိုး ကိုယ်တိုင်လုပ်စနစ်ဖြင့် ရောင်းချနေရကြောင်း ပန်းပျိုးဥယျာဉ်ရောင်းချသူများထံမှ သိရသည်။

"အိမ်ရာတစ်ခုဖော်ဆောင်တယ်ဆိုရင် မြေယာအလှအပိုင်းပါရတာပဲ။ နေပြည်တော်ကြီး တည်ဆောက်တယ်။ ဒီအပင်တွေ အများကြီး ထည့်ရတာပဲ။ ဘယ်မြို့ပဲ တည်ဆောက်တည်ဆောက် မြေယာအလှ မပါလို့ မဖြစ်ဘူး"ဟု ဒေါ်ချိုချိုဝင်းက ပြောသည်။

"မင်္ဂလာဒုံပတ္တမြားလမ်း နေရာလေးက မကြာခင် စိမ်းစိုနေတဲ့ ပန်းဥယျာဉ်ကမ္ဘာလေးဖြစ်လာတော့မှာပါ။ ပြောင်းခါစဆိုတော့ အသစ်ကနေ ပြန်လုပ်နေရတယ်"ဟု ပျိုးပင်လုပ်ငန်း နှစ်ပေါင်း ၃၀ လုပ်ကိုင်လာသည့် ဝေဖူး ပန်းဥယျာဉ်မှ ဒေါ်ကြည်ကြည်ဌေးက ပြောသည်။

မင်္ဂလာဒုံမြို့နယ်သို့ ပြောင်းရွှေ့နေရာချထားပေးသည့် ပန်းကွင်းမြေနေရာကို ယခင် မင်းဓမ္မပန်းကွင်းပုံစံအတိုင်း အကွက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းများအားလုံး၏ မျက်နှာစာတွင် လမ်းများဖောက်သွားမည်ဖြစ်ကြောင်း ပန်းကွင်းဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

## ရေကြီးရေလျှံမှုကာကွယ်ရေး မြေအောက်ရေနုတ်မြောင်း တူးဖော်ချဲ့ထွင်

**ရန်ကုန် နိုဝင်ဘာ ၃**

တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက်နှင့် မအူကုန်းရပ်ကွက်တို့တွင် နှစ်စဉ်ရေကြီးရေလျှံမှုများရှိခဲ့သဖြင့် တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက စီစဉ်ကာ အဆိုပါ ရပ်ကွက်များအတွင်း ဖြတ်သန်းသည့် မြေအောက်ရေနုတ်မြောင်းအရှည်ပေ ၁၃၀၀၊ အနက် ခုနစ်ပေ၊ အကျယ်လေးပေ ရရှိစေရန်တူးဖော်ချဲ့ထွင်ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့က ပုဏ္ဏားကုန်းရပ်ကွက်မှာနေလာတာ နှစ် ၅၀ ကျော်လာခဲ့ပါပြီ။ နှစ်စဉ် အိမ်တွေ၊ လမ်းတွေ ရေဝင်ရေမြုပ်ပါတယ်။ အလုပ်သမားဆေးရုံကြီးဘက်အခြမ်း၊ ကျိုက္ကဆံလမ်းမက ကျွန်တော်တို့ရပ်ကွက်ထက် ခြောက်ပေလောက်မြင့်တယ်လေ။ အဲဒီက ရေဆိုးတွေကမြေအောက်မြောင်းထဲကိုဝင်ပြီး(၁၃၃)လမ်း၊ လမ်း(၁၄၀)၊ မအူကုန်းလမ်းမတွေရဲ့အောက် ငါးပေအနက်လောက်မှာရှိတဲ့ မြေအောက်မြောင်းထဲကို စီးဝင်တာ၊ မြောင်းက အောက်ဘက်အနက်ထဲရောက်နေတာရယ်၊ ကျဉ်းတော့ ပိတ်ဆို့ပြီးရေလျှံစေတာပါ။ အခုစက်ယန္တရားတွေနဲ့ တူးဖော်ချဲ့ထွင်ပေးတဲ့အတွက် ရပ်ကွက်နေပြည်သူတွေရဲ့ကိုယ်စား ကျေးဇူးတင်ဝမ်းသာမိပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက ပြောသည်။

**(၁၉၇)**

# ရုပ်မြင်သံကြားအစီအစဉ်များ
[၄ - ၁၁ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
- ၆း၂၀ “မကင်းရာမကင်းကြောင်း”
- ၆း၃၀ ဝတ်စားဆင်ယင်မှုပြပွဲ
- ၆း၄၅ “ကျားခင်စိန်နှင့် တွေ့ဆုံခြင်း”
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မြစိမ်းရောင်သံစဉ်” (အပိုင်း-၁၆)
- ၇း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၂၈)
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၁၀ National Symphony Orchestra
- ၉း၂၅ မြန်မာရုပ်ရှင် (ဖြူ/မည်း) “ချစ်သူဝိုင်းဝိုင်းလည်” (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ-ဝါဝါဝင်းရွှေ)

တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၄၀ “ခန္ဓာဉာဏ်ရောက် နိဗ္ဗာန်ပေါက်” တရားတော်[ဆရာတော် ဘဒ္ဒန္တဗုမ္မသာရ(ဒီဃဘာဏက)]
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၀၀ Cartoon Series (English Play-ground)
- ၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၀၀ ဟင်းချက်ရအောင်
- ၁၁း၂၅ MRTV-4 Stage
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၈၆)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
- ၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (ဇာတ်သိမ်းပိုင်း)
- ၄း၀၀ Cartoon Series (English Playground)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး’ (အပိုင်း-၁)
- ၇း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၂၅)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း” (အပိုင်း-၈၇)
- ၁၀း၁၀ MRTV-4 Stage
- ၁၀း၃၅ World of Knowledge
- ၁း၀၅ ဟင်းချက်ရအောင်
- ၄း၀၀ World of Knowledge
- ၄း၄၅ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ “ရှင်ဇလွန်”ဆုတောင်းပြည့်စေတီတော်(သမိုင်းဝင်ရှင်ကိုးရှင်)

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၁ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၅၀ သူနှင့်သူ၏ သီချင်းများ
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၂၅ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အတိတ်ရဲ့ချစ်ခြင်း(အပိုင်း-၈၇)
- ၆း၀၆ Amazing Cities
- ၆း၁၅ Meet Whith The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - -ရင်နှစ်သည်းခြာချစ်လိပ်ပြာ (အပိုင်း-၃၄)
  - -ရယ်စရာပျော်စရာဟာသကမ္ဘာ
  - -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)

## mitv

- 07;03 News
- 07:26 Chef Life "Moe Moe Khaing"
- 07:36 Shrinking Footprints
- 08:25 Excavation At Kawhmu
- 08:35 One of the Useful Purposes of Bamboo
- 08:44 A Pilgrimage To Prominent Pagoda In Pakokku
- 08:57 Myanmar General Election 2015 (Ambassador of UK)
- 09:03 News
- 09:26 Lady Pilot
- 09:37 Products Of Myanmar - Myanmar Circular Stone Slab
- 09:50 Beach Food Delivery
- 10:03 News
- 10:26 All About Orchids
- 10:40 Around The Maha Boditahtaung
- 10:51 Wet Markets of Yangon: Thirimingalar Market
- 07:25 The Most Prominent Resort And Residence – Ngapali
- 07:50 Sagaing: Guitars
- 08:03 News
- 08:26 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
- 08:41 Up Against The Tide

# ကိုရီးယားအလှမယ်တစ်ဦးအဖြစ် မြင်တွေ့ရမယ့် ဆန်ဒရာပါ့ခ်



တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ “2NE1”မှ ဆန်ဒရာပါ့ခ်ဟာ သူ့ရဲ့ ရုပ်ရှင်သစ် “Missing Korea”မှာ တောင်ကိုရီးယားအလှမယ်တစ်ဦးအဖြစ်ပါဝင်သရုပ်ဆောင်ထားပါတယ်။

KBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမယ့် ယင်းရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်နေတဲ့ ဆန်ဒရာဟာ လှပပြီး ကျက်သရေရှိတဲ့ အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားကာ တကယ့်ကို ပြည့်စုံတဲ့ ကိုရီးယားအလှမယ်လေးတစ်ဦးရဲ့အသွင်ကို ဆောင်နေပြီး သူ့ရဲ့ဓာတ်ပုံကို နိုဝင်ဘာ ၃ ရက်က အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ ၂၀၂၀ ပြည့်နှစ်မှာ ဖြစ်ပေါ်မယ့်ကိုရီးယားနိုင်ငံရဲ့အခြေအနေကို မှန်းဆကာ ဇာတ်လမ်းဖန်တီးထားတဲ့ စိတ်ကူးယဉ်ဟာသရုပ်ရှင်အမျိုးအစားဖြစ်ကာ အဆိုပါရုပ်သံဇာတ်လမ်းတွဲကို KBS ရုပ်သံလိုင်းမှ နိုဝင်ဘာ ၁၃ရက်တွင် စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

[စောပြည့်]

## တစ်ပတ်စာ ကြည့်ရှုစရာ

Alez - ရေးသားသည်

### SPECTRE





ဇာတ်ညွှန်း Neal Purvius & Group က ရေးသားပြီး ဒါရိုက်တာ Sam Mendesက ရိုက်ကူးထားကာ Columbia မှ ထုတ်လုပ်ဖြန့်ချိထားသော နာမည်ကျော် ဂျိမ်း(စ်)ဘွန်းဇာတ်ကားဖြစ်သည်။ ပါဝင်ထားသော သရုပ်ဆောင်များမှာ Daniel Craig, Monica Bellucci, Lea Seydoux တို့ဖြစ်သည်။

ဂျိမ်း(စ်)ဘွန်းသည် ယခင် သူ့အထက်အရာရှိမကြီး “အမ်” ၏ လျှို့ဝှက်အမိန့်အရ မက္ကဆီကိုနိုင်ငံတွင် အားကစားကွင်း ဗုံးကွဲမှုတွင်ပါဝင်ခဲ့သောလူဆိုး "မာကို" ထွက်ပြေးလွတ်မြောက်သွား၍ ၎င်း၏ရဟတ်ယာဉ်ပေါ် သို့ ခုန်တက်ပြီးတိုက်ခိုက်သည်။ မာကိုနှင့် ရဟတ်ယာဉ်မှူးတို့ကို ဘွန်းကတွန်းချပြီး မာကို၏ရေဘဝဲပုံလက်စွပ်ကို လုယူထားလိုက်သည်။ လန်ဒန်သို့ဘွန်း ပြန်ရောက်သောအခါ လက်ရှိ“အမ်”အသစ်မှာ ဂျေအိုင်အက်(စ်) (ပူးတွဲထောက်လှမ်းရေးဌာန)အသစ်၏ အကြီးအကဲ “စီ”၏ဖိအားပေးခြင်းခံနေရ၍ ဘွန်းကို ကာလအကန့်အသတ်မရှိ တာဝန်မှရပ်စဲလိုက်သည်။ ယင်း ဂျေအိုင်အက်(စ်)တွင် အမ်အိုင် ၅ နှင့် ၆ တို့လည်းမကြာခင်က ပေါင်းစည်းထားသည်။ စီက ဘွန်းပါဝင်ခဲ့သော “သုည-သုည”ဌာနခွဲကိုဖျက်သိမ်းပြီး မျက်လုံး ကိုးလုံးအမည်ရှိ နိုင်ငံ ကိုးခုပါဝင်မည့် ပူးတွဲထောက်လှမ်းရေးသဘောတူညီချက်ကို ရယူလိုသည်။ ဘွန်းကတားမြစ်ချက်ကိုမနာခံဘဲ မက္ကဆီကိုနိုင်ငံသို့ပြန်သွားကာ မာကို၏ဇနီး မုဆိုးမလေးလူချီးယားနှင့်တွေ့ဆုံရာ မာကိုပါဝင်သည့်ရာဇဝတ်ဂိုဏ်းနှင့် ၎င်းဂိုဏ်း၏အစည်းအဝေးကို ထိုညနေကျင်းပမည့်အကြောင်းသူက ပြောပြသည်။

ဘွန်းက ထိုအစည်းအဝေးကို အယောင်ဆောင်တက်ရောက်ခဲ့ရာ အမှောင်ရိပ်ထဲတွင်ထိုင်နေသော ဂိုဏ်းချုပ်ကြီးက ဘွန်းကိုမှတ်မိသွား၍ ဘွန်းမှာ ရောမမြို့အတွင်း မော်တော်ကားတရကြမ်းမောင်းပြေးရသည်။ ၎င်းနောက်သို့ လုပ်ကြံသတ်ဖြတ်ရေးသမားကြီး မစ္စတာဟင့်(ဇ်)က ထက်ကြပ်မကွာလိုက်လာစဉ် ဘွန်းကသူ၏ ကား တိုင်ဘာမြစ်အတွင်းသို့ထိုးမကျခင်ခုန်ထွက်လိုက်သည်။ လန်ဒန်ရှိမစ္စမန်နီပဲနီက မစ္စတာဝှိုက်မှာ စပက်တာအဖွဲ့ကြီး၏ လက်အောက်ခံ ကွမ်တမ်အဖွဲ့ဝင်ဟောင်းဖြစ်ကြောင်း ဘွန်းကိုသတင်းပေးရာ ဖန့်အိုဘာဟော် ဆာ့ဆိုသည့်နာမည်ပိုင်ရှင်အကြောင်း သူ့ကိုဘွန်းက ပြန်စစ်ဆေးခိုင်းသည်။ ဩစတြီးယားနိုင်ငံတွင် ဓာတ်ရောင်ခြည်သင့်၍ သေဆုံးတော့မည့် မစ္စတာဝှိုက်ကိုဘွန်းရှာတွေ့သောအခါ ဘွန်းအား စပက်တာ့ဆီ လမ်းညွှန်မည့်လာမယ့်ရီကဲန်းဆီသွားရန် ၎င်း၏သမီး ဒေါက်တာမက်ဒလင်းဆွမ်းကိုလိုက်ရှာရန်မှာကြားပြီးနောက် စိတ်လှုပ်ရှားဖွယ် အက်ရှင်ဇာတ်ဝင်ခန်းများနှင့် နာမည်ကျော်အေးဂျင့် ဂျိမ်း(စ်)ဘွန်း၏စွန့်စားခန်းများကို ငွေရောင်ပိတ်ကားထက်တွင် ဆက်လက်ရှုစားကြနိုင်ရန် နိုဝင်ဘာ ၆ ရက်မှစပြီး ရန်ကုန်၊ မန္တလေး၊ ပြည်နှင့် အခြားမြို့ကြီးများတွင် နိုင်ငံတကာနှင့် တစ်ပြိုင်တည်းပြသသွားမည်ဖြစ်သည်။

### Bahubali : The Beginning (2D)




ဒါရိုက်တာ S.S. Rajamouli က ရိုက်ကူးထားပြီး ဘောလီဝုဒ် နာမည်ကြီး သရုပ်ဆောင်များ ဖြစ်သော Prabhas, Rana Daggubati, Anushka Shetty တို့ပါဝင်ရိုက်ကူးထားကာ Arka Media works မှ ထုတ်လုပ်ဖြန့်ချိပေးထားသော အက်ရှင်စွန့်စားခန်း ဇာတ်ကားဖြစ်သည်။

အိန္ဒိယရှေးဟောင်း ဘုရင့်နိုင်ငံတော် တစ်ခုဖြစ်သည့် Mahismathi နိုင်ငံ၏ ပိုင်နက်နယ်မြေတစ်ခုတွင် နန်းတော်မှ ထွက်ပြေးလာသည့် မိဖုရားဟောင်း၏မိခင်မယ်တော်ကြီးသည် ရင်ခွင်တွင် သူမမြေးကိုထွေးပိုက်ပြီး စစ်သည်ရဲမက်များ၏ဘေးရန်က လွတ်အောင် ဂူတစ်ခုအတွင်းသို့ ပြေးဝင်ခဲ့သော်လည်း မလွတ်မြောက်နိုင်တော့သောကြောင့် စစ်သည်များနှင့်တိုက်ခိုက်ပြီး ဂူနှင့်ဆက်စပ်နေသည့်ရေတံခွန်မှတစ်ဆင့် ကလေးအသက်ကိုကာကွယ်ရန် သူမ၏အသက်ကိုစတေးပြီးရေထဲသို့ ခုန်ချခဲ့သည်။ အနီးအနားရှိရွာမှ Sanga နှင့် သူမ၏ယောကျ်ားဖြစ်သူသည် သေဆုံးနေပြီဖြစ်သည့် မယ်တော်၏ရင်ခွင်တွင် ထွေးပိုက်ထားသည့်ကလေးကို အသက်ရှင်လျက် မြစ်ထဲတွင်တွေ့ရှိသောကြောင့် ကယ်တင်ခဲ့ပြီးBhallala Deva Shivudu ဆိုသည့်အမည်ဖြင့် မွေးစားခဲ့သည်။

အရွယ်ရောက်လာသည့် Shivuduသည် မွေးစားမိခင်၏ ဆန္ဒကိုလွန်ဆန်ပြီး ၎င်းစိတ်ဝင်စားနေသည့် ရေတံခွန်ပေါ် သို့ အကြိမ်ကြိမ်တက်ရန် ကြိုးစားသည်။ Shivudu ၏ မကြာခဏရေတံခွန်ပေါ် တက်ရောက်ချင်နေသည့်ဆန္ဒကိုစိုးရိမ်ပြီး တစ်ခုခုဖြစ်မှာကြောက်သည့်အတွက် မွေးစားအမေ Sanga သည် ဘုန်းတော်ကြီးဆီသို့သွားရောက်ပြီး သူ၏သားအသက်အန္တရာယ်ကင်းဝေးစေရန်အတွက် ဆုတောင်းခဲ့သည်။ ဘုန်းတော်ကြီးကိုးကွယ်သည့်ရုပ်တုကို (၁၁၆) ကြိမ်ရေလောင်းပြီးဆုတောင်းရန်အကြံပေးသည်ကို Shivudu သိမြင်သောကြောင့် ရေတံခွန်အောက်တွင်ကိုးကွယ်သည့်ရုပ်တုကို ပခုံးပေါ်တင်၍ ရေသပ္ပာယ်သည်။ ရေတံခွန်အောက်တွင် Shivudu ရှိနေတုန်းတွင်မိန်းကလေးတစ်ယောက်၏ မျက်နှာဖုံးတစ်ခုကို တွေ့ရှိသွားသောကြောင့် ရေတံခွန်ပေါ် တက်ရန် ကြိုးစားချင်စိတ်ထပ်မံဖြစ်ပေါ် လာပြီး တက်ရောက်ရာအောင်မြင်သွားခဲ့သည်။

ရေတံခွန်ပေါ် သို့တက်ရောက်ပြီး မျက်နှာဖုံးပိုင်ရှင်ကို Shivudu ရှာဖွေသောအခါ မျက်နှာဖုံးပိုင်ရှင်မိန်းကလေးသည် Avanthilea ဆိုသူဖြစ်ပြီး လက်ရှိဘုရင် Bhallala Deva ကိုတိုက်ခိုက်နေသည့် သူပုန်အဖွဲ့ဝင်ဖြစ်ကြောင်းသိရှိသွားသည်။ အဆိုပါ သူပုန်အုပ်စုသည် ယခင်ဘုရင်၏မိဖုရားဖြစ်သူ Shivudu ၏မယ်တော်အရင်းဖြစ်သူ Devasena ၏ ၂၅ နှစ်ကြာ နန်းတော်ထဲတွင် ချုပ်နှောင်ခံထားရမှုကိုလွတ်မြောက်အောင် ကြိုးပမ်းပုံများကို ငွေရောင်ပိတ်ကားထက်တွင် နိုဝင်ဘာ ၆ ရက်မှစတင်ပြီး ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများတွင် တစ်ပြိုင်တည်း ကြည့်ရှုရမည်ဖြစ်သည်။

## အားကစား

*စပိန်လာလီဂါပွဲစဉ် (၁၁) ကို လာမယ့် နိုဝင်ဘာ ၇၊ ၈၊ ၉ ရက်တို့မှာ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အမှတ်ပေးဇယားထိပ်ဆုံးက ရီးယဲလ်ဟာ ဆီဗီလာရဲ့ အိမ်ကွင်းမှာသွားရောက်ကစားရဖို့ ရှိနေပါတယ်။ ဒါကြောင့် ရီးယဲလ်အနေနဲ့ ဆီဗီလာကို အနိုင်ယူပြီး နိုင်ပွဲဆက်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ချင်စရာဖြစ်နေပါတယ် . . . .*




### လက်စ်ပဲလ်မက် - ဆိုစီဒက်

**နံနက် ၂း၀၀ (၇-၁၁-၁၅)**

တန်းတက် လက်စ်ပဲလ်မက်ရဲ့ ခြေစွမ်းက အားနည်းမှုတွေများလွန်းပါတယ်။ အထူးသဖြင့် တိုက်စစ်ကစားပုံ အားနည်းလွန်းတာကြောင့် ဆိုစီဒက်ကို တုံ့ပြန်ကစားနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဆိုစီဒက်က နောက်ဆုံးလေးပွဲမှာ သုံးပွဲရှုံးခဲ့ပေမယ့် လက်စ်ပဲလ်မက်ထက်ကစားပုံကောင်းပါတယ်။ ဆိုစီဒက်တို့ နိုင်ပွဲပြန်ရမှာပါ။

### ဆယ်တာဗီဂို - ဗလန်စီယာ

**ည ၉း၃၀ (၇-၁၁-၁၅)**

နောက်ဆုံးပွဲစဉ်မှာ ဆိုစီဒက်ကိုနောက်က လိုက်ကစားပြီး ၃-၂ ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ ဆယ်တာဗီဂိုခြေက ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် ဆယ်တာဗီဂိုဟာ အိမ်ကွင်းပွဲစဉ်လည်းဖြစ်တာကြောင့် အမှားခံမှာမဟုတ်သလို ဗလန်စီယာကလည်း အဝေးကွင်းခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိပါဘူး။ ဆယ်တာဗီဂိုနိုင်ပွဲရသွားဦးမှာပါ။

### ဘာစီလိုနာ - ဗီလာရီးယဲလ်

**ည ၉း၃၀ (၈-၁၁-၁၅)**

ဘာစီလိုနာက နိုင်ပွဲတွေရနေပေမယ့် မက်ဆီမပါဝင်နိုင်ကတည်းက တိုက်စစ်ကစားပုံ တည်ငြိမ်မှုမရှိဘူး။ ဒါပေမယ့် ဘာစီလိုနာအနေနဲ့ အိမ်ကွင်းဖြစ်သလို ရီးယဲလ်ကိုဖိအားပေးနိုင်ဖို့ အမှားခံမှာမဟုတ်တာ သေချာပါတယ်။ ဒါ့အပြင် ဗီလာရီးယဲလ်ခြေကလည်း အခုနောက်ပိုင်း ကျဆင်းနေတာကြောင့် ဘာစီလိုနာပဲ အနိုင်ရသွားမှာပါ။

### အက်သလက် - ဂီဂျွန်

**ည ၁၁း၄၅ (၈-၁၁-၁၅)**

အက်သလက်တီကို ခြေအနည်းငယ်ကျနေတယ်။ ဒီပို့တီဗိုကို သရေသာကစားနိုင်ခဲ့သလို ဗလန်စီယာကိုလည်း ခက်ခက်ခဲခဲ အနိုင်ယူခဲ့ရတယ်။ ဒါပေမယ့် အက်သလက်တီကိုအနေနဲ့ အိမ်ကွင်းမှာနိုင်ပွဲပြန်ရဖို့ အားစိုက်မှာဖြစ်သလို ဂီဂျွန်ခြေကလည်း အားနည်းမှုတွေများလွန်းနေပါတယ်။ အက်သလက်တီကိုပဲ အနိုင်ရမယ်။

### လီဗန်တေး - ဒီပို့တီဗို

**ည ၁၁း၄၅ (၇-၁၁-၁၅)**

အမှတ်ပေးဇယား အောက်ဆုံးရောက်နေတဲ့ လီဗန်တေးခြေကတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် တိုက်စစ်က ခြောက်ဂိုးသာ သွင်းနိုင်ပြီး ခံစစ်က ၂၂ ဂိုးပေးခဲ့ရတာကို ကြည့်ရင် လီဗန်တေးဟာ နေရာစုံ အားနည်းမှုတွေရှိနေတာ မြင်သာပါတယ်။ ဒါကြောင့် ဒီပို့ဒီဗိုရဲ့ခြေ သာမန်သာရှိပေမယ့်လည်း ဒီပွဲမှာတော့ နိုင်ပွဲရသွားမှာပါ။

### အီဘား - ဂီတာဖေး

**နံနက် ၂း၀၀ (၈-၁၁-၁၅)**

အီဘားက ဒီရာသီမှာ ကစားပုံမဆိုးဘူးလို့ ပြောရင်ရတယ်။ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင်လည်း တစ်ပွဲသာ ရှုံးနိမ့်သေးတယ်။ ဒါပေမယ့် သတိပြုရမှာက အီဘားဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ဂိုးရနည်းတတ်ခြင်းပဲ။ ဂီတာဖေးက အဝေးကွင်း နိုင်ပွဲမရှိသေးတဲ့ အသင်းဖြစ်သလို ခြေလည်းမတည်ငြိမ်ပေမယ့် အီဘားနိုင်ရင်တောင် မပြတ်သားဘူး။

### ဗယ်လီကာနို - ဂရန်နာဒါ

**နံနက် ၂း၀၀ (၈-၁၁-၁၅)**

ဂရန်နာဒါခြေက သာမန်အောက်မှာသာရှိပါတယ်။ ဒါပေမယ့် အဝေးကွင်း ပွဲစဉ်တွေမှာ ခံစစ်ကစားပုံအနည်းငယ် ပိုမိုကျစ်လျစ်မှုရှိတာတွေ့ရပါတယ်။ ဗယ်လီကာနိုက အသင်းလိုက်ကစားပုံမှာ ဂရန်နာဒါထက်ပိုကောင်းပေမယ့် တိုက်စစ်ပိုင်းက အားနည်းမှုရှိတယ်။ ဗယ်လီကာနို အနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်ဘူး။

### ဘီဘာအို - အက်စ်ပန်ညို

**ညနေ ၅း၃၀ (၈-၁၁-၁၅)**

ဘီဘာအိုကအခုနောက်ပိုင်းမှာ ကစားပုံပြန်ပြီး တည်ငြိမ်လာသလို တိုက်စစ်ကလည်း အဆုံးသတ်ပိုင်း ကောင်းမွန်လာတာ တွေ့ရပါတယ်။ ဒါ့အပြင် ဘီဘာအိုအနေနဲ့ အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ ဒါ့အပြင် အက်စ်ပန်ညိုခြေကလည်း ကျဆင်းနေလို့ ဘီဘာအို အနိုင်ရသွားမှာပါ။

### ဆီဗီလာ - ရီးယဲလ်မက်ဒရစ်

**နံနက် ၂း၀၀ (၉-၁၁-၁၅)**

ရီးယဲလ်ဟာ နိုင်ပွဲတွေရနေပေမယ့် အဓိကကစားသမားအများအပြား ဒဏ်ရာရရှိနေတာကြောင့် လူငယ်ကစားသမားတွေကိုအားပြုနေရပြီး စွမ်းဆောင်ရည်ကလည်း ပြည့်ပြည့်ဝဝမရှိဘူး။ ဆီဗီလာက အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ အသင်းဖြစ်သလို အိမ်ကွင်းတိုက်စစ်ကစားပုံပိုပြီးလည်း ကောင်းလာတယ်။ ရီးယဲလ်သရေလောက်ပဲရမယ်။

## မော်ရင်ဟိုအား ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပါက အန်ဆယ်လော့တီနှင့် မာကီလီလီ ချယ်လ်ဆီးနည်းပြ ဖြစ်လာဖွယ်ရှိ



ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ပြီးခဲ့သည့်လအတွင်းက ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်အား ဘဝင်မကျစွာပြုမူပြောဆိုခဲ့မှုများကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)၏ အသင်းနည်းပြအဖြစ်မှ ကိုင်တွယ်ခွင့်တစ်ပွဲပိတ်ပင်ခံခဲ့ရပြီး ပေါင် ၄၀၀၀၀ ဒဏ်တပ် ခံခဲ့ရကြောင်းသိရသည်။ကိုင်တွယ်ခွင့်တစ်ပွဲပိတ်ပင်ခံခဲ့ရခြင်းကြောင့် စတုတ်စီးတီးအသင်းနှင့် ပွဲစဉ်တွင် မော်ရင်ဟို အနေဖြင့် ချယ်လ်ဆီးအသင်းအား ကိုင်တွယ်ခွင့်ရမည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် ပေါ်တူဂီနိုင်ငံသားနည်းပြကြီး မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းအား ယခုနှစ်ကိုင်တွယ်ခဲ့ရာတွင် ပရီမီယာလိဂ် ၁၁ ပွဲ၌ ခြောက်ပွဲအထိ ရှုံးပွဲကြုံခဲ့ပြီး ဖိအားတစ်ရပ်နှင့် ရင်ဆိုင်နေရသူဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုသည် ချယ်လ်ဆီးအသင်း၏ ထုတ်ပယ်ခြင်းခံရနိုင်သည်ဟူသည့် သုံးသပ်ချက်များထွက်လာခဲ့ပြီး မော်ရင်ဟိုအား ထုတ်ပယ်ခဲ့ပါက အန်ဆယ်လော့တီနှင့် မာကီလီလီတို့အနက် တစ်ဦးမှာ ချယ်လ်ဆီးအသင်းနည်းပြ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

အန်ဆယ်လော့တီနှင့် မာကီလီလီတို့သည် ၂၀၁၃ ခုနှစ်က တစ်ဦးနှင့်တစ်ဦး မကွဲကွာမီ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၌ အတူတာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်။ အဆိုပါနည်းပြနှစ်ဦးသည် ချယ်လ်ဆီးအသင်းက နည်းပြမော်ရင်ဟိုအား ထုတ်ပယ်ခဲ့ပါက ချယ်လ်ဆီးအသင်းနည်းပြရာထူးတာဝန်ကို ထမ်းဆောင်ရန် အသင့်ရှိနေကြပြီး ထောက်ခံသူများအကြားတွင်လည်း ရေပန်းစားနေသူများဖြစ်သည်။ ထို့ပြင် လက်ရှိတွင်လည်း အန်ဆယ်လော့တီရော မာကီလီလီပါ အသင်းလက်မဲ့ဖြစ်နေသူများဖြစ်သည်။

အန်ဆယ်လော့တီသည် ပြီးခဲ့သည့်နွေရာသီကာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲခဲ့သူဖြစ်ပြီး မာကီလီလီသည်လည်း ပီအက်စ်ဂျီအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။ အန်ဆယ်လော့တီသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ချယ်လ်ဆီးအသင်းအား ကိုင်တွယ်ခဲ့ရာတွင် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ **(ငွေကြယ်)**



## ဘိုင်ယန်မှာ ပိုကောင်းသောအသင်းဖြစ်ကြောင်း သက်သေထူရန် အာဆင်နယ်အားအနိုင်ကစားမည်

ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီးက ဘိုင်ယန်မှာ ပိုမိုကောင်းမွန်သောအသင်းအဖြစ် သက်သေထူရန်အတွက် အာဆင်နယ်အား အနိုင်ကစားမည်ဖြစ်ကြောင်း ကြွေးကြော်ခဲ့သည်။

အဆိုပါ ပိုလန်တိုက်စစ်မှူး၏ မြင့်မားသော ဂိုးသွင်းစွမ်းရည်ကြောင့် ပရိသတ်များက ၎င်းအား မက်ဆီ၊ စီရိုနယ်လ်ဒိုတို့နှင့်ပင် အဆင့်တူသော ကစားသမားအဖြစ်သတ်မှတ်ထားကြသည်။ လီဝမ်ဒေါစကီးသည် နောက်ဆုံးကစားခဲ့သည့် ၁၅ ပွဲတွင် သွင်းဂိုး ၂၂ ဂိုး သွင်းယူနိုင်ခဲ့သည်အထိ ခြေစွမ်းထက်မြက်နေသူဖြစ်သည်။

ဘိုင်ယန်ကွင်းလယ်ကစားသမား ဗီဒယ်လ်က အာဆင်နယ်မှာ အသင်းကောင်းတစ်သင်းဖြစ်သော်လည်း ဘိုင်ယန်၏ အိမ်ကွင်းဖြစ်သော အလိုင်းယန့်ဇ်အရီနာကွင်းတွင် ယခင်ပွဲရလဒ်အတိုင်း ရရှိရန် မျှော်လင့်ချက်လုံးဝရှိမည်မဟုတ်ဟု ပွဲကြိုသတိပေးစကား ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့နှစ်ပွဲမှာ ကျွန်တော့်အနေနဲ့ ဘိုင်ယန်အတွက် ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ဒါကြောင့် အခုဂိုးပေါက်ပြန်တွေ့နိုင်ဖို့ ကျွန်တော် ပေါက်ကွဲပြချင်နေပါတယ်။ကျွန်တော်တို့က အခုထိအမှတ်လိုအပ်ချက်မြင့်မားနေဆဲ ဖြစ်တဲ့အပြင် ဘိုင်ယန်ဟာ ပိုကောင်းတဲ့ အသင်းဆိုတာ သက်သေပြချင်တာကြောင့် အာဆင်နယ်ကို အနိုင်ကစားပြချင်ပါတယ်။ ကျွန်တော်တို့ အာဆင်နယ်ကို သေချာပေါက်အနိုင်ကစားနိုင်မယ်လို့လည်း ယုံကြည်ထားပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ဘက်မှာ အခွင့်အရေးတွေ အပြည့်ရှိနေပါတယ်" ဟု လီဝမ်ဒေါစကီးက ပွဲကြိုသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အာဆင်နယ်သည် ယခင်ချန်ပီယံလိဂ် ပွဲစဉ်နှစ်ပွဲတွင် ဒိုင်နမိုဇာဂရက်နှင့် အိုလံပီယာကော့စ်တို့အားရှုံးနိမ့်ခဲ့သော်လည်း ဘိုင်ယန်အား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားကာ ချန်ပီယံလိဂ် မျှော်လင့်ချက်ကို ဆက်လက်အသက်သွင်းနိုင်ခဲ့သည်။ သို့သော် ယခုထိ အုပ်စုအဆင့်တွင် အောက်ဆုံး၌ ဆက်လက်ရပ်တည်နေဆဲဖြစ်သောကြောင့် အမှတ်လိုအပ်ချက် မြင့်မားနေဆဲပင်ဖြစ်သည်။

**[မေလှဲ့သင်း]**

# ပါရမီ ခရီးသည်တင်ယာဉ် ရိုက်နှက်မှုဖြစ်စဉ် ကျူးလွန်သူများ ဖမ်းဆီးရမိရေး သက်ဆိုင်ရာက အဖွဲ့များဖွဲ့ ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

ဗဟန်းမြို့နယ် တာမွေမီးပွိုင့်အနီးတွင် ပါရမီခရီးသည်တင် (၁၇၄) ယာဉ်လိုင်းမှ ယာဉ်တစ်စီးအား လူအုပ်စုတစ်စုက ရိုက်နှက်ခဲ့သည့်ဖြစ်စဉ်မှ ကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် အဖွဲ့များဖွဲ့၍ အပူတပြင်း ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် ည ၇ နာရီခန့်က ယာဉ်မောင်း ဦးသူရမောင် (၂၇)နှစ် မောင်းနှင်လာသော ပါရမီ (၁၇၄) ယာဉ်လိုင်းမှ ယာဉ်အမှတ် (7B/-------) ယာဉ်သည် ယာဉ်နောက်လိုက် နှစ်ဦးနှင့်အတူ ခရီးသည်များကိုတင်ဆောင်၍ မောင်းနှင်လာစဉ် မရမ်းကုန်းမြို့နယ် နဝဒေးမီးပွိုင့်အရောက် ကိုယ်ပိုင်ယာဉ် အမှတ် (2J/-------) Honda insight အမျိုးအစား ခဲရောင်ယာဉ်က ကျော်တက်ဟန်နှစ်ကြိမ်ခန့် ပြုလုပ်ခဲ့ပြီး ရှစ်မိုင်လမ်းဆုံအရောက်တွင် အဆိုပါယာဉ်မှ ခရီးသည်တင်ယာဉ်ရှေ့သို့ ပိတ်ရပ်ကာ ၎င်းယာဉ်ပေါ်မှ အသက် (၃၀)ခန့်ရှိ အမျိုးသားတစ်ဦးနှင့် ယာဉ်နောက်လိုက်နှစ်ဦးတို့ အပြန်အလှန် စကားများ ရန်ဖြစ်ခဲ့ကြရာ ယာဉ်ပေါ်ပါ ခရီးသည်များက ဝိုင်းဝန်းဖျန်ဖြေပေးခဲ့သဖြင့် အဆိုပါအမျိုးသားမှာ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ပြန်လည်မောင်းနှင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထို့နောက် ခရီးသည်တင်ယာဉ်မှာ လမ်းကြောင်းအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဗဟန်းမြို့နယ် တာမွေမီးပွိုင့်သို့ရောက်ရှိစဉ် ခရီးသည်တင်ယာဉ်ရှေ့သို့ ကိုယ်ပိုင်ယာဉ်တစ်စီး ရပ်တန့်ခဲ့ပြီးနောက် ရှစ်မိုင်လမ်းဆုံတွင် စကားများရန်ဖြစ်ခဲ့သူ အပါအဝင် လူခြောက်ဦးခန့်က တုတ်များ ကိုင်ဆောင်၍ ဆင်းလာကာ ခရီးသည်တင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် နှစ်ဦးတို့အား ယာဉ်ပေါ်တက်၍ ရိုက်နှက်ခဲ့သဖြင့် ယာဉ်မောင်းနှင့် ယာဉ်အကူတို့မှာ ဆင်းပြေးခဲ့ရကြောင်း သိရသည်။

ယင်းနောက် အဆိုပါ ခြောက်ဦးက ပါရမီယာဉ်၏ ရှေ့/နောက် လေကာမှန်နှင့် အတက်/အဆင်း တံခါးမှန်တို့ကို ရိုက်ခွဲခဲ့ကြသဖြင့် တာမွေမြို့နယ်နေ ခရီးသည် မအေးအေးမွန် (၂၇)နှစ်မှာ ကြောက်လန့်၍ သတိလစ်သွားပြီး တာမွေ ကျောက်မြောင်းကြီးရပ်ကွက်နေ ခရီးသည် မခင်မြတ်မွန် (၂၉)နှစ်မှာ ယာဉ်ပေါ်မှ ဆင်းပြေးရာ လမ်းပေါ်သို့လဲကျမှုကြောင့် ယာမျက်ခုံးဘေးပွန်းစုတ်၊ နှာခေါင်းယာဘက် ပေါက်ပြဲ၊ အပေါ်သွားများနာကျင်၊ ဝဲ၊ ယာ လက်ခုံများ ပွန်းစုတ်ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာ (မစိုးရိမ်ရ) များအဖြစ် ကုသလျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွန်းက "အခုဖြစ်စဉ်က ယာဉ်ကြောလုမောင်းရင်းနဲ့ဖြစ်တာပါ။ ဖြစ်စဉ်ကိုသွားရောက်စစ်ဆေးတုန်းက ခရီးသည်တင် ယာဉ်ဘေးမှာ အဝတ်စမီးရှို့ထားတာတွေ့ရတယ်။ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တို့ရဲ့ အဝတ်တွေ မဟုတ်ပါဘူး။ ရှို့တဲ့အခါမှာလည်း ယာဉ်ပေါ်မှာလုပ်ခဲ့တဲ့ အထောက်အထား မတွေ့ပါဘူး။ ဘယ်သူက ဘယ်အချိန်မှာရှို့ခဲ့တာလဲဆိုတာကို စုံစမ်းနေတဲ့အပြင် ကျူးလွန်သူတွေကို အမြန်ဆုံးဖမ်းဆီးရမိဖို့ အဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကျူးလွန်သူ လူခြောက်ဦး (စုံစမ်းဆဲ) တို့ကို ဗဟန်းမြို့နယ် မြို့မရဲစခန်းက (ပ) ၄၄၈/၂၀၁၅ ပြစ်မှုပုဒ်မ ၄၄၀/၃၃၇/၁၁၄ တို့ဖြင့် အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**



# မြေနီကုန်းကျေးရွာတွင် နာရီပိုင်းအတွင်း ယာဉ်တိုက်မှု နှစ်ခုဖြစ်ပွား သံဃာတစ်ပါးနှင့် လူတစ်ဦး သေဆုံး

**သထုံ နိုဝင်ဘာ ၃**

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာတွင် နိုဝင်ဘာ ၂ ရက်က နာရီပိုင်းအတွင်း မနီးမဝေးနေရာနှစ်ခု၌ ယာဉ်တိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ပြီး အဆိုပါယာဉ်တိုက်မှုကြောင့် သက်တော် (၈၆)နှစ်ရှိ သံဃာတစ်ပါးနှင့် အသက်(၅၀)ခန့်ရှိ လူတစ်ဦးတို့ သေဆုံးခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါနေ့ ည ၉ နာရီခန့်က သထုံဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကိုသန့်ဇင်ဖြိုးဝေ မောင်းနှင်လာသည့် ISUZU ခြောက်ဘီး Mini Bus ယာဉ်သည် မြေနီကုန်းကျေးရွာ ရန်ကုန်-သထုံ အဝေးပြေးလမ်း၊ မိုင်တိုင်အမှတ် (၁၄၇/၃)နှင့် (၁၄၇/၄)အကြားတွင် လမ်းဖြတ်ကူးနေသည့် ဘင်လှိုင်ရပ်ကွက် ဦးဖြူလမ်းနေ ဦးငွေထွန်းအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ နေရာတွင် သေဆုံးခဲ့သည်။

ထပ်မံ၍ ယင်းနေ့ ည ၁၂ နာရီခန့်တွင် ၎င်းနေရာအနီး မိုင်တိုင်အမှတ် (၁၄၇/၁)နှင့် (၁၄၇/၂)အကြား၌ သထုံမြို့ နေမိန္ဒရကျောင်းသစ်မှ သက်တော်(၈၆)နှစ်ရှိ ရဟန်းတော်တစ်ပါးဖြစ်သူ အရှင်ဝဏ္ဏသိဒ္ဓိအား လမ်းဖြတ်ကူးနေစဉ် ယာဉ်တစ်စီးက တိုက်မိပြီး နေရာတွင် သေဆုံးခဲ့သည်။

ဝင်ရောက်တိုက်မိသည့် ယာဉ်မောင်းမှာ ယာဉ်နှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုများတွင် သထုံမြို့မရဲစခန်းမှ ISUZU ခြောက်ဘီး Mini Bus ယာဉ်မောင်း ကိုသန့်ဇင်ဖြိုးဝေအား အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်နေသော ယာဉ်နှင့်ယာဉ်မောင်းအား အရေးယူနိုင်ရန်အတွက် လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**




# ရိုးမဖြတ်ကျော်လမ်းပေါ် ယာဉ်တစ်စီးတိမ်းမှောက်ရာမှ တရားမဝင်ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**ရေတာရှည် နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်း (၁၀/၇) မိုင်တွင် နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲခန့်က ခြောက်ဘီးယာဉ်တစ်စီး တိမ်းမှောက်ပြီး ချောက်အတွင်း ထိုးကျသွားရာ အဆိုပါယာဉ်ပေါ်တွင် တင်ဆောင်လာသော တရားမဝင် ကျွန်း၊ ပျဉ်းကတိုးသစ်ခွဲသားများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ စိုင်းရကြီးဝိုင်း ဘိနယ်တာဝန်ခံ ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ တိမ်းမှောက်သွားသည့် LIFAN ခြောက်ဘီးယာဉ်ပေါ်တွင် တင်ဆောင်လာသော ကျွန်းသစ်ခွဲသား ၃၉ ချောင်း (၁ ဒသမ ၈၅၄၈ တန်)၊ ပျဉ်းကတိုးခွဲသား ၁၂ ချောင်း (၁ ဒသမ ၂၁၈၄ တန်) စုစုပေါင်း ၃ ဒသမ ၀၇၃၂ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့၍ ဆွာနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**







ငှား မည်
သံလျင် star city အဆင့်မြင့်
ပြင်ပြီး ပစ္စည်းစုံ (1MBR+2BR)
5 လ (U.S. $ 1800)
09-509-9696
09-7319-9696

မူးယစ်ဆန့်ကျင်
အောင်ပွဲဆင်









## ထီးလင်းတွင်ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်

**ဂန့်ဂေါ နိုဝင်ဘာ ၃**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop ကိုအောက်တိုဘာ ၃၀ ရက် က အဆိုပါရုံးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါစုပေါင်းရုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့ပါဝင်ကြောင်းနှင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရသည့် ပြည်သူများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာတည်းဖြင့် အချိန်ကုန်သက်သာစေမည်ဖြစ်ကြောင်းသိရသည်။

**(၄၆၅)**

## တံတားအမှတ်(၁/၄၇)ဘေလီသံပေါင်မြစ်သာပေါက်တံတား ကွေးညွတ်ပျက်စီး

**မိုးညို နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ထိန်တော-မိုးညို-တာပွန်-နတ်တလင်းလမ်း တံတားအမှတ် ၁/၄၇ ဘေလီသံပေါင်မြစ်သာပေါက်တံတားသည် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခန့်တွင်ချောင်းအတွင်းသို့ ကွေးညွတ်ကျဆင်းသွားခဲ့၍ ပိုမိုခိုင်ခံ့သည့် တံတားဖြစ်စေရန်အတွက် ဒေသခံများက ဆန္ဒရှိနေကြကြောင်း အဆိုပါ ဒေသခံများက ပြောသည်။

မိုးညိုမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် တံတားရေလယ်တိုင်ပြိုကျ၍ ဩဂုတ်လကုန်မှ စက်တင်ဘာလ ၁၁ ရက်အထိ တံတားပြန်လည်ပြုပြင်ရန် တံတားအထူးဖွဲ့ (၁၀)မှ တံတားသံပေါင် ဖြောင့်ခြင်း၊ ကြမ်းခင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၂၃ ရက်မှစ၍ ဒေသခံပြည်သူများ၊ ခရီးသွားလာသူများ အဆင်ပြေစွာ သွားလာနိုင်ခဲ့သည်။



မြစ်သာ-ပေါက် တံတားမှာ ဧရာဝတီမြစ်ရေ ကျဆင်းချိန်နှင့် ချောင်းရေကျဆင်းချိန်တို့တွင် တံတားချဉ်းကပ်လမ်းမှာ နှစ်ပေခန့် ကျဆင်းသွားခဲ့၍ အောက်တိုဘာ ၂၈ ရက်တွင် မြေပြိုကျမှု ဆက်လက်ဖြစ်ပေါ်ခဲ့ပြန်ရာ တံတားကမ်းကပ်ခုံ A1မှာ လေးပေခန့် ကျွံကျပြီး ချောင်းဘက်သို့ ၁၅ ပေခန့် ရွေ့လျားသွားခဲ့သဖြင့် ရေလယ်တိုင် P2 မှာ လည်း ၁၅ ပေခန့် တိမ်းစောင်းသွားခဲ့သည့်အတွက် တာဝန်ရှိသူများက တံတားပေါ်မှ ဖြတ်သန်းသွားလာခြင်းကို တားမြစ်ထားခဲ့သည်။

ယင်းနောက် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခန့်တွင် တိမ်းစောင်းနေသည့် တံတားရေလယ်တိုင် P2လဲကျပြီး ဘေလီသံပေါင်များမှာ ချောင်းအတွင်းသို့ ကွေးညွတ်ကျဆင်းသွားသည်။

သံပေါင် အစွန်းနှစ်ဖက်မှာ ကမ်းကပ်ခုံတွင် ရှိနေသည့် မြစ်သာတံတားပြုပြင်ချိန်နှင့် တံတားကွေးညွတ်ကျဆင်းချိန်တို့တွင် ခရီးသွားပြည်သူများသည် စက်လှေများဖြင့် ဖြတ်ကူးကြရာ ဆိုင်ကယ်နှင့် လူတစ်ဦးလျှင် အသွား၊ အပြန် ကျပ် ၁၄၀၀ ပေးရကြောင်း၊ မိုးရာသီတွင် ချောင်းရေစီးသန်ခြင်းကြောင့် ပိုမိုခိုင်ခံ့သည့် တံတားဖြစ်စေရန်အတွက် ဒေသခံများက ဆန္ဒရှိနေကြောင်း သိရသည်။

**ဝ၇၁**



## ညောင်တုန်းမြို့တွင် လျှပ်စစ်မီးကြိုးလိုင်း ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်

**ညောင်တုန်း နိုဝင်ဘာ ၃**

ညောင်တုန်းမြို့အတွင်းရှိ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းရေးအတွက် ကွန်ကရစ်မီးတိုင်များ စိုက်ထူခြင်း၊ မြို့တွင်းရှိ လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အများပြည်သူများရှိသည့် ကားဂိတ်နှင့် မြို့မဈေးကြီးရှေ့ လမ်းမတော်နှင့် လမ်းဆုံနေရာများတွင် လျှပ်စစ်မီးမီးကြိုးများ ပြုတ်မကျစေရန် လျှပ်စစ်မီးလိုင်းကြိုးများအား ကြွေသီးများဖြင့် ချည်နှောင်ချိတ်ဆက်သွယ်တန်းပေးခြင်း (Link -Connection)များကို ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေး အတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် တိုင်မတ်ခြင်းလုပ်ငန်းများအား ဦးစိုးပိုင်ခေါင်းဆောင်ကာ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့်အဖွဲ့က နိုဝင်ဘာ ၁ ရက်က ဆောင်ရွက်လျက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်က လျှပ်စစ်မီးဘေးအန္တရာယ် ကင်းဝေးရေး အသိပညာပေးခြင်းများနှင့် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်ပွဲ ဆားလင်းကြီးတွင် ကျင်းပ

**ဆားလင်းကြီး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ဆားလင်းကြီးမြို့ အမှတ်(၂၂) စက်မှုလယ်ယာထွန်စက်စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆားလင်းကြီးမြို့ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆားလင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းလင်းက သင်တန်းတက်ရောက်လာကြသော သင်တန်းသားများအား လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းကို ၎င်းကိုယ်တိုင်မောင်းနှင်ပြသခြင်း၊ စက်ပြင်ဆင်ခြင်းများကို ဆားလင်းကြီးမြို့၊ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ဆားလင်းကြီးမြို့နယ်သမဝါယမအသင်းမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းသား ၂၇ ဦးဖြစ်ကာ သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## ၂၀၁၅ခုနှစ် ရွေးကောက်ပွဲ၌မသန်စွမ်းသူများမဲပေးနိုင်ရေး ဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၃**

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှကြီးမှူး၍ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများမဲပေးနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်းရှိ ဒဂါါဟိုတယ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ ဒေါ်သိမ့်သိမ့်ဖူးကအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းတင်ပြ၍ ဦးနေလင်းစိုးက မြန်မာနိုင်ငံရှိ မသန်စွမ်းသူမဲဆန္ဒရှင်များ၏ လက်ရှိအခြေအနေအား ဆွေးနွေးတင်ပြခဲ့သည်။

ဒေါ်ယုယသူက မသန်စွမ်းမှုအမျိုးအစားအလိုက်ဆန္ဒမဲပေးရာတွင်လိုအပ်သည့်အချက်အလက်များဆွေးနွေးတင်ပြကာ ဦးစောသက်အောင်က မသန်စွမ်းမဲဆန္ဒရှင်များအတွက် ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းစဉ်များအား တင်ပြရာ တက်ရောက်လာသော နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများက အကြံပြု ဆွေးနွေးကြသည်။

မသန်စွမ်းမှုသည် အသက်အရွယ်၊ အမျိုးသားအမျိုးသမီး၊လူမျိုးဘာသာ၊ဆင်းရဲချမ်းသာ၊ နေရာဒေသမရွေးနေရာတိုင်းတွင်မသန်စွမ်းသူများရှိနေပြီး မသန်စွမ်းမှုတွင်ကိုယ်အင်္ဂါချို့ယွင်းမှု၊ အမြင်အာရုံချို့ယွင်းမှု၊ အပြောအကြားအာရုံချို့ယွင်းမှု၊ ဉာဏ်ရည်ချို့ယွင်းမှု၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုတို့ ပါဝင်သည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းထုတ်ပြန်ချက်အရ လူဦးရေ၏ ၄ဒသမ ၆ရာခိုင်နှုန်း ၂ ဒသမ ၃ သန်းခန့်မှာ မသန်စွမ်းသူများဖြစ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ အမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံချို့တဲ့သူ၊ ဉာဏ်ရည်ချို့ယွင်းသူ၊ မသန်စွမ်းမှုပြင်းထန်သူများ၊ မဲဆန္ဒရှင်များ ကိုယ်တိုင်အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးအတွက် တူညီသည့် မဲရုံရှိမဲစာရင်းတွင် အမည်စာရင်းပါဝင်နေသူတစ်ဦးအား အကူအဖြစ်ရွေးချယ်၍ မဲရုံသို့ အတူခေါ်ဆောင်သွားခွင့်ပြုထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်

**သရက် နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စမ်းအိုင့်ကျေးရွာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများမှ အရွယ်ရောက်သော အမျိုးသမီးများ အလုပ်အကိုင်အခွင့် အလမ်းရရှိစေရန် ရည်ရွယ်၍ စက်ချုပ်သင်တန်းအမှတ်စဉ်(၃/၂၀၁၅) သင်တန်းဖွင့်ပွဲကို စမ်းအိုင့်ကျေးရွာ ရွာလယ်မွောရုံအတွင်း ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါဖွင့်ပွဲသို့ စမ်းအိုင့်ကျေးရွာ၊ သီးကုန်းကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ ဆင်တဲကျေးရွာနှင့် လျှော်တောင်ကျေးရွာတို့မှ သင်တန်းသူ ၂၆ ဦး တက်ရောက်သင်ကြားကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူတစ်ဦးလျှင် အပ်ချုပ်စက်တစ်လုံးစီဖြင့် ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီတို၊ ဘောင်ဘီရှည်ချုပ်ခြင်း၊ မိန်းမဝတ် ရင်ဖုံးအင်္ကျီချုပ်ခြင်း၊ မိန်းမဝတ်ရှပ်အင်္ကျီချုပ်ခြင်းများကို သင်တန်းဆရာနှစ်ဦးဖြင့် စက်တွေ့၊ လက်တွေ့တတ်ကျွမ်းအောင် သင်ကြားပေးလျက်ရှိသည်။

**ဇော်ထက်(သရက်)**



ဖတ်စရာ

# နှစ်ပေါင်း(၃၂၇)နှစ်သက်တမ်းရှိ မြိတ်မြို့မှ ရှေးဟောင်းသမိုင်းဝင် တောကျောင်းတိုက်ကြီး

**ခ** ဇော်မျိုးနိုင်(မြိတ်ခရိုင်)

နေရာဒေသများစွာတို့တွင် တစ်ခေတ်တစ်ခါ၏အရိပ်တို့ကိုထင်ဟပ်စေသော ရှေးဟောင်းသမိုင်းဝင် နေရာများစွာတည်ရှိနေပေရာ နှစ်ပေါင်း ၃၂၇ နှစ်ခန့်သက်တမ်းရှိ တောကျောင်းတိုက်ကြီးမှာလည်း မြိတ်မြို့၏ ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

ယနေ့အချိန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ်းရိုးတန်းမြို့တော်အဖြစ် ထင်ရှားသည့်မြိတ်မြို့သည် ယခင်က တံငါရွာငယ်လေးတစ်ရွာသာဖြစ်ပြီး ရှေးမြန်မာမင်းတို့ လက်ထက်တွင် ခံတပ်မြို့ငယ်လေးတစ်ခုဖြစ်ခဲ့ရာ ထိုအချိန်ကတည်းက တည်ရှိလာခဲ့သည့် တောကျောင်းတိုက်ကြီးသည် တစ်ခေတ်တစ်ခါက ဗိသုကာလက်ရာများဖြင့် ယနေ့တိုင်တည်ရှိနေသည်။

မြန်မာသက္ကရာဇ် ၁၀၂၈ ခုနှစ် (လွန်ခဲ့သောနှစ်ပေါင်း ၃၄၉) နှစ်ခန့်က ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၁၅၀ ခန့်တွင် အလျားပေ ၃၀၀ ကျော်ခန့်ကျယ်ပြန့်သည့် ပုန်းညက်ပင်များပေါများစွာပေါက်ရောက်နေသဖြင့် ပုန်းညက်တောင်ဟုခေါ်တွင်သည့် ကုန်းမြင့်ပေါ်တွင် ဒေသခံများက တောများခုတ်ထွင်ရှင်းလင်းပြီး စေတီတော်ငယ်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြသည်။

ထိုမှနောက် ၂၂ နှစ်အကြာ မြန်မာသက္ကရာဇ် (၁၀၅၀) ပြည့်နှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် အရှင်ယပ်တောင်ဘွဲ့အမည်ရ မထေရ်တစ်ပါးသည် အဆိုပါစေတီအနီးတွင် ကျောင်းဆောက်တည်ပြီးသီတင်းသုံးခဲ့ရာမှ တောအတွင်းကျောင်းဆောက်တည်သီတင်းသုံးသည်ကို အစွဲပြု၍ တောကျောင်းဟုအမည်ထွင်ခဲ့လေရာ ယခုအခါ အဆိုပါတောကျောင်းသည် (ယခုသက္ကရာဇ် ၁၃၇၇ ခုနှစ်) အရ နှစ်ပေါင်း ၃၂၇ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

ထိုစဉ်က မြိတ်မြို့သည် မာရိတ်မြို့ဟုခေါ်တွင်နေသည့်အချိန်ဖြစ်ပြီး ထိုနောက်တွင်မှ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မာရိတ်မြို့ကိုအောင်နိုင်ပြီး ၎င်း၏သားတော်ကြီးဖြစ်သည့် နောင်တော်ကြီးမင်းလက်ထက် သက္ကရာဇ် ၁၁၂၃ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်နေ့တွင် မာရိတ်မြို့မှ မြိတ်မြို့ဟု အမည်အသစ်ကိုပြောင်းလဲခေါ်ဝေါ်ခဲ့ရာ တောကျောင်းတိုက်ကြီးမှာ မြိတ်မြို့ဟုအမည်မတွင်မီ နှစ်ပေါင်း ၇၃ နှစ်ခန့်စော၍ တည်ရှိခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရပြီး အဆိုပါကျောင်းတိုက်ကြီးတွင် ထိုခေတ်အခါမှစ၍ ခေတ်အဆက်ဆက် ဗိသုကာလက်ရာတချို့ကို ယနေ့တိုင် တွေ့ရှိလေ့လာနိုင်လေသည်။

အဆိုပါကျောင်းတိုက်ကြီးတွင် သက်တမ်း ၂၇၄ နှစ်ခန့်ရှိ ရှေးဟောင်းသိမ်တစ်ခုရှိပြီး ထိုခေတ်အခါက ဗိသုကာလက်ရာများ၊ ထူးခြားသည့်ရုပ်လုံးရုပ်ကြွများ၊ နတ်ရုပ်တုများ၊ မှန်စီရွှေချထားသော ကျောင်းဆောင်နံရံများ၊ ရှေးဟောင်းဆင်းတုတော်များကို ရှေးမူအတိုင်းလေ့လာနိုင်သည်။

ထို့အပြင် သိမ်၏အပြင်ဘက်ပတ်ပတ်လည်တွင် ရှေးဟောင်း ထိုင်တော်မူဗုဒ္ဓဆင်းတုတော်များကို ဖူးမြော်လေ့လာနိုင်ကာ အဆိုပါတောင်ပေါ်တွင် (လွန်ခဲ့သောနှစ်ပေါင်း ၃၄၉) နှစ်ခန့်က တည်ထားခဲ့ပြီး အနည်းငယ်မျှပြန်လည်ပြုပြင်မွမ်းမံထားသည့် စေတီတော်ကိုလည်း ဖူးတွေ့နိုင်မည်ဖြစ်ပြီး အတိဘဝနာထအတုလရံသီရုပ်ပွားတော်မြတ်ကိန်းဝပ်စံပယ်ရာ ကျောင်းဆောင်၏ ဘုံခုနစ်ဆင့်ရှိသည့် လက်ရာမြောက်ဘုရားတန်းဆောင်းကြီးရှိပြီး အဆိုပါဘုရားတန်းဆောင်းပြာသာဒ်ကြီးမှာ မြိတ်မြို့၏ မည်သည့်ကုန်းမြင့်များမှမဆို လှမ်းကြည့်လျှင် မြင်တွေ့နိုင်ပေရာ တောကျောင်းတိုက်ကြီး၏ အဓိကပုံရိပ်တစ်ခုဖြစ်သည်။

တောကျောင်းတိုက်ကြီးသည် အစဉ်အလာတစ်လျှောက်တွင် ပထမဆုံးကျောင်းထိုင် သီတင်းသုံးသည့် ဆရာတော်မှာ အရှင်ယပ်တောင်မထေရ်ဖြစ်ကာ သုံးဆက်မြောက်ဖြစ်သည့် စတိန်ဆရာတော်ဦးဇာဂရအား အင်းဝဆင်ဖြူရှင်မင်းတရားကြီးက ဇုဏသာရဓဇ မဟာဓမ္မရာဇဂုရုဘွဲ့တော်ကိုလည်းကောင်း၊ ခြောက်ဆက်မြောက်ဆရာတော် ဦးဇုဏမဟာထေရ်အား မန္တလေးနေပြည်တော်မင်းတုန်းမင်းတရားကြီးက ဇုဏဓမ္မရာဇမာလာဘွဲ့တော်ကိုလည်းကောင်း၊ ဆယ့်နှစ်ဆက်မြောက်ဆရာတော် ဦးပဒုမ မဟာထေရ်အား တော်လှန်ရေးကောင်စီ နိုင်ငံတော်သမ္မတက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆယ့်သုံးဆက်မြောက်ဆရာတော် ဦးသောဘဏအား မြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း ခေတ်အဆက်ဆက် ဆက်ကပ်ချီးမြှင့်ခဲ့ကြသည်။



ယခုအခါ အဆိုပါတောကျောင်းတိုက်ကြီးတွင် ဆယ့်လေးဆက်မြောက်ဆရာတော်ဖြစ်သည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသမဟာထေရ် ဆရာတော်ဘုရားကြီးက ကျောင်းထိုင်သီတင်းသုံးကာ စာသင်စာချသံဃာတော် ၁၅ ပါးနှင့် ရှင်သာမဏေ ၃၅ ပါးတို့ကို ပရိယတ္တိစာပေများ သင်ကြားပို့ချပေးကာ သာသနာအကျိုးထမ်းပိုးဆောက်ရွက်လျက်ရှိပေရာ တစ်ခေတ်တစ်ခါမှ ယနေ့အချိန်အထိ အစဉ်အလာကြီးမားလှသော မြိတ်မြို့၏ ပုန်းညက်တောင်ပေါ်ရှိ တောကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ရှေးဟောင်းဘုရားများနှင့် ရှေးဟောင်းဗိသုကာလက်ရာများကို ခရီးသွားပြည်သူများ ဖူးမြော်လေ့လာနိုင်ပါသည်။

---



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းပေး

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ၌ တာဝန်ယူဆောင်ရွက်မည့် မဲရုံအဖွဲ့ဝင်များအား မဲရုံလုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းပေးခြင်းကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ယုဇနခန်းမတွင် အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါသင်တန်းအား မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်၍ သင်တန်းပို့ချခဲ့ကြောင်းသိရသည်။ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၂၈၀ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

---

## ကသာမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များသို့ Sky Net အစုံနှင့် 32 လက်မ TV များပေးအပ်

**ကသာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ ၂၀၁၅-၂၀၁၆ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီအစီအစဉ်မှ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကျပ်သိန်း ၅၀၀ ဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခွဲတစ်ခုတွင် ကျေးရွာတစ်ရွာနှုန်းဖြင့် Sky Net တစ်စုံနှင့် ၃၂ လက်မ TV တစ်လုံးကို ပေးအပ်ခဲ့ရာ ကသာမြို့နယ် မိုးတားကြီးကျေးရွာတွင်ရှိသော ရောင်နီဦးစာကြည့်တိုက်အတွက် Sky Net တစ်စုံနှင့် ၃၂ လက်မ TV တစ်လုံးအား ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးရုံးခန်းမ၌ ပေးအပ်ခဲ့သည်။

ကသာခရိုင်အတွင်းရှိ မြို့နယ်ခွဲခုနစ်မြို့နယ်တွင်ရှိသော ကျေးရွာစာကြည့်တိုက်များအတွက် Sky Net တစ်စုံနှင့် ၃၂ လက်မ TV တစ်လုံးစီကို ပေးအပ်ခဲ့ရာ ကသာမြို့နယ် မိုးတားကြီးကျေးရွာစာကြည့်တိုက်၊ ကောလင်းမြို့နယ် တကောင်းအိုင်ကျေးရွာစာကြည့်တိုက်၊ ဝန်းသိုမြို့နယ် တောင်ဘို့လှကျေးရွာစာကြည့်၊ အင်းတော်မြို့နယ် ကွေ့ကြီးကျေးရွာစာကြည့်တိုက်၊ ပင်လည်ဘူးမြို့နယ် သောင်တွင်းကျေးရွာစာကြည့်တိုက်၊ ဗန်းမောက်မြို့နယ် လက်နက်ကြီးကျေးရွာစာကြည့်တိုက်နှင့် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်ခဲ့ဖြစ်ကြောင်း သိရသည်။

ယခုပေးအပ်ခဲ့သော SkyNet နှင့် TV များအား စတင်အသုံးပြုသည့်နေ့မှစ၍ တစ်နှစ်စာ လစဉ်ကြေးပေးဆောင်ထားပြီးဖြစ်ကြောင်း ရရှိပြီး SkyNet TV တို့ကို ကျေးရွာရှိ စာကြည့်တိုက်တွင် အမြန်တပ်ဆင်အသုံးပြုကြရန် မိုးတားကြီးကျေးရွာအုပ်ချုပ်ရေးမှူးအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်ကေခိုင်က ပြောကြားခဲ့သည်။ ကျေးလက်နေပြည်သူများအား အသိပညာဗဟုသုတ တိုးပွားလာစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီမှ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရဲကို(ကသာ)**

---

## မြို့နယ်တရားရုံးအချုပ်ခန်း၊ ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၃**

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၈၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် (၅/ ၂၀၁၃) တို့နှင့်အညီ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်လှလှရီသည် အောက်တိုဘာ ၃၀ ရက်က ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တရားရုံးများရှိ အချုပ်ခန်းများ၊ ပြင်ဦးလွင်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့အချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အချုပ်သားများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး၊ အချုပ်သားများ နေရာထိုင်ခင်းသက်သာချောင်ချိမှုရှိ-မရှိ၊ ကျန်းမာရေးနှင့်ပြည့်စုံမှုရှိ-မရှိ၊ မကျန်းမာပါက ဆေးစစ်ကုသရန်အခွင့်အရေးရှိ-မရှိ၊ အမျိုးသမီးအချုပ်သားများအား အကာအရံလုံခြုံစွာထားရှိခြင်းရှိ-မရှိ၊ အချုပ်သားများအပေါ် ညှဉ်းပန်းနှိပ်စက်မှု၊ မတရားပြုမှုရှိ-မရှိနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**



ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက်က ပဲခူးမြို့နယ် သတင်းထောက်များက ပဲခူးမြို့ သက်ကြီးစာပေပညာရှင်များအား ဂါရဝပြုကန်တော့စဉ်။ **(၅၈၇)**

# လမ်းလျှောက်ခြင်းဖြင့် အဆီကျစေနိုင်

ကြည်လွင်မြင့်
(မုဒြာ)

ဆေးဝါးမပါ ငွေကုန်ကြေးကျမများဘဲ ကျန်းမာစေနိုင်သောနည်းမှာ လမ်းလျှောက်ခြင်းပင် ဖြစ်သည်။ မြို့ကြီးပေါ်တွင် နေထိုင်သူများနှင့် ကျေးလက်တောရွာတွင် နေထိုင်သူများ ကျန်းမာရေးကွာခြားချက်များရခြင်းမှာ လမ်းလျှောက်ခြင်းကြောင့်ဖြစ်သည်။ ဇိမ်ခံကားပေါ်တွင်ထိုင်ပြီး နေ့စဉ်အစားအသောက်ကောင်းစား၊ ဆေးဝါးအကောင်းစားများ မှီဝဲနေသည့် သူဌေးတစ်ဦးသည် တောနေ လယ်သမား၊ အလုပ်သမားတစ်ဦးလောက် ကျန်းမာရေး မကောင်းသည်မှာ လမ်းလျှောက်ခြင်းက အဓိကအကြောင်းအရင်းဖြစ်သည်ကို တွေ့ရသည်။

အလုပ်အလွန်များသဖြင့် လမ်းလျှောက်ရန်၊ အချိန်မပေးနိုင်ပါဟုဆိုသူသည် အသက်ရှည်ရန် အချိန်မပေးနိုင်ပါဟုဆိုသည်နှင့်အတူတူပင်ဖြစ်သည်။ အလုပ်သည် တစ်ခါတစ်ရံ တာဝန်ဖြစ်သည်။ တစ်ခါတစ်ရံတွင် လောဘဖြစ်သည်။ အလုပ်လောဘကြီးလွန်းလျှင် ချမ်းသာနိုင်သည်မှာ မှန်သော်လည်း ကျန်းမာရေးအတွက်တော့ မကောင်းနိုင်ပေ။

“အချိန်ရှိခိုက် လုံ့လစိုက်”ဟူသော စကားသည် ကြီးပွားတိုးတက်ရေးတစ်ခုတည်းအတွက် ဆိုထားသော စကားမဟုတ်ပါ။ အောင်မြင်ရေး၊ တိုးတက်ရေး၊ ကြီးပွားရေး၊ ချမ်းသာရေး၊ ကျန်းမာရေး အားလုံးနှင့်ဆိုင်သောစကားဖြစ်သည်။ ချမ်းသာပြီး မကျန်းမာသူများ၏ ဘဝသည် စားချင်ရာမစားရ၊ သွားချင်ရာမသွားရ၊ စိတ်သွားတိုင်း ကိုယ်မပါချေ။ လှော်တက်မပါသော လှေနှင့်ဘဝတူဖြစ်သည်ဟု ဆိုသည်။ ဘဝအောင်မြင်တိုးတက်ရေးအတွက် လုံ့လစိုက်သကဲ့သို့ ကျန်းမာရေးအတွက်လည်း ဂရုတစိုက် ပြုမူနေထိုင်သင့်သည်။ အိပ်ရာထဲလဲမှ၊ အချိန်နှောင်းမှ နောင်တရခြင်း မဖြစ်သင့်ပေ။

လူ၏ ခန္ဓာကိုယ်အနေအထားကို ကြည့်ပြီး ဝလာလျှင် သတိပြုရမည့်အချက်မှာ အဆီတိုးလာခြင်း ရှိ မရှိ စစ်ဆေးသင့်သည်။ အထူးအရေးကြီးသည်မှာ အသည်းတွင် အဆီဖုံးခြင်း ရှိ၊ မရှိနှင့် နှလုံးတွင် အဆီထုတက်၍ နှလုံးသွေးကြောကျဉ်း မကျဉ်း စစ်ဆေးကြည့်ဖို့လိုသည်။ ဤသို့စစ်ဆေးကြည့်ရန် ခေတ်မီစက်ကိရိယာများ၊ သွေးစစ်ခြင်း၊ အာထရာဆောင်းရိုက်ခြင်းများဖြင့် စစ်ဆေးနိုင်သော ခေတ်ဖြစ်သည်။ အသည်းအဆီဖုံးခြင်းသည် ယခုအခါအလွန်အဖြစ်များသောရောဂါဖြစ်သဖြင့် စစ်ဆေးသင့်သည်။

ဤသို့စစ်ဆေးရန် ငွေကြေးနှင့် အချိန်မပေးနိုင်ပါက အောက်ပါအချက်များ မိမိတွင် ဖြစ်ပွားနေခြင်း ရှိမရှိ သတိထားကြည့်ပါ။

၁။ ဝလာသည်ဟု မိတ်ဆွေများက ပြောကြားခြင်း။
၂။ အသွားအလာ အထိုင်အထတွင် လေးလံခြင်း။
၃။ နေ့လယ်စာစားပြီးလျှင် အိပ်ချင်ငိုက်မြည်းခြင်း။
၄။ ခါးနှင့်ဒူးဆစ်များနာခြင်း၊ ကိုက်ခဲခြင်း။
၅။ ဦးခေါင်းနောက်စေ့မှ ကိုက်ခြင်း၊ သွေးတိုးခြင်း။
၆။ မျက်စိအမြင်မကြည်လင်ခြင်း၊ အာရုံစိုက်မရခြင်း။
၇။ ပစ္စည်းများကိုင်လျှင် မမြဲခြင်း၊ မကြာခဏလွတ်ကျခြင်း။
၈။ ဝမ်းဗိုက်တွင် လေပွပြီး ဗိုက်စူလာခြင်း။
၉။ ဝမ်းချုပ်ခြင်း၊ လေမလည်ခြင်း။
၁၀။ ခေါင်းချွေးများခြင်း၊ အောက်ပိုင်းချွေးမထွက်ခြင်း။

အထက်ပါအချက် ၁၀ ချက်မှ ၅ ချက်နှင့် အထက် ကိုက်ညီနေလျှင် မိမိတွင်အဆီတိုးသည့်ရောဂါ စတင်ဝင်လာနေပြီကို သတိပြုအပ်သည်။ အနေအထိုင် အစားအသောက် အမြန်ပြုပြင်ဆင်ခြင် ပြောင်းလဲသင့်သည်။ အထိုင်များခြင်းကို သတိပြုရှောင်ရှားပြီး နေ့စဉ်လမ်းလျှောက်ဖို့ အချိန်ပေးခြင်း၊ အချိန်သတ်မှတ်ခြင်းပြုရမည်။ လမ်းလျှောက်လျှင် ပိုနေသော အဆီများကျသွားနိုင်သည်ကို သတိပြုပြီး ဆောင်ရွက်သင့်ပါသည်။

ခန္ဓာကိုယ်အတွင်းရှိ အဆီဓာတ်သည် ကောင်းသော အဆီဓာတ်(သက်စောင့်အဆီ)နှင့် မကောင်းသောအဆီ (အဆီပို)ဟူ၍ နှစ်မျိုးရှိသည်။ အခြေခံအားဖြင့် ကောင်းသောအဆီဓာတ်သည် အသီးအရွက်များမှရရှိပြီး မကောင်းသောအဆီမှာ တိရစ္ဆာန်များ၏အသားနှင့် တွဲလျက်ရှိသော အဆီပြင်များမှ ရလေ့ရှိသည်။ အသားစားများသူ၊ အသီးအရွက်စားနည်းသူတွင် မကောင်းသောအဆီများ တိုးလာပြီး အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းများ ဖြစ်နိုင်သည်။ ငါးစားခြင်းမှာ အသီးအရွက်စားခြင်းနှင့်တူပြီး ကောင်းသောအဆီဓာတ်ကို တိုးစေနိုင်သည်။

လမ်းလျှောက်ရာတွင် အပြေးလျှောက်ခြင်းနှင့် အနှေးလျှောက်ခြင်း (ပုံမှန်လျှောက်ခြင်း) ဟု နှစ်မျိုးရှိသည်။ လူငယ်များ အဆီတိုး၍ဝလာလျှင် အပြေးလျှောက်ခြင်းဖြင့် ဝိတ်ချနိုင်သည်။ လူကြီးများမှာ ပုံမှန်လျှောက်ခြင်းဖြင့် သင့်တော်သည်။ အသက်အရွယ်ကြောင့် ချော်မလဲစေရန် ညီညာပြီး လေကောင်းလေသန့်ရသောနေရာတွင် လမ်းလျှောက်သင့်သည်။

လမ်းလျှောက်ချိန်မှာ နံနက်အိပ်ရာထချိန်လျှောက်ခြင်းနှင့် ညနေစောင်းအချိန်လမ်းလျှောက်ခြင်း ဟူ၍ နှစ်မျိုးရှိသည်။ နံနက်စောစောလမ်းလျှောက်ခြင်းဖြင့် ပို၍အဆီကျစေနိုင်သည်ဟုဆိုသည်။ နံနက်ခင်း လမ်းလျှောက်ရာတွင် နေမထွက်မီအမှောင်ထဲတွင် မလျှောက်သင့်ပါ။ အရုဏ်တက်ပြီး အရှေ့အရပ်မှ နေရောင်ခြည်များ ဖြာထွက်လာသည့်အချိန်သည် လမ်း လျှောက်ရန်အသင့်တော်ဆုံး အချိန်ဖြစ်သည်။ နံနက်ခင်း နေရောင်ခြည်သည် အရိုးအဆစ်များကို သန်မာစေသည်။ သစ်ပင်များသည် နံနက်ခင်းနေရောင်ခြည်တွင် အစာချက်ပြီး လေကိုသန့်စင်စေသည့် အောက်ဆီဂျင်ဓာတ်ကို ထုတ်လွှတ်ပေးသဖြင့် နေထွက်ချိန်တွင် သစ်ပင်ကြီးများအောက် တွင် လမ်းလျှောက်လျှင် ပို၍ကျန်းမာစေနိုင်သည်ဟုဆိုသည်။

ညနေချိန် လမ်းလျှောက်ခြင်းမှာ နံနက်ခင်း နေရောင်ခြည်အောက်တွင် လမ်းလျှောက်ခြင်းလောက် အောက်ဆီဂျင်ဓာတ်မရရှိနိုင်သော်လည်း အပြစ်မဖြစ်ပါ။ အညောင်းအညာပြေစေနိုင်သည်။ ခန္ဓာကိုယ် သွေးလှည့်ပတ်မှုကောင်းပြီး အဆီဓာတ်များပျော်ကျအောင် လှုံ့ဆော်ပေးရာရောက်သဖြင့် နံနက်ခင်းတွင် လမ်းလျှောက်ရန် အဆင်မပြေလျှင် ညနေခင်းတွင်လျှောက်ရမည်ဖြစ်သည်။

**လမ်းလျှောက်ခြင်းအကျိုးကျေးဇူးများ-**

၁။ အကြောအခြင်များ ပေါ့ပါးစေနိုင်သည်။
၂။ မကောင်းသောအဆီပိုများ လျော့ကျစေနိုင်သည်။
၃။ သွေးလှည့်ပတ်မှုကောင်း၍ နှလုံးအားကောင်းစေသည်။
၄။ ဝမ်းကိုမှန်စေနိုင်သည်။
၅။ အသည်းအဆီဖုံးခြင်းမှ ကာကွယ်နိုင်သည်။
၆။ အဆုတ်အားကောင်းစေနိုင်သည်။
၇။ ခြေသလုံးကြွက်သား အားကောင်း၍ ကြွက်တက်ခြင်းမှကာကွယ်စေနိုင်သည်။
၈။ အူသိမ်အူမမှ မကောင်းသော အညစ်အကြေးများ အောက်သို့သက်စေနိုင်သည်။
၉။ အစာအိမ်မှ အစာကြေချက်အားကောင်းစေနိုင်သည်။
၁၀။ သွေးတိုးနှင့်လေဖြတ်ခြင်းမှ ကာကွယ်နိုင်သည်။

မိမိကျန်းမာရေးအတွက် အသက် ၄၀ ကျော်သူတိုင်းသည် တစ်နေ့လျှင် (၂)မိုင် ပုံမှန် လမ်းလျှောက်ပေးခြင်းဖြင့် အဆီပိုများကျစေနိုင်ပြီး အစာအိမ်၊ သွေးတိုး၊ နှလုံး၊ အသည်းအဆီဖုံး၊ လေဖြတ်ရောဂါများမှ ကာကွယ်နိုင်ကြောင်း အသိပေးတင်ပြလိုက်ပါသည်။

**လမ်းလျှောက်ချိန်မှာ နံနက်အိပ်ရာထချိန်လျှောက်ခြင်းနှင့် ညနေစောင်းအချိန် လမ်းလျှောက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ နံနက်စောစောလမ်းလျှောက်ခြင်းဖြင့် ပို၍အဆီကျစေနိုင်သည်ဟု ဆိုသည်။**

THADINGYUT SPECIAL PROMOTION
Until 9-Nov-2015

AMERICAN VISION
EYE CARE CENTER

ပါဝါမျက်မှန်ဝယ်ယူသူတိုင်းအတွက်
အမေရိကန်ဗွီးရှင်းမှ သီတင်းကျွတ် **Promotion** အထူးအစီအစဉ်

First Pair 10% OFF
Second Pair 20% OFF
Third Pair 30% OFF



AMERICAN VISION
ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့
အခုပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။



YANGON: (01) 242476, 241897, 241898, MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393

**PHP & MySQL** ကိုအသုံးပြု၍ **Web Application** ရေးသားလိုသူများအတွက်

**Dynamic Web Application Development Course**

ဤသင်တန်းတွင် PHP Fundamental Techniques, Object Oriented Techniques နှင့် Database Accessing Techniques များအပြင် Client Side Techniques များဖြစ်သော HTML, CSS, Javascript တို့ကိုပါ လေ့လာ သင်ကြားရမည်ဖြစ်သည်။

PHP သည် Web Application များရေးသားရာတွင် အသုံးပြုသော စွမ်းအားပြည့်ဝသည့် Programming Language တစ်ခုဖြစ်ပြီး MySQL မှာ ကမ္ဘာပေါ်တွင် အထင်ရှားဆုံး Open Source Database တစ်ခုဖြစ်ပါသည်။

သင်တန်းပြီးဆုံးပါက မိမိလေ့လာခဲ့သည့် Technologies များကို မည်မျှအထိ Apply လုပ်နိုင်သည်ကို သိရှိနိုင်စေရန် **Project** တစ်ခု လုပ်ဆောင်ရမည်ဖြစ်သည်။

*Enroll Now!*
09-862 8806, 01-504632

GUSTO
Institute of Information Technology

289(A), Pyay Road, Sanchaung Tsp, Yangon.

DOZO
FASHION DESIGN TECHNICAL SCHOOL
DawThidaWin B.Sc (Dip in Fashion Design, Japan)
ThetHnin Aye (BA.Fashion Design, Japan)

1991 ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ Fashion Design School ဖြစ်သည်။ Design,Pattern,Cutting,Sewingများကို တိကျမှန်ကန်သော Japan နိုင်ငံမှ နောက်ဆုံးပေါ် နည်းစနစ်များဖြင့်သင်ကြား ပေးလျက်ရှိသည်။

Courses - Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's,
မြန်မာပွဲတက်နှင့်ထိုင်မသိမ်း ၊ “မန္တလေးတွင်သင်တန်းကျောင်း ဖွင့်လှစ်နေပါပြီ”

Start Date -16.11.2015 (Mon,Tue),20.11.2015 (Wed,Thur,Fri),
“DoZoကျောင်းဆင်းပွဲရှိပါသဖြင့်ကျောင်းသား/ကျောင်းသူဟောင်းများ ဆက်သွယ်ကြပါရန်”

Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay - No. (Nagyi-2/94), Between 63 × 64 Street, Chan MyaTharZi T/S
Phone (ရုံးချိန်တွင်း) - 09 49237715, 09 5004830, 09 420301999 www.dozofashion.com

# မြန်မာ့ရေမြေသဘာဝအလှအပကို နိုင်ငံခြားသားခရီးသွား ဧည့်သည်များ အထူးသဘောကျနှစ်ခြိုက်



**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးရောက်နိုင်ငံခြားသားခရီးသွားဧည့်သည်များမှာ မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း၊ မင်းကွန်းဒေသများသို့ သွားရောက်လေ့လာကြပြီး ယဉ်ကျေးမှုဇုန်များမှ ရှေးဟောင်းသမိုင်းဝင်နေရာများကို စိတ်ဝင်တစား လေ့လာကာ မှတ်တမ်းယူလေ့ရှိကြသည်ကို တွေ့ရှိရကြောင်း ယင်းဒေသခံများက ပြောသည်။

ခရီးသွားဧည့်သည်များမှာ မြန်မာ့လက်မှုအနုပညာပစ္စည်းများကို နှစ်သက်စွာ ဝယ်ယူအားပေးကြပြီး မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ရှိ ရေမြေသဘာဝအလှအပများကို အထူးစိတ်ဝင်စားကြကာ အများအားဖြင့် အပေါ်စီးမှ မြင်နိုင်သော နေရာများမှ နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုလေ့ရှိကြသည်။

မန္တလေးမြို့တွင် အလှဆုံးသော နေဝင်ဆည်းဆာကို ကြည့်နိုင်သည့် နေရာနှစ်ခုရှိပြီး ထိုနေရာများမှာမန္တလေးတောင်ပေါ်နှင့် ဦးပိန်တံတားဖြစ်ကာ မန္တလေးတောင်နှင့် ဦးပိန်တံတားတွင် နေဝင်ဆည်းဆာကိုကြည့်ရှုနိုင်ရန်အတွက် လာရောက်သောဧည့်သည်များဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

ခရီးသွားများမှာ မြန်မာ့ရေမြေသဘာဝနှင့် ရှုခင်းကို အပေါ်စီးမှ ကြည့်ရှုရသည်ကို အထူးနှစ်သက်ကြပြီး မန္တလေးမြို့အနီးတွင် ရေမြေသဘာဝအလှအပကို အပေါ်စီးမှ ကြည့်မြင်နိုင်သော နေရာများစွာရှိကာ ထိုနေရာများမှာ မန္တလေးတောင်၊ ရန်ကင်းတောင်၊ ရေတံခွန်တောင်များ ပင်ဖြစ်သည်။

ဧရာဝတီမြစ်တစ်ဖက်ကမ်း၊ မင်းကွန်းဒေသ၊ ပုထိုးတော်ကြီး၊ စစ်ကိုင်းဘက်တွင်မူ ဆွမ်းဦးပုညရှင်၊ ရွှေတောင်ဦးမော်စေတီများမှနေ၍ သဘာဝအလှအပများကို ကြည့်ရှုမှတ်တမ်းတင်လေ့ရှိကြပြီး မင်းကွန်းဒေသရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မင်းကွန်းပုထိုးတော်ကြီးတွင် လှေကားများမှတစ်ဆင့်တက်ရောက်ကြည့်ရှုရခြင်းကို အထူးသဘောကျကြသည်။

မင်းကွန်းပုထိုးတော်ကြီး ပေါ်မှ ဧရာဝတီမြစ်အလှ၊ စစ်ကိုင်းတောင်တန်းအလှ၊ ပတ်ဝန်းကျင်အလှအပများကို သဘောကျစွာ မှတ်တမ်းယူကြပြီး အထူးသဖြင့် ပုထိုးတော်ကြီးပေါ်သို့ လာရောက်ဖူးမြော်လေ့လာသော ကိုရင်ငယ်များကိုတွေ့လျှင် အမှတ်တရယှဉ်တွဲဓာတ်ပုံရိုက်ကြသည်။

မြန်မာ့ရေမြေသဘာဝများကို သရုပ်ဖော်ထားသော ပန်းချီကားများ၊ ဓာတ်ပုံများသည် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို နမူနာအဖြစ် သရုပ်ပြသကဲ့သို့ရှိနေပြီး လက်ရှိကာလတွင် မန္တလေးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ သဘာဝအလှ နေဝင်ဆည်းဆာရှုခင်းများကို စောင့်ကြည့်ကြသလို အပေါ်စီးမှ ကြည့်မြင်နိုင်သည့်နေရာများကို ပိုမိုသွားရောက်လေ့လာမှတ်တမ်းယူလေ့ရှိကြောင်း သိရသည်။ **တိမ်တမန်**

## ဘုတ်ပြင်းမြို့တွင် ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများသို့ထုတ်ပေး

**ဘုတ်ပြင်း နိုဝင်ဘာ ၃**

အထွေထွေရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဘုတ်ပြင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများသို့ ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ထုတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့ထုတ်ပေးမှုတွင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ရပ်/ကျေးအုပ်စုများသို့ လွှတ်တော်အလိုက် ဆန္ဒမဲလက်မှတ်များ၊ ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် မဲရုံသုံးပစ္စည်းများအား အရေအတွက်နှင့် အမျိုးအမည် မှန်ကန်မှုရှိ-မရှိ စိစစ်စေလျက် ထုတ်ပေးခြင်းဖြစ်ရာ အဆိုပါမဲရုံသုံးပစ္စည်းများအား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများအရောက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မဲရုံအဖွဲ့ဝင်များအကူအညီဖြင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုများအရောက် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းဦး(ဘုတ်ပြင်း–ပြန်/ဆက်)**

## ဝန်းသိုတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း စုပေါင်းရုံးဖွင့်

**ဝန်းသို နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေါင်းမြူးခန်းမ၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း စုပေါင်းရုံး (One Stop Shops) ကို နိုဝင်ဘာ ၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လျှပ်စစ်အင်ဂျင်နီယာဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဝန်ဆောင်မှုများပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးက ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့်ဆက်သွယ်ရမည့် ရုံးလုပ်ငန်းများအားဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ အချိန်ကုန်သက်သာစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောက်မြို့နယ်တွင်းလပ်ကျေးရွာ၌ သံဗျင်စာကြည့်တိုက်ဖွင့်

**ချောက် နိုဝင်ဘာ ၃**

ချောက်မြို့နယ်တွင်း လပ်ကျေးရွာ၌ သံဗျင်စာကြည့်တိုက်အား ကျေးလက်နေပြည်သူတို့ စာပေမှတစ်ဆင့် ဗဟုသုတရရှိစေရန် စာကြည့်တိုက်အသုံးပြုခြင်းဖြင့် အသိပညာပွင့်လင်းရန်ရည်ရွယ်၍ အောက်တိုဘာ ၃၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲတွင် အလှူရှင်ဦးနေအောင်ဗျင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆရာကြီးဦးအောင်ကျော်ညွန့်တို့က စာကြည့်တိုက် ဆိုင်းဘုတ်အား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ စာကြည့်တိုက်အလှူရှင် ဦးနေအောင်ဗျင်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ပြောကြားခဲ့ပြီး စာကြည့်တိုက်နှင့်ဆိုင်သည့် အချက်အလက်များကို မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်ချိုချိုမာနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါ သံဗျင်စာကြည့်တိုက်ကို တွင်းလပ်ကျေးရွာနေ ဆရာကြီးဦးသံဗျင်၏ မြေးဖြစ်သူ ဦးနေအောင်ဗျင်ကမတည်ကာ ဆွေမျိုးမိတ်ဆွေများက ကျပ် ၁၉၆ သိန်းတန်ဖိုးရှိ တစ်ထပ်အောက်ခံ (RC)steel structure အမျိုးအစား (၄၀ ပေ×၂၀ ပေ×၁၀ ပေ) အဆောက်အအုံကိုတည်ဆောက်ခဲ့ပြီး(ဗဟို)ဧရာဝတီဘဏ်မှလည်း စာကြည့်တိုက်တွင်အသုံးပြုရန် ကျပ်ကိုးသိန်းတန်ဖိုးရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**





## ကျောင်းကုန်းမြို့တွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျောင်းကုန်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ရတနာပုံလမ်း၌ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်ဆန်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးဝဏ္ဏထွန်းနှင့် ကော်မတီဝင်များက ကတ္တရာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုခဲ့ကြသည်။

ရတနာပုံလမ်းသည် အလျား ၂၃၈၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့်သုံးလက်မ နှင့် အလျား ၄၂၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်သုံးလက်မ ထပ်ပိုးလွှာခင်းခြင်းဖြစ်သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် ကျောက်မဲခရိုင် နမ့်လန်ဒေသခွဲ ရပ်/ကျေးအဆင့် မဲရုံလုပ်ငန်းပညာပေးသင်တန်း ဖွင့်လှစ်

**နမ့်လန် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နမ့်လန်ဒေသခွဲ ရပ်/ကျေးအဆင့် မဲရုံလုပ်ငန်းပညာပေးသင်တန်းကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက နမ့်လန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နမ့်လန်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ နမ့်လန်ကျေးရွာအတွင်းရှိ မဲရုံပေါင်းကိုးရုံမှ မဲရုံမှူးများ၊ ဒုမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်း ၂၀၆ ဦး တက်ရောက်ခဲ့ပြီး မဲရုံလုပ်ငန်းသရုပ်ပြပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြင့်အောင်(အကြီးတန်းစာရေး)**

## မီးရထားလမ်းဖောက်လုပ်ရာ၌ သိမ်းဆည်းယာမြေများအား လျော်ကြေးငွေပေးအပ်

**ရမည်းသင်း နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ရမည်းသင်းခရိုင်အတွင်း ရမည်းသင်းမြို့နှင့် ပျော်ဘွယ်မြို့နယ်များတွင် မြန်မာ့မီးရထားလမ်းဖောက်လုပ်ရာ သိမ်းဆည်းထားသော တောင်သူများ၏ ယာမြေများအား မြေလျော်ကြေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရမည်းသင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့များ၊ သိမ်းဆည်းထားသောယာမြေအတွင်းမှ အုပ်ချုပ်ရေးမှူးများနှင့် သိမ်းဆည်းထားသော ယာမြေပိုင်ဆိုင်သည့် တောင်သူလေးဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက ယာမြေကိုပိုင်ရှင်မှန်ကန်စွာစိစစ်ကာ လက်ရှိယာမြေကို ဒေသပေါက်ဈေးအတိုင်း တွက်ချက်ပြီး ထိုက်တန်သောယာမြေ၏ လျော်ကြေးရရှိစေရန်နှင့် နစ်နာမှုမရှိအောင် ဆောင်ရွက်ခြင်းကို ရှင်းလင်းပြောကြားကာ မြန်မာ့မီးရထားတိုင်း (၅) တာဝန်ခံ ဦးသောင်းထိုက်ဝင်းက မြေယာလျော်ကြေးငွေပေးအပ်ရခြင်းကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာ့မီးရထား တိုင်း(၅) တာဝန်ခံက ရမည်းသင်းမြို့နယ်မှ ယာမြေပိုင်ရှင် တောင်သူဦးစိုးဝင်း၏ ယာမြေဧက ၄ ဒသမ ၀၁ အတွက်ငွေကျပ် ၄၀၁၀၀၀၀ ကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ်မှ တောင်သူဦးခင်မောင်ဝင်း၏ ယာမြေဧက ၀ ဒသမ ၆၄ အတွက်ကျပ် ၆၄၀၀၀၀၊ တောင်သူဒေါ်အမာ၏ယာဧက ၀ ဒသမ ၇၈ အတွက်ကျပ် ၇၈၀၀၀၀ နှင့် တောင်သူဒေါ်ဖွားခင်၏ ယာမြေဧက ၁ ဒသမ ၅၄ အတွက်ကျပ် ၁၅၄၀၀၀၀ တို့ကို မြေယာပိုင်ဆိုင်သည့် တောင်သူများကို အသီးသီးလျော်ကြေးပေးအပ်ခဲ့သည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

## ကော့သောင်းမြို့တွင် ရွေးကောက်ပွဲဆိုင်ရာ အထူးရဲတပ်ဖွဲ့ဝင်သင်တန်းဆင်းပွဲကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ ရွေးကောက်ပွဲဆိုင်ရာအထူးရဲတပ်ဖွဲ့ဝင်သင်တန်းဆင်းပွဲ အခမ်းအနားအား နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင်ပြုလုပ်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဦးက သင်တန်းထူးချွန်ဆုရ အထူးရဲတပ်ဖွဲ့ဝင်တစ်ဦးအားဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကော့သောင်းမြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများမှ သတ်မှတ်ချက်အရည်အချင်းများဖြင့် ပြည့်မီသည့် အထူးရဲတပ်ဖွဲ့ဝင် ၈၃ ဦးအား ရွေးချယ်ခန့်ထား၍ သင်တန်းပို့ချပေးပြီး နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ကော့သောင်းမြို့နယ်အတွင်း မဲရုံ ၈၃ ရုံ၌ လုံခြုံရေးတာဝန်များ ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်းပြန်/ဆက်)**

## အပန်းဖြေသဲသောင်ပြင်တွင် စက်တပ်ယာဉ်များ မောင်းနှင်ခြင်းမပြုရန် ဆွေးနွေး

**ငွေဆောင် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် အများပြည်သူ အပန်းဖြေနားနေရာ သဲသောင်ပြင် ဧရိယာအတွင်း မြင်းစီးခြင်း၊ နွားလှည်းမောင်းနှင်ခြင်း၊ စက်တပ်ယာဉ်များ မောင်းနှင်ခြင်းမပြုရန် ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးနေအောင်နိုင်က ကမ်းခြေတွင် ဈေးရောင်းချမည့် ဈေးသည်များနှင့်တွေ့ဆုံ၍ ပြောကြားခဲ့သည်။

ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်း၌ ကမ်းခြေတွင် ဈေးရောင်းချမည့် ဈေးသည်များနှင့်တွေ့ဆုံ၍ ကမ်းခြေ၏ သဘာဝပတ်ဝန်းကျင်အလှအပများကို ထိန်းသိမ်းရန်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုများတွင် ဈေးဆိုင်ခန်းများ စနစ်တကျရှိရန်၊ ကမ်းခြေသဲသောင်ပြင်ဧရိယာအတွင်း အမှိုက်များ စွန့်ပစ်ခြင်းမပြုရန်နှင့် သတ်မှတ်ထားသည့်နေရာများတွင် စနစ်တကျစွန့်ပစ်ရန်၊ သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို သာရောင်းချရန်နှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် ယခင်နှစ်များထက် ပိုမို၍စည်းကမ်းတကျလိုက်နာကြရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မူမူ (ပြန်/ဆက်)**



## ဆီးချို၊ သွေးချိုကာကွယ်ရေးနှင့် အာဟာရအကြောင်း ကျန်းမာရေးပညာပေးဟောပြော

**မန္တလေး နိုဝင်ဘာ ၃**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ရေးနေ့အကြို ဆီးချိုသွေးချိုကာကွယ်ရေးနှင့် အာဟာရအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်(၇၈)လမ်းနှင့် (၃၈) လမ်းထောင့်ရှိ ဟိုတယ်မန္တလေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင် (၃)မှ ဆီးချိုသွေးချိုအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာအေးအေးအောင်က ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ကမ္ဘာတွင် ၁၀ စက္ကန့်တိုင်းတွင် လူနှစ်ဦး ဆီးချိုသွေးချိုရောဂါ စွဲကပ်လျက်ရှိပြီး တစ်နှစ်လျှင် ဆီးချိုသွေးချိုရောဂါကြောင့် သေဆုံးသူ လေးသန်းခန့်ရှိကြောင်း ဆီးချိုသွေးချိုရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ကြောင်း၊ လူတစ်ဦး ဆီးခဏခဏသွားခြင်း၊ ရေအလွန်ငတ်ခြင်း၊ ကိုယ်အလေးချိန်သိသိသာသာကျသွားခြင်း၊ နုံးချိခြင်း၊ လက်များ၊ ခြေများထုံလာခြင်း၊ မျက်စိမှုန်လာခြင်းများသည် ရောဂါလက္ခဏာဖြစ်သည်။

ဆီးချိုသွေးချိုရောဂါဖြစ်ပါက နောက်ဆက်တွဲ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ရောဂါများ နောက်ဆက်တွဲဖြစ်နိုင်ပြီး ဆီးချိုသွေးချိုရောဂါကာကွယ်ရန် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်ခြင်း၊ နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တစ်ရက် နာရီဝက်ခန့်လမ်းလျှောက်ခြင်းများ ပြုလုပ်ပါက ဆီးချိုသွေးချိုရောဂါ ကာကွယ်နိုင်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## နွားနို့ဈေးနှုန်းကျဆင်း၍ နို့စားနွားမွေးမြူသူများ အကျိုးအမြတ်ရရှိမှုနည်းပါး

**မုံရွာ နိုဝင်ဘာ ၃**

မုံရွာမြို့နယ် ပုရစ်ကုန်း (တောင်/ မြောက်)ကျေးရွာနှင့် အနီးတစ်ဝိုက်ကျေးရွာများ၌ တစ်ပိုင်တစ်နိုင် နို့စားနွား မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် အစာဈေးနှုန်းများ မြင့်တက်လာသော်လည်း ထွက်ရှိသော နွားနို့ဈေးနှုန်း ကျဆင်းခဲ့သဖြင့် နို့စားနွားမွေးမြူသူများမှာ ရရှိသည့် အကျိုးအမြတ်နည်းပါးလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသတွင် နေထိုင်သော ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကိုသာမက ဒေသနှင့် ကိုက်ညီသည့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို အပိုငွေရရှိရန် လုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။

"နွားနို့ဈေးက အစပိုင်းလောက်က တစ်ပိဿာကို ကျပ် ၆၅၀ ဈေးပေါက်တော့ အဆင်ပြေတယ်။ ပြီးခဲ့တဲ့ နှစ်လလောက်ကစပြီး တစ်ပိဿာကို ကျပ် ၆၀၀ ဈေးပဲရတော့တယ်။ အစာဈေးနှုန်းကကျတော့ ဂျုံတို့၊ ကောက်ရိုးတို့မှာ ထော်လာဂျီအသေးတစ်စီးတိုက်ကို ကျပ် ၃၈၀၀၀ ဈေးပေါက်တယ်။ ကျပ် ၈၀၀၀ လောက် ဈေးတက်လာပါတယ်။

နွားနို့ဈေးကတစ်ပိဿာကို ကျပ်၅၀ ဈေးကျတော့ ဘယ်လိုမှ အဆင်မပြေတော့ဘူး။ နို့စားနွားမ တစ်ကောင်ကို ကျပ် ၁၅ သိန်းပတ်ချာလည်လောက်ရှိတယ်။ နွားနို့က နံနက်၊ ညနေ တစ်ရက်ကို နှစ်ကြိမ်ညှစ်ရတယ်။ နွားမတစ်ကောင်ကို တစ်ရက်ပျမ်းမျှ နံနက်ပိုင်းကတော့ခြောက်ပိဿာလောက်နဲ့၊ ညနေပိုင်းကတော့ နှစ်ပိဿာလောက်ထွက်တယ်၊ ထွက်သမျှ နို့တွေအကုန်လုံးကို စက်မှုဇုန်က မြဘုရင်နို့ချက်စက်ရုံတစ်ရုံတည်းကိုပဲ ပို့ရတယ်။

နွားတွေက မွေးပြီးသားဖြစ်နေတော့ နေ့စဉ်ကျွေးမွေးစရိတ်ကရှိနေတဲ့အတွက် နွားနို့ဈေးနှုန်းကျပေမယ့် ဆက်ပြီးလုပ်နေရတယ်။ အကျိုးအမြတ်မရှိတော့ဘူး။ ကျွေးမွေးစရိတ်လောက်ပဲပြန်ရတဲ့အခြေအနေဖြစ်နေတယ်။ နို့ဈေးနှုန်းလေး ပြန်ပြီးရရင်တော့ ကောင်းတာပေါ့" ဟု ပုရစ်ကုန်းတောင်ကျေးရွာမှ နို့စားနွားမွေးမြူသူတောင်သူတစ်ဦးက ပြောသည်။

ပုရစ်ကုန်းတောင် ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည့်အပြင် နို့စားနွားမွေးမြူရေး လုပ်ငန်းများကို မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူရေးအဖြစ် လုပ်ကိုင်လျက်ရှိရာ တစ်ရွာလုံးတွင် နို့စားနွားအကောင်ရေ နှစ်သောင်းကျော် မွေးမြူထားရှိရာ ယခုအခါတွင် အစာဈေးနှုန်း မြင့်တက်လာသော်လည်း နို့ဈေးနှုန်းကျဆင်းသဖြင့် အကျိုးအမြတ်နည်းပါးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ဆယ်အိမ်မှူးခေါင်းဆောင်မွမ်းမံသင်တန်းဖွင့်လှစ်

**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးတွင် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆယ်အိမ်မှူးခေါင်းဆောင် မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ မြို့နယ်၊ မြို့နယ်ခွဲများသို့ သားဖွားခန်းသုံးဆေးပစ္စည်း၊ ဗလာစာအုပ်၊ အဝတ်အထည်၊ ဆေးစိမ်ခြင်ထောင်နှင့် ထောက်ပံ့ငွေကျပ် ၆၆ သိန်းတို့ကို ပေးအပ်ခဲ့သည်။

ဆယ်အိမ်မှူးခေါင်းဆောင် မွမ်းမံသင်တန်းတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေါက်တာမိုမို့ဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသင်တန်းကျောင်းအုပ်ကြီး ဒေါ်ဆွေဆွေဝင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်သန်းသန်းဝင်းတို့က သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်တွင် အထူးရဲများသင်တန်းဆင်း

**သာပေါင်း နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အထူးရဲများသင်တန်းဆင်းပွဲအခမ်းအနားကို သာပေါင်းမြို့ ပြည်အေးခန်းမ၌ အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးက အထူးရဲများ သင်တန်းပို့ချ ခန့်အပ်တာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဇော်ဦး(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာရှစ်ရွာတွင် ဆိုလာမီးတပ်ဆင်ခြင်းဆောင်ရွက်

**မိုင်းယောင်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာများတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုလာမီးများတပ်ဆင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၃၀ ရက်က ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် ဝန်ထမ်းများ၊ ဇမ္ဗူရာဇ်ပုလဲစွမ်းအင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ပါမန်းကျေးရွာတွင် ဆိုလာမီး ၅၁ စုံ၊ ပါလောင်းကျေးရွာတွင် ၂၁ စုံ၊ ကျန်းတောင်းကျေးရွာတွင် ၁၆ စုံ၊ ဟွေဖကျေးရွာတွင် ၁၃ စုံ၊ ဝမ်အင်ကျေးရွာတွင် ၁၅ စုံ၊ မုန်းလိုက်ကျေးရွာတွင် ၃၇ စုံ၊ မိုင်းဟန်ကျေးရွာတွင် ၂၂ စုံနှင့် တာလွယ်ကျေးရွာတွင် ၇၂ စုံ စုစုပေါင်းကျေးရွာရှစ်ရွာ၌ ဆိုလာမီး ၂၄၇ စုံ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၄ သန်း ဖြင့် တပ်ဆင်ပေးခြင်းဖြစ်သည်။

ယင်းသို့ ကျေးရွာများတွင် ဆိုလာမီးများဖြင့် မီးလင်းရေး စီစဉ်ဆောင်ရွက်ပေး၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

**စိုင်းဇော်လင်း(ပြန်/ဆက်)**

## အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့် ငပုတောမြို့နယ်ရှိ အထူးရဲများသင်တန်းဆင်း

**ငပုတော နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ငပုတောမြို့နယ်အတွင်းရှိ မဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်မည့် အထူးရဲများသင်တန်းဆင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရဲတပ်ဖွဲ့က အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူး သန်းဆွေက လုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထောက်အကူပြုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အထူးရဲသင်တန်းသား ၁၀၂ ဦး တက်ရောက်ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ ဟိုင်းကြီးကျွန်း နယ်မြေရဲစခန်းတွင် တက်ရောက်သူ အထူးရဲသင်တန်းသား ၆၈ ဦး၊ သုံးခွနယ်မြေရဲစခန်းတွင်တက်ရောက်သူ အထူးရဲသင်တန်းသား ၃၉ ဦး၊ ငရုတ်ကောင်းနယ်မြေရဲစခန်းတွင် အထူးရဲသင်တန်းသား ၃၉ ဦးတို့သင်တန်းဆင်းပွဲများကျင်းပခဲ့သည်။

**မျိုးကျော်သူ(ပြန်/ဆက်)**

ဆောင်းပါး

# ကောင်းသတင်းဖြန့်ဖြူးပေးနေသောဆရာတော်

**à ငြိမ်းငွေစံ**

မကြာသေးမီက စစ်ကိုင်းတောင်ရိုး မဟာဇေဝန်ချောင်သို့ ကျွန်တော်သွားရောက်ခဲ့ပါသည်။ ကျောင်းထိုင်ဆရာတော် ဦးသုနန္ဒ၏ ကျန်းမာရေးအခြေအနေသိရှိနိုင်ရန်နှင့် တတ်နိုင်သမျှအလှူအတန်းပြုရန်ဖြစ်ပါ၏။ ဆရာတော်သည် လွန်ခဲ့သောသုံးလခန့်က နှလုံးခွဲစိတ်ကုသမှု ယူခဲ့ရပါသည်။ လွန်ခဲ့သောခြောက်လခန့်က ဆရာတော်၏ ဒကာ၊ ဒကာမများဖြစ်ကြသော စီးပွားရေးလုပ်ငန်းရှင် ဇနီးမောင်နှံသည် ထိုင်းသို့အလုပ်ကိစ္စဖြင့်သွားစဉ် ဆရာတော်အားပင့်ဆောင်သွားပြီး ကျန်းမာရေးစစ်ဆေးမှုပြုပေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် ဆရာတော်၏ နှလုံးအဆို့ရှင်မကောင်းတော့၍ သုံးလအတွင်းလဲလှယ်ရန်လိုကြောင်းနှင့် မြန်မာငွေကျပ်သိန်းသုံးရာခန့်ကုန်ကျမည်ဖြစ်ကြောင်း ပြောလိုက်သည်ဟုဆိုပါသည်။ သုံးလမတိုင်မီ ဆရာတော်ခွဲစိတ်ကုသမှုခံယူနိုင်ရေးအတွက် ပင့်ဆောင်သွားသောလုပ်ငန်းရှင်ဇနီးမောင်နှံက သူတို့ပင်တာဝန်ယူမည်ဟုဆိုပါသည်။ ထိုင်းမှ ပြန်ရောက်ချိန်တွင် ထိုအခြေအနေများကို ဆရာတော်က ကျွန်တော့်ထံဖုန်းဆက်ပြောကြားပါသည်။ တစ်ဆက်တည်းမှာပင် ဆရာတော်သည် ထိုင်းသို့သွားရောက်ပြီး ခွဲစိတ်ကုသမှုခံယူလိုခြင်းမရှိကြောင်း၊ မြန်မာပြည်မှာပင် ခွဲစိတ်ကုသမှုခံယူလိုကြောင်း၊ ထို့ကြောင့် မြန်မာပြည်တွင် အဆင်ပြေနိုင်ခြင်းရှိ-မရှိ စုံစမ်းလေ့လာပြီး ပြန်လည်လျှောက်ထားပေးစေလိုကြောင်း ပြောကြားပါသည်။

ဆရာတော်အမိန့်ရှိလိုက်သည်နှင့် နှလုံးရောဂါခွဲစိတ်ကုသမှုခံယူခဲ့ဖူးသော ကျွန်တော့်သူငယ်ချင်း အငြိမ်းစားသံအမတ်ကြီး ဦးစံသိန်းကို သွားသတိရမိလိုက်ပါသည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်က ရန်ကုန်ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်ပါသည်။ ခွဲစိတ်ပြီး နှစ်နှစ်ခန့်အကြာမှစပြီး ယခုအချိန်တိုင် ကျွန်တော်တို့နှင့်အတူ ဂေါက်သီးကစား နေသူဖြစ်ပါသည်။ ထို့ကြောင့် သူ့ဆီ ကျွန်တော်သွားပြီး အကြံဉာဏ်ရယူပါသည်။ သူက သူခွဲစိတ်ပြီး နှလုံးသွေးကြောမကြီးချဲ့စဉ်က ရန်ကုန်ဆေးရုံကြီးတွင် အဆို့ရှင်လဲလှယ်ရမည့်လူနာများကို လဲလှယ်ပေးလျက်ရှိသည်ကို သိရှိခဲ့ရကြောင်း၊ လွန်ခဲ့သောခြောက်နှစ်ခန့်က ရန်ကုန်ဆေးကြီးတွင် ယခုအချိန်လောက် ပြည့်စုံမှုမရှိကြောင်း၊ ထိုအချိန်ကပင် ဤရောဂါမျိုးကို ကုသပေးနိုင်ခဲ့သည်ဖြစ်၍ ယခုလိုဆေးဝါးပစ္စည်း၊ စက်ကိရိယာစုံစုံလင်လင် ဖြည့်ဆည်းပေးထားသောအချိန်ကာလမျိုးတွင် စိတ်ချလက်ချကုသ၍ ရနိုင်လိမ့်မည်ဖြစ်ကြောင်း ဦးစံသိန်းက ပြောကြားပါသည်။

ဦးစံသိန်း၏ အကြံပြုချက်မှာအားတက်ဖွယ်ပင်ဖြစ်ပါ၏။ သို့သော် သူလိုနှလုံးခွဲစိတ်ကုသမှုခံယူခဲ့ဖူးသူ ပုဂ္ဂိုလ်တစ်ဦး၏ အကြံပြုချက်သာမက ဆေးကုသမှုကျွမ်းကျင်သူ ဝါရင့်သမားတော်ကြီးတစ်ဦး၏ အကြံပြုချက်ပါ ရယူလိုက်လျှင်ပိုမိုပြည့်စုံစွာဖြင့် ဆရာတော်အား တင်ပြနိုင်လိမ့်မည်ဟု တွေးမိပါသည်။ ထို့ကြောင့် ကျွန်တော့်ကျန်းမာရေးကို အမြဲကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိသော သမားတော်ကြီး ပါမောက္ခဦးရဲသွေးထံ ကျွန်တော်သွားပါသည်။ ဆရာတော်၏အခြေအနေကို ရှင်းလင်းတင်ပြပြီး ဆရာတော်၏ဆန္ဒအတိုင်း မြန်မာပြည်တွင် ခွဲစိတ်ကုသ၍ အဆင်ပြေနိုင်ဖွယ်ရှိ-မရှိနှင့် အဆင်ပြေနိုင်ဖွယ်ရှိပါက မည်သို့ဆောင်ရွက်ရမည်ကို အကြံပြုပေးပါရန်ပြောပါသည်။ ထိုအခါ ဆရာကြီးဦးရဲသွေးက မြန်မာပြည်တွင် ကျွမ်းကျင်သည့်ဆရာဝန်ကြီးများရှိသည့်အပြင် ခေတ်မီဆေးဝါး၊ ပစ္စည်း၊ စက်ကိရိယာအသစ်များလည်း ရှိနေပြီဖြစ်၍ မြန်မာပြည်တွင် အဆင်ပြေစွာခွဲစိတ်ကုသနိုင်ပါကြောင်း၊ ကျွန်တော့်ကျန်းမာရေးအတွက် သူဆက်သွယ်ပေးထားသော ပါမောက္ခဒေါ်နွယ်နွယ်သည် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာန၏ ဌာနမှူးဖြစ်ကြောင်း၊ ဆရာတော်အားပင့်ဆောင်သွားပြီး သူ့ကိုအပ်နှံလိုက်လျှင် လိုအပ်သည့်ကုသမှုကို အဆင်ပြေအောင် သူစီမံဆောင်ရွက်ပေးလိမ့်မည်ဖြစ်ကြောင်း အကြံပြုပေးလိုက်ပါသည်။ ဆရာတော်အား အခြေအနေကိုတင်ပြလိုက်ရာ ဆက်လက်စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း ပြန်ကြားပါသည်။

သို့နှင့် ဆရာတော်ကို ပါမောက္ခ ဒေါ်နွယ်နွယ်ထံပင့်ဆောင်သွားပါသည်။ ထိုင်းဆေးရုံက ဆရာတော်၏ နှလုံးအဆို့ရှင်ကို သုံးလအတွင်းလဲလှယ်ရန်မှာကြားလိုက်ကြောင်း၊ ဆရာတော်အနေနှင့် လဲလှယ်ရန်လိုအပ်ပါက မြန်မာပြည်တွင်သာ လဲလှယ်လိုကြောင်း၊ ထို့ကြောင့် လိုအပ်သလိုစီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ဆရာမကြီးထံပင့်ဆောင်လာခြင်းဖြစ်ပါကြောင်း ကျွန်တော်ရှင်းပြလိုက်ပါသည်။ ဆရာမကြီးက ဆရာတော်ကို လိုအပ်သည်များ မေးမြန်းစမ်းသပ်ပြီးနောက် လေးရက်အကြာတွင် ရန်ကုန်ဆေးကြီးနှလုံးရောဂါဌာနတွင် Euho လာရိုက်ရန် မှာကြားလိုက်ပါသည်။ Euho ရိုက်ပြီးချိန်တွင် ဆုံးဖြတ်ပြီးပြီလားဟု မေးပါသည်။ ယုံကြည်မှုရှိ၍ ဤဆေးရုံမှာပင် ကုသမှုခံယူရန်ဆုံးဖြတ်ပြီးပါကြောင်း ဖြေကြားလိုက်ပါသည်။ ထို့ကြောင့် ဆရာမကြီးဆေးရုံတင်ပြီး ဆရာတော်၏ ရောဂါအတိမ်အနက်ကိုဆက်လက်ရှာဖွေမှုပြုပါသည်။ ထိုသို့ရှာဖွေရာတွင် ဆရာတော်မှာ အဆို့ရှင်လဲလှယ်ရန်လိုအပ်ရုံသာမက နှလုံးသွေးကြောမကြီးကျဉ်းနေ၍ ချဲ့ရန်လိုအပ်ကြောင်း၊ မွေးရာပါအပေါက်ရှိ၍ ဖာရန်လိုအပ်ကြောင်း၊ ထိုသုံးမျိုးစလုံးကို တစ်ပြိုင်တည်းကုသနိုင်ရန် အကြီးစားခွဲစိတ်မှု (Major Operation) လုပ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူ့သူငယ်ချင်း နှလုံးခွဲစိတ်ဆရာဝန်ကြီးနှင့် နိုင်ငံခြားမှာ လာမည့်နှလုံးခွဲစိတ်ဆရာဝန်ကြီးတို့ ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ဆရာမကြီးကပြောပါသည်။ ရောဂါရှာဖွေပြီး လေးရက်အကြာတွင် နှလုံးရောဂါခွဲစိတ်ကုသဆောင်သို့ ဆရာတော်အား ပြောင်းရွှေ့လွှဲအပ်လိုက်ပါသည်။ နောက်ဆက်ရက်အကြာတွင် နှလုံးခွဲစိတ်ဆရာဝန်ကြီးပါမောက္ခ ဦးခင်မောင်လွင်သည် ဂျပန်မှရောက်ရှိနေသော နှလုံးခွဲစိတ်ဆရာဝန်ကြီးနှင့် ညှိနှိုင်းစီစဉ်ကာ ဆရာတော်၏ ရောဂါများကိုခွဲစိတ်ကုသပြီး နှစ်ပတ်ခန့်အကြာတွင် ဆေးရုံဆင်းခွင့်ပြုပြီး ခေတ္တသီတင်းသုံးရာ တောင်ဥက္ကလာပ၊ ကံဝင်းကျောင်းမှ ဆရာကြီး ဦးခင်မောင်လွင်ထံသို့ တစ်ပတ်လျှင် တစ်ကြိမ်ကျဖြင့် နှစ်ကြိမ်ပြသပြီး မူလသီတင်းသုံးရာ စစ်ကိုင်းတောင်ရိုး မဟာဇေတဝန်ချောင်သို့ ဝါဆိုအမီ ပြန်ကြွခွင့်ပြုခဲ့ပါသည်။ စစ်ကိုင်းတောင်ရိုးရောက်ပြီး တစ်လအကြာတွင် ဆရာကြီးဦးခင်မောင်လွင်ထံ တစ်ကြိမ်ပြန်ပြရပါသည်။ စိုးရိမ်ဖွယ်ရာအခြေအနေမရှိ၍ စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်သီတင်းသုံးနေခိုက်တွင် ကျွန်တော်ရောက်ရှိသွားခြင်းဖြစ်ပါသည်။ ကျွန်တော်ရောက်သွားချိန်တွင် ဆရာတော်အား ကြည်ကြည်လင်လင်ရွှင်ရွှင်ပျပျဖြင့် ဖူးတွေ့ရပါသည်။ ထို့ကြောင့် ဆရာတော်အား ဝေဒနာခံစားရခြင်းရှိ-မရှိ လျှောက်ထားပေးမြန်းကြည့်လိုက်ရာမှ ဆရာတော်နှင့်ကျွန်တော် အောက်ပါတိုင်း အပြန်အလှန်စကားပြောဖြစ်သွားပါသည်။

"ခွဲစိတ်ပြီး သတိရစအချိန်လောက်ပဲ ခွဲစိတ်ထားတဲ့နေရာတွေက နည်းနည်းနာတယ်။ ဒီနောက်မှာတော့ တဖြည်းဖြည်းအနာသက်သာလာတယ်။ ဆရာကြီး ဦးခင်မောင်လွင်နဲ့ ခွဲစိတ်ဆောင်က ဆရာ၊ ဆရာမတွေက တော်တော်ဂရုစိုက်ကြတယ်၊ ဆရာကြီးကိုယ်တိုင် ည ၁၂ နာရီလောက်ထိခွဲစိတ်ပြီး လူနာတွေ့ရဲ့အခြေအနေကို လှည့်လည်ကြည့်ရှုတယ်။ အဲဒီလိုဂရုစိုက်တော့ ခွဲစိတ်ပြီးလူနာတွေရော ခွဲစိတ်ဖို့စောင့်နေတဲ့လူနာတွေရော အားရှိတာပေါ့၊ ခွဲစိတ်ပြီးလူနာတွေအနေနဲ့ ဒီလိုဂရုစိုက်တာခံရတော့ ခွဲစိတ်ဒဏ်ကြောင့် နာနေတာတွေသက်သာသွားသလို စိတ်မှာခံစားရပြီး ခွဲစိတ်ဖို့စောင့်နေတဲ့လူနာတွေအနေနဲ့လည်း ဒီလိုဂရုစိုက်တာမြင်ရတော့ အားကိုးယုံကြည်စိတ်တွေဖြစ်ပေါ်လာပြီး ခွဲစိတ်ခံရမယ့်အခြေအနေတွေတွေးပြီး သောကဖြစ်နေတာတွေ လျော့နည်းသွားတာပေါ့။ ဒကာကြီးစီစဉ်ပေးလို့ ရန်ကုန်ဆေးရုံးကြီးမှာ ရောဂါကုဖြစ်သွားတာ၊ ဒီလိုကုဖြစ်လို့အခုလို့ စိတ်ချမ်းသာသာနဲ့ ရောဂါပျောက်သွားတာ၊ ဒကာကြီးရဲ့ကျေးဇူးပဲဗျ"

"တပည့်တော်ရဲ့ ကျေးဇူးမဟုတ်ပါဘူးဘုရား၊ စီမံကုသပေးတဲ့ ဆရာ၊ ဆရာမတွေရဲ့ မေတ္တာစေတနာနဲ့ ကျွမ်းကျင်မှုကြောင့်ပါဘုရား၊ လက်ရှိခေတ်မှာ ခေတ်မီဆေးဝါး၊ ပစ္စည်းစက်ကိရိယာတွေပြည့်စုံတော့ ဆရာ၊ ဆရာမတွေဟာ ကျွမ်းကျင်သလောက်၊ မေတ္တာစေတနာရှိသလောက် ဆောင်ရွက်ပေးနိုင်တာပါဘုရား၊ ပြီးတော့ သူ့နိုင်ငံက ဆရာဝန်နဲ့ ကိုယ့်နိုင်ငံကဆရာဝန် ပူးပေါင်းညှိနှိုင်းပြီး အပြန်အလှန်ကျန်းမာရေးစောင့်ရှောက်မှုပြုနိုင်တာဟာလည်း တပည့်တော်တို့ကို ကျေးဇူးတင်ရမှာမဟုတ်ဘဲ ကျေးဇူးတင်ရမှာက နိုင်ငံတော်အစိုးရနဲ့ မေတ္တာစေတနာထားပြီး စီမံကုသပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေပဲဖြစ်ပါတယ်ဘုရား"

"ဟုတ်ပြီဒကာကြီးရေ့၊ ကျုပ်ကတော့ ကျုပ်ဆေးကုသမှုခံယူခဲ့ရတဲ့အခြေအနေကို ကျုပ်ဆီလာမေးတဲ့ ရဟန်း သံဃာတိုင်း၊ ဒကာ၊ ဒကာမတိုင်း သိရှိအောင် ကျုပ်ကိုယ်တွေ့အခြေအနေအားလုံး ပြောပြပေးနေတယ်ဗျ"

ဆရာတော်၏စကားသည် ကောင်းသတင်းကိုဖြန့်ဖြူးပေးနေသည့်သဘောဖြစ်ပါသည်။ ဆရာတော်သည် မိမိခံစားရသောကောင်းကျိုးကို အများသူငါလည်းခံစားရစေချင်၍ သူတော်ကောင်းပီပီ ဖြန့်ဖြူးပေးနေခြင်းပင်ဖြစ်မည်ဟု မှတ်ယူမိပါသည်။

## ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ အုတ်လုပ်ငန်းများ ပြန်လည်စတင်

**ရေတာရှည် နိုဝင်ဘာ ၃**

တည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ မြို့ပြနှင့်ကျေးလက်ဒေသများ၏ ဝယ်လိုအားကောင်းမွန်လျက်ရှိသည့် အုတ်လုပ်ငန်းများပွင့်လင်းရာသီ၌ လုပ်ငန်းများပြန်လည်စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

အုတ်တစ်လုံးလျှင် ၃၅ ကျပ်မှ ၅၅ ကျပ်ထိ မြင့်တက်လာသော်လည်း ဝယ်လိုအားမှာ မြင့်တက်လျက်ရှိသည်ဟု အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဝယ်လိုအားကမကျဘူး။ မနှစ်ကတော့ ဝယ်လှောင်သူတွေများတော့ တွက်ခြေကိုက်ပါတယ်။ လှောင်လက်တွေလည်း အကျိုးအမြတ်ရတာတွေ့ရတယ်။ မြို့တွေတင်မကဘူး ကျေးလက်တောရွာတွေကလည်း နေအိမ်တွေ၊ လမ်းတံတားတွေအတွက် ဝယ်ကြတာများတယ်" ဟု ၎င်းကပင် ဆက်၍ပြောသည်။ ရေတာရှည်မြို့နယ်တွင် ဘိုးတော်ကုန်း၊ ငါးကြီးကွေ့၊ ကျူဇောင်းကျေးရွာဝန်းကျင်ဒေသများ၌ အုတ်လုပ်ငန်းလုပ်ကိုင်သူများစွာရှိပြီး အဓိကဈေးကွက်ဖြစ်သော ရန်ကုန်နှင့် ဒေသတစ်ဝန်း တည်ဆောက်ရေးလုပ်ငန်းများသို့ နေ့စဉ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



ကရင်ပြည်နယ် သံတောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဘုရင့်နောင်တပ်နယ်မှ အရာရှိစစ်သည်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းတော်များမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့တွင်းလမ်းမကြီးနှင့် လမ်းသွယ်များတွင် ပလတ်စတစ်အမှိုက်များကောက်ခြင်း၊ ချုံနွယ်မြက်များနှင့် ရေနုတ်မြောင်းများရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြော

**လှိုင်ကော် နိုဝင်ဘာ ၃**

ကယားပြည်နယ် လွိုင်ကော်မြို့ ကယန်းသာယာ (တောင်) ရွာရှိ ဘုရားရှိခိုးကျောင်း၌ နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကယားပြည်နယ်တာဝန်ခံ ဦးမော်မော်ကိုက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဒေသခံပြည်သူများသို့ အသိပညာပေးခြင်းအား ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂၀ တွင် ဖော်ပြခဲ့သော အင်းတော်မြို့နယ်အတွင်း ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေသတင်းတွင် "GF ဂလိုဘယ်ဖန်းအထောက်အပံ့ဖြင့်" အစား URC UNIVERSITY RESEARCH Co., LLC အထောက်အပံ့ဖြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာရေးသူ)**

## ကားနှင့်ဆိုင်ကယ် မျက်နှာချင်းတိုက်မိ၍ လူလေးဦးအသက်စိုးရိမ်ရ

**မကွေး နိုဝင်ဘာ ၃**

မကွေးခရိုင် မြို့သစ်မြို့နယ် တောင်တွင်းကြီး-မြို့သစ်ကားလမ်းတွင် နိုဝင်ဘာ ၁ ရက် ညနေပိုင်းက ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိခဲ့၍ လူလေးဦးစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း မြို့သစ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

နိုဝင်ဘာ ၁ ရက် ညနေ ၆ နာရီခွဲက တောင်တွင်းကြီး-မြို့သစ်ကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဒန့်ဒလွန်ပင်နယ်မြေရဲစခန်းမှ ဒုရဲအုပ်စည်သူအောင် သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မြို့သစ်မြို့ဘက်မှ တောင်တွင်းကြီးဘက်သို့ ဇော်သူရ (၃၇)နှစ် တောင်တွင်းကြီးမြို့နေသူမောင်းနှင်လာသော Toyota Kluger အနက်ရောင်ကားနှင့် တောင်တွင်းကြီးဘက်မှ မြို့သစ်ဘက်သို့ ရင်ကို အသက် ၁၇ နှစ် မြို့သစ်မြို့နယ်နေသူမောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ နန်းချစ်ကို (၁၇)နှစ်၊ အောင်ကိုဦး(၁၆)နှစ်နှင့် ဝေယံဦး(၁၄)နှစ် တို့လိုက်ပါ စီးနင်းလိုက်လာသော ကန်ဘို-110 အနက်ရောင်ဆိုင်ကယ်တို့ တောင်တွင်းကြီး-မြို့သစ်ကားလမ်း မိုင်တိုင်အမှတ်(၄/၃)နှင့် (၄/၄)အကြားလမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့၍ ရင်ကို၊ နန်းချစ်ကို၊ ဝေယံဦးနှင့် အောင်ကိုဦးတို့လေးဦးတွင် ဒဏ်ရာအသီးသီး (စိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်ကြောင်းအမှုစစ်ရဲအရာရှိ၏ ကနဦးစစ်ဆေးချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်နယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## အလုံမြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး လုပ်ငန်းဆောင်ရွက်နေမှုအားကြည့်ရှုအားပေး



**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင် ဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီက အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် စကားစိမ်းလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ထားရှိသော အလုံမြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး လုပ်ငန်းဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်သာသနာ ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ် ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးတို့ပါဝင်ပြီး တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ်ရုံးဖွင့်ရက်များတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးကြပ်သူအရာရှိ ဦးဆောင်ပြီး ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## ဘားအံမြို့သေဠမာရ်အောင်ဘုရားကြီး၌ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်

**ဘားအံ နိုဝင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၆ ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက်(မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့)ညနေ ၅ နာရီက သေဠမာရ်အောင်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း ဆင်ယင်ကျင်းပရာ ပြည်နယ်သံဃနာယက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ရွတ်ဖတ်ပူဇော်ကြမည့် ဆရာတော်များ စုစုပေါင်း သံဃာတော်အပါး ၂၄ ပါး ကြွရောက်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ရွတ်ဖတ်ပူဇော်ပွဲကို ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိတ်သတ် အပေါင်းတို့က နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်တော်မူကြပြီး ပြည်နယ် သံဃနာယက မြိုင်သဇင် ဆရာတော်ဦးကုဿလိယထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော် အရှင်သူမြတ်များမှ မေတ္တသုတ်တရားတော် ရွတ်ဖတ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ခေတ္တပြည်နယ် ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဘိဓမ္မာ ခုနစ်ကျမ်း စတင်ရွတ်ဖတ်မည့် ဆရာတော်အရှင်သူမြတ်က ဓမ္မာသနပလ္လင်တော်ပေါ်တွင် သီတင်းသုံးတော်မူကာ ဂေါပကအဖွဲ့မှ အဘိဓမ္မာ ခုနစ်ကျမ်းကျူးရင့်သံများ ရွတ်ဖတ်ပူဇော်၍ အဘိဓမ္မာ ခုနစ်ကျမ်းအား စတင်ရွတ်ဖတ် ပူဇော်ခဲ့သည်။

ယင်းရွတ်ဖတ်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့ထိ ၉ ရက်တိုင်တိုင် အသံမစဲရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကူးတို့ကျေးရွာတွင်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအပ်ချုပ်စက်သင်တန်း (၁/၂၀၁၅)သင်တန်းဆင်း

**ထားဝယ် နိုဝင်ဘာ ၃**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်သော ထားဝယ်မြို့ ကူးတို့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအပ်ချုပ်စက်သင်တန်း(၁/၂၀၁၅) သင်တန်းဆင်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကူးတို့ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်က အဖွင့်အမှာစကားပြောကြားပြီးထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးဦးသိန်းအောင်က အမှာစကားပြောကြား၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်း (၁/၂၀၁၅) သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆု ဆုရရှိသော သင်တန်းသူများအား ဆုချီးမြှင့်ပြီး သင်တန်းဆရာမဒေါ်ဂင်ရီအား ဂုဏ်ပြုလက်ဆောင်ပေးအပ်၍ သင်တန်းသူ ၁၅ ဦးကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအပ်ချုပ်စက်သင်တန်းကို ဩဂုတ် ၂၉ ရက် မှ အောက်တိုဘာ ၂၉ ရက်အထိ နှစ်လဖွင့်လှစ်ခဲ့သည်။ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအပေါ် တိုက်ရိုက်အထောက်အကူ ဖြစ်စေသော သင်တန်းဖြစ်၍ ကျေးလက်နေ ပြည်သူလူထုမှ စိတ်ဝင်စားမှုရှိကြောင်း သိရှိရ၍ အလားတူသင်တန်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်ဦးစီးဌာန)**

## မိုးစပါးပုလဲသွယ် (GW1) စံကွက်ရိတ်သိမ်း တစ်ဧက ၂၄၃ တင်းထွက်ရှိ

**ကျောက်တံခါး နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမြန်လမ်းမိုင်တိုင်အမှတ် ၈၄ မိုင် ၃ ဖာလုံအနီး မြို့ချောင်းကျေးရွာအုပ်စု ဒည င်းကုန်းကျေးရွာနေတောင်သူ ဦးလှထွန်းပိုင်ဆိုင်သော ကွင်းအမှတ် ၇၇ က ဦးပိုင်အမှတ် ၇/၁ပေါ်ရှိ မိုးစပါးပုလဲသွယ် GW1 ဧက ၃၀ စံပြကွက်အား စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ရိတ်သိမ်းခြွေလှေ့ခဲ့သည်။

မိုးစပါးစံပြကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် လက်တွေ့ရိတ်သိမ်းချိန်တွယ်မှုများ ပြုလုပ်ရာ မိုးစပါးပုလဲသွယ် GW1 စပ်မျိုးစပါးမှာတစ်ဧကအစို ၂၄၃ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

မိုးစပါးပုလဲသွယ် GW1 စံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီး စိုက်ပျိုးရေးတိုင်းဦးစီးမှူး ဦးလှမြင့်နှင့်တိုင်း ခရိုင်မှတာဝန်ရှိသူများ၊ ကျောက်တံခါးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်

**ခင်ကို(ကျောက်တံခါး)**



## ခွင့်ပြုရန်ပုံငွေ ၃၆ ဒသမ ၄၃၂ ကျပ်သန်းဖြင့် တစ်အိမ်ထောင်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာများမီးအလင်းရောင်ရရှိ

**ကြံခင်း နိုဝင်ဘာ ၃**

ကျေးလက်နေပြည်သူများ လူမှုဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး၊ လမ်းတံတားလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများ၊ ကျေးလက်အိမ်ရာလုပ်ငန်းများကို ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိစေရေးအတွက် ဧရာဝတီတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၃၆ဒသမ ၄၃၂ ကျပ်သန်းဖြင့် Full Jewel ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။

ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စု ကိုင်းသာကျေးရွာနှင့် လယ်ကျကျေးရွာရှိ အိမ်ခြေ ၁၈၄ အိမ်အား ဆိုလာစနစ်ဖြင့်မီးလင်းနိုင်ရေးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုဦးစီးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ ကျေးရွာမီးလင်းရေးကော်မတီ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ Full Jewel ကုမ္ပဏီမှ တာဝန်ရှိသူများသည် ကိုင်းသာကျေးရွာနှင့် လယ်ကျကျေးရွာရှိ ရွာသူရွာသားများအား W-80 တစ်အိမ်ထောင်သုံး ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျေးလက်ဦးစီး**

## မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ဝင်များ ဆင့်ပွားသင်တန်းတွင် မဲရုံသရုပ်ပြသ

**ပေါင် နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများတွင် တာဝန်ထမ်းဆောင် မည့်မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ မဲရုံလုပ်ငန်းစဉ်များကို နားလည်တတ်ကျွမ်းစေရန်အတွက် ရပ်/ ကျေးအဆင့် မဲရုံ လုပ်ငန်းစဉ် ဆင့်ပွားသင်တန်းနှင့် မဲရုံသရုပ်ပြ ဆောင်ရွက်ခြင်းများကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ်အတွင်းရှိ မဲရုံအသီးသီးတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါရပ်ကျေးအဆင့် ဆင့်ပွားသင်တန်းကို မြို့နယ်အဆင့် မဲရုံမှူး မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းတွင် တက်ရောက်ခဲ့သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများမှ ကျန်ရှိသော မဲရုံအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်း ပြန်လည်ပို့ချခြင်းဖြစ်ပြီး ပေါင်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၁)(၂) အတွင်းရှိ မဲရုံအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## လမ်းကွေ့တွင် အရှိန်မထိန်းနိုင်သော ဆိုင်ကယ် ချောက်ထဲသို့ထိုးကျ၊ နှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိ

**ကျောင်းကုန်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁) ရပ်ကွက် ကျောင်းကုန်း-ကျုံပျော်လမ်း၊ ဆုတောင်းပြည့်ဘုန်းကြီးကျောင်းအနီးရှိ ချောက်ထဲသို့ ဆိုင်ကယ်ထိုးကျသည့် ဖြစ်စဉ်တစ်ခု နိုဝင်ဘာ ၁ ရက် ည ၉ နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကျောင်းကုန်းမြို့တွင်းဘက်မှ ကျုံပျော်ဘက်သို့ ဂျော့စလီ၊ ၂၈ နှစ်(ဘ) မန်းသန်းဝင်းဌေး၊ ရွာသာကုန်းကျေးရွာနေသူ မောင်းနှင်ပြီး၊ စိုးမင်းဦး၊ ၂၂ နှစ်(ဘ) ဦးကံမြင့်၊ ရွာသာကုန်းကျေးရွာနေသူ လိုက်ပါစီးနင်းလာသော ၃၆/. . . . ဆိုင်ကယ်မှာ လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ရှိ ချောက်ထဲသို့ ထိုးကျ တိမ်းမှောက်သဖြင့် နှစ်ဦးစလုံး ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့ကြသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်ပြီး လူကိုထိခိုက်နာကျင်စေသူ ဆိုင်ကယ်ယာဉ်မောင်း ဂျော့စလီအား ကျောင်းကုန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ရှေးဦးပြုစုခြင်းသင်တန်း(၁/၂၀၁၅)နှင့်(၂/၂၀၁၅)ဆင်း

**နတ်တလင်း နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း ၁/၂၀၁၅ နှင့် ၂/၂၀၁၅ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဒေါက်တာရီရီခင်က ရှေးဦးပြုစုခြင်းနှင့် ပတ်သက်သောပညာရပ်များကို အသိပညာပေးပြောကြား၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူက ကြက်ခြေနီအခြေခံမူ ခုနစ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ ရဲအုပ်ထွန်းထွန်းမှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ စတင်ဖြစ်ပေါ်လာပုံနှင့် တပ်ဖွဲ့စည်းမျဉ်း စည်းကမ်းများကို ပြောကြားခဲ့သည်။

ယင်းနောက်ကြက်ခြေနီဒုတိယတပ်ရင်းမှူးငြိမ်းချမ်းချိုက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သဘာဝဘေးဒဏ်ပေါ်ပေါက်လာပါက မိမိတို့ သင်ကြားတတ်မြောက်ထားသောပညာရပ်များအား လက်တွေ့အသုံးချ ကူညီကယ်ဆယ်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနေ့က သင်တန်းဆင်းတပ်ဖွဲ့ဝင် ၇၀ ဦးရှိပြီး သင်တန်းဆင်းလက်မှတ်များအား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**၀၇၁**

# မဲဆန္ဒရှင်များ ဆောင်ရွက်စရာ

ချစ်နိုင်(စိတ်ပညာ)

"ဟေ့ ကိုချစ်နိုင် မင်းနဲ့တွေ့တာ အတော်ပဲကွာ။ ရွေးကောက်ပွဲနေ့က နီးလာပြီကွာ။ မဲပေးရမယ့် ကိုယ်တို့ ရပ်ကွက်ထဲက လူအများစုမှာ ဘယ်လိုမဲပေးရမလဲ ဆိုတာ သိချင်ကြတယ်။ အဲဒါလေး ပြောပြပေးပါလား သူငယ်ချင်းရာ။"

"လွယ်လွယ်ရှင်းရှင်းလေးပါကွာ။ ဘာမှ အထူးအထွေ ပြောနေစရာမလိုပါဘူး။"

"၂၀၁၅ မှာမှ အသက် ၁၈ နှစ်ပြည့်လာလို့ မဲပေးရမယ့် လူငယ်လေးတွေလည်း ရှိတယ်ကွ။ သူတို့က အရင်မဲပေးရတဲ့အတွေ့အကြုံလည်းမရှိဘူးဟ။ ပြီးတော့ ၂၀၁၅ ရွေးကောက်ပွဲမှာမှ အရင်နဲ့မတူတဲ့ တံဆိပ်တုံး ထုပြီး ဆန္ဒပြုရမယ်တို့၊ လက်ကိုမင်နဲ့တို့မယ်ဆိုတာမျိုး တွေ ပြောင်းလဲတယ်လေ။"

"အမှန်ခြစ်ပါတဲ့ တံဆိပ်တုံးထုတာက ဘောပင်နဲ့ အမှန်ခြစ်ရေးခြစ်ရတာထက် ပိုမိုလွယ်ကူလို့ ပြောင်းလဲတာပါပဲ။ စာမတတ်တဲ့သူတွေ၊ အထူးသဖြင့် ကျေးလက်နဲ့ တိုင်းရင်းသားအများစုဟာ ခဲတံ၊ ဖောင်တိန်၊ ဘောပင်တို့ကို ကိုင်နေမကျဘူး မဟုတ်လား။"

"ဟ. . . တံဆိပ်တုံးထုရတာက ပိုပြီး စိမ်းတာပေါ့ကွ။"

"မလုပ်တတ်လောက်အောင် မခက်ခဲပါဘူး သူငယ်ချင်း။ လေ့လာစမ်းသပ်ပြီးမှ မဲဆန္ဒရှင် ၃၃ သန်းအတွက် သက်ဆိုင်ရာက စီမံတာပါ။ သိပ်စိတ်မပူပါနဲ့။ မြန်မာလူမျိုးတွေဟာ မင်းစိုးရိမ်သလောက် မညံ့ပါဘူးကွာ။"

"မဲပေးပြီးရင် လက်ကို မင်တို့ပေးလိုက်မယ် ဆိုတာကကော ဘာအဓိပ္ပာယ်လဲကွ။ မသိလို့မေးပါရစေ။"

"တစ်ကြိမ်မဲပေးပြီးတဲ့ လူဆိုရင် နောက်တစ်ကြိမ် ထပ်လာပြီး မဲမပေးရအောင် ကာကွယ်တဲ့သဘောပေါ့ကွာ။ ဒီမဲရုံမှာလည်း သူနှစ်ခါပေးလို့မရတော့ဘူး။ နောက်မဲရုံတစ်ခုခုကိုလည်း လူစားဝင် သို့မဟုတ် အမည်တုနဲ့ဟန်ဆောင်ပေးလို့ မရနိုင်တော့ဘူး။"

"သြော်. . . သိပြီ။ ရွေးကောက်ပွဲ မသမာမှု၊ မတရားမှု၊ လိမ်လည်မှုတွေမရှိအောင်၊ ဟာပေါက် ယိုပေါက်မရှိရအောင်၊ ဒါက တိတိကျကျ စေ့စေ့စပ်စပ် စီမံတဲ့သဘော။"

"လူတစ်ယောက်ဟာ နှစ်ကြိမ် သို့မဟုတ် နှစ်နေရာ ပေးခွင့်မရှိဘူး။ မပေးနိုင်အောင် မင်အမှတ်အသားတို့ပြီး ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်တာပေါ့ကွာ။"

"ရွေးကောက်ပွဲဆိုတာ ဒီလို တိကျသေချာမှ ပြည်သူက ကြိုက်တာပါ။ မဲပေးခွင့်ရှိသူတိုင်း မဲရုံကို ဆန္ဒမဲပေးချင်ပေးမယ်။ မပေးဘဲ နေချင်နေမယ်။ မသမာတာ၊ မမှန်ကန်တာမရှိဘဲ အခုလို ပွင့်လင်းမြင်သာခြင်းဟာ ကောင်းပါတယ် သူငယ်ချင်း။"

"အေး. . . ပြီးပြီလား သူငယ်ချင်း မေးချင်တာ။"

"မပြီးသေးဘူးကွ။ ကိုယ်တို့က မဲပုံးဘယ်နှခု ပေးရမှာလဲ ကိုချစ်နိုင်ရ။ ဆန္ဒမဲလက်မှတ် ဘယ်နှခု ရမှာလဲ။

"အနည်းဆုံးတော့ မဲလက်မှတ်သုံးစောင်ကို ထုတ်ယူရမယ်။ တစ်ခုပြီး တစ်ခုထုတ်ယူ။ အမှန်တံဆိပ်တုံး ကြိုက်ရာ ဆန္ဒပေး။ အဲဒီမဲလက်မှတ်ကို မဲပုံးထဲ ထည့်ခဲ့။

အဲဒါက မြို့နယ်တစ်မြို့လျှင် ကိုယ်စားလှယ် တစ်ယောက်ရွေးချယ်ရမယ့် ပြည်သူ့လွှတ်တော်အတွက်ပါ။"

"ဟုတ်ပြီ ပထမ မဲပုံး။"

"ဒုတိယ မဲလက်မှတ်ကို ထုတ်ယူ၊ ဆန္ဒပြု၊ မဲထည့်။ ဒါကတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် ၁၂ ယောက်စီ အညီအမျှ တင်မြှောက်ခွင့် ရကြတဲ့ အမျိုးသားလွှတ်တော်အတွက်၊ သူငယ်ချင်းတို့ နယ်မြေအမှတ်မှာ ယှဉ်ပြိုင်အရွေးခံတဲ့သူတွေထဲက ရွေးရမှာပေါ့ကွာ။"

"ဟေ့ ကိုယ်စဉ်းစားမိတယ်။ အမတ်လောင်း ယှဉ်ပြိုင်သူပေါင်း ၆၀၆၃ ဦးအတွက် မဲလက်မှတ်တွေမှာ သူ့မဲဆန္ဒနယ်မြေအလိုက် အမှားအယွင်း လုံးဝ(လုံးဝ) မရှိစေရအောင် ရောင်စုံပုံနှိပ်ရမယ့် မဲလက်မှတ်ပေါင်း မနည်းမနော ပါလားနော်။ မဲလက်မှတ်စုစုပေါင်း သန်း ၁၀၀ နီးပါး ရှိမှာပဲ။" "မဲဆန္ဒရှင် ၃၃ သန်း×၃ မဲပုံး = ၉၉ သန်းရယ်၊ တိုင်းရင်းသားကိုယ်စားလှယ်၊ ပြည်နယ် နဲ့ တိုင်းဒေသကြီးအလိုက် ရွေးချယ်ခွင့်ရတဲ့ မဲပုံးအလိုက် မဲလက်မှတ်တွေ ရှိနေသေးတယ်။ ဥပမာ ရန်ကုန်တိုင်း ဒေသကြီးဆိုရင် ကရင်မဲဆန္ဒရှင်တွေ၊ ရခိုင်မဲဆန္ဒရှင်တွေအတွက် ပုံနှိပ်မဲလက်မှတ်တွေရှိသေးတယ်။ အမှားအနည်းဆုံးဖြစ်အောင် ကြိုးစားနေကြပါတယ်လေ။"

အဲဒီလူမျိုးဆိုင်ရာ မဲလက်မှတ်တွေကို သူတို့နေတဲ့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ မဲရုံအထိ အချိန်မီ အရေးအတွက် လုံလောက်အောင် တိတိကျကျ ဖြန့်ဝေပေးပို့ ထားပြီးသားလည်း ဖြစ်ရဦးမယ်။ အလိုလေး တော်တော် မလွယ်ကူတဲ့ လုပ်ငန်းကြီးပါလား ကိုချစ်နိုင်။"

"အပြစ်တင်ရတာသာ လွယ်တာဟ။ တကယ်လုပ်ဆောင်နေကြရတဲ့သူတွေမှာတော့ ထောင့်စေ့အောင် အတော်ကြိုးစားပြီး လုပ်ရရှာပါတယ်။ စေတနာပါလို့ ချောမောအောင်မြင်တာပါဗျာ။ သူတို့အားထုတ်မှုကိုလည်း အသိအမှတ်ပြုစေချင်ပါတယ်။"

"ငါမရှင်းတာ တစ်ခုမေးပါရစေဦးဟ။ ပြည်ထောင်စုလွှတ်တော်အတွက် ကိုယ်စားလှယ် တစ်မြို့တစ်ယောက်ရပြီး အမျိုးသားလွှတ်တော်အတွက် ၄၅ မြို့နယ်ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီးအတွက် လေးမြို့နယ်မှ တစ်ယောက်နှုန်း၊ ခြောက်မြို့နယ်ရှိတဲ့ ကယားပြည်နယ်အတွက်ဆိုရင် တစ်မြို့နယ်အတွက် တင်မြှောက်ရတာ နှစ်ယောက်နှုန်း၊ မညီမမျှမဖြစ်ဘူးလား။"

"ဘယ်သူက အခွင့်အရေးသာတယ်ထင်လို့လဲ။"

"ဟာ. . မြို့နယ်နည်းတဲ့ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ မွန်တို့လည်း ၁၂ ယောက်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီလည်း ၁၂ ယောက်ဆိုတော့ လူနည်းစုပြည်နယ်သားတွေမှာ သိသိသာသာ အခွင့်အရေးပိုရပြီး မြို့နယ်လည်းများ၊ လူဦးရေလည်းများတဲ့ တိုင်းဒေသကြီးတွေက အနစ်နာခံသလို ဖြစ်နေတာပေါ့။"

"ဒါဟာ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူနည်းစုတိုင်းရင်းသားတွေကို တန်းတူညီမျှ အခွင့်အရေးရကြစေဖို့ အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းရာမှာ ၁၂×၁၄=၁၆၈ ဦးရယ်၊ တပ်မတော်ကိုယ်စားလှယ် ၅၆ ဦးရယ် စုစုပေါင်း ၂၂၄ ဦးနဲ့ ဖွဲ့စည်းထားလို့ဖြစ်ပါတယ်။"

"သြော်. . . ရှင်းပြီသူငယ်ချင်း။ မင်းပြောမှ ကိုယ်သဘောပေါက်သွားတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ပေါင်းမှ ပြည်ထောင်စုလွှတ်တော် (၄၄၀+၂၂၄=၆၆၄)ဖြစ်လာမှာကိုး။"

"ကြားဖြတ်ပြောတာနဲ့ စကားပြတ်သွားမှာစိုးတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဆန္ဒမဲပေးပြီးရင် တိုင်းဒေသကြီးလွှတ်တော်အတွက် မဲထုတ်ယူရဦးမယ်။ ဆန္ဒပြုတံဆိပ်တုံးထုရဦးမယ်။ တတိယမဲပုံးထဲကို ထည့်ခဲ့ရမယ်။"

"ဒါဆိုပြီးပြီပေါ့။"

"မပြီးသေးဘူး။"

"သူငယ်ချင်းတို့ ရပ်ကွက်ထဲက ကရင်လူမျိုးဆိုပါစို့ သူ့အတွက်မဲစာရင်းမှာ မဲလက်မှတ်အဆင်သင့်နဲ့ပါပြီးသား။ စတုတ္ထမြောက် မဲလက်မှတ်ကို ထုတ်ယူဦး။ လျှို့ဝှက်ဆန္ဒပြုခန်းမှာ ဆန္ဒမဲတံဆိပ်တုံးထုလိုက်ဦး။ ပြီးရင်စတုတ္ထမြောက် မဲပုံးထဲကို မဲထည့်လိုက်။"

"ပြီးပြီလား။"

"နောက်ဆုံးတစ်ခုက လက်ကို မင်တို့ပေးပါလိမ့်ဦးမယ်။ မင်တို့ပေးမယ့်သူက ထွက်ပေါက်အဝနားမှာ စောင့်နေတယ်။ မဲရုံမှာ မင် လက်ကို တို့ခဲ့ပါဦး။"

"အေး အေး. . . ရေရေလည်လည် သိပါပြီကွာ။ ရခိုင်လူမျိုးတစ်ယောက်ပဲ ပါပါ၊ မဲစာရင်းမှာ ပါပြီးရင် ရခိုင်ကိုယ်စားလှယ်ရွေးဖို့ရာ စတုတ္ထမြောက်မဲပုံးကို မဲပေးရဦးမယ်။ ဒါနဲ့ . . . မဲပုံး လေးပုံးစလုံးမပေးချင်ဘူးကွာ။ ဥပမာဆိုပါစို့ တစ်ခုပဲပေးမယ်။ အဲဒါရောရသလား။"

"ကတ်သီးကတ်သတ်ကွာ။ မဲပေးချင်လို့ မဲရုံကို ဝင်လာမှတော့ မဲပုံး သုံးပုံး သို့မဟုတ် (လူမျိုးအလိုက်ပါ ထည့်ခွင့်ရရင်) လေးပုံးစလုံးထည့်ပါလား။ ရှင်းတာပေါ့။"

"အားလုံးမထည့်ချင်ဘူး။ တစ်ပုံး၊ နှစ်ပုံးပဲ ဆန္ဒမဲကို ပေးချင်တယ် ဆိုရင်ရသလား။ ဒါပဲဖြေပါ။"

"ရပါတယ်။ မဲဆန္ဒရှင်ရဲ့ သဘောပါ။ လွတ်လပ်ပါတယ်။"

"အေး ရပြီ။ ကိုယ့်ကိုသူများမေးရင် ဖြေနိုင်အောင်လို့ ကြိုမေးရတာပါ သူငယ်ချင်းရယ်။"

"မြန်မာနိုင်ငံ ရွေးကောက်ပွဲစနစ်က ပြည်သူတိုင်း မဲမပေးမနေရမဟုတ်ဘူး။ အပြည့်အဝ လွတ်လပ်တယ်။"

"ပြောပါဦး။"

"အချို့နိုင်ငံက ဥပဒေအရ မဲမပေးမနေရ သတ်မှတ်ထားတယ်။ မဲမပေးရင် ဒဏ်ငွေဆောင်ရမယ်။ အပြစ်ပေးတယ်။"

"သြော်. . . ဟုတ်လား။"

"ကမ္ဘာပေါ်မှာ အချို့နိုင်ငံတွေက ဆန္ဒမဲပေးချင်ရင် ကိုယ်တိုင်မဲပေးလိုကြောင်း အမည်စာရင်းကြိုတင်ပေးသွင်းကြရတယ်။ ဒါမှသာ မဲပေးခွင့်ပြုတယ်။"

"သြော်. . . အဲသလိုမျိုးလည်း ရှိသလားဟ။"

"ရှိတယ် မောင်ရေ။ မြန်မာနိုင်ငံမှာတော့ မဲမပေးမနေရလည်း သတ်မှတ်မထားဘူး။ လွတ်လပ်တယ်။ ပေးချင်ရင်ပေးပါ။ မပေးချင်ရင်နေပါ။ မိမိဆန္ဒအတိုင်း အပြည့်အဝပဲ။ လွတ်လပ်ပါတယ်။ မဲပေးချင်တဲ့သူကြိုတင်ပြီး စာရင်းလာပေးမှ မဲပေးခွင့်ရတယ်ဆိုတာမျိုးလည်း မလုပ်ပါဘူး။ မဲစာရင်းကို ကော်မရှင်က ပြုစုတာပါ။ မဲစာရင်းမှာ ကိုယ့်အမည်စာရင်းပါ မပါတော့သွားကြည့်ရမယ်။ မဲပေးချင်ရင် အမည်စာရင်းပါမှ ဖြစ်မယ်။ မပါရင်ဖြည့်ပေးဖို့ ပြောရမယ်။ ထည့်ပေးမယ်။ ဘာမှမပူနဲ့။ စာလုံးပေါင်း သတ်ပုံမှားရင်ပြောပါ။ ပြင်ပေးမယ်။ စိတ်အနှောင့်အယှက်မဖြစ်နဲ့။ မဲပေးခွင့်မဆုံးရှုံးစေရပါ။ မဲစာရင်းထဲမှာ မပါသင့်တဲ့လူတွေ ပါနေတယ်။ လူမနေတော့ဘဲ နာမည်တွေ ပါနေတာမျိုး။ လူသေပေမယ့် စာရင်းမလျှော့ရသေးလို့ ပါနေတာမျိုး တွေ့ရင်ပြောပါ။ ပုံစံနဲ့ ဖြည့်ပြီးတင်ရင် ဖျက်ပေးပါတယ်။ လျှော့လိုက်ပါတယ်။ မဲဆန္ဒရှင်တွေက ဒီလိုစစ်ဆေးပေးတာတော့ ပါဝင်ကူညီသင့်ပါတယ်။ မှားရင် ပြင်ပေးရုံပေါ့ကွာ။ မှန်သွားမှာပေါ့။ ဘာမှ ခက်ခဲတဲ့အရာမဟုတ်ပါဘူး။ နှစ်ကြိမ်ပြသခဲ့ပြီးပြီ။ ပြင်ခဲ့ကြပြီးပြီ။ အမှားအယွင်းအနည်းဆုံး စာရင်းကို ရခဲ့ကြပါပြီ။ မဲစာရင်းတွေ ကမောက်ကမ တော်တော်ကြီးများလွန်းပါတယ်။ ဘာညာပြောဆိုနေတာက ပြဿနာရှာချင်သူအချို့တွေက ဖွတာများလို့ပါ။ အမှားပါရင် ပြင်ရုံပါပဲ။

"သူငယ်ချင်းကသာ ပြဿနာမရှိဘူးပြောနေတာ။ စင်ကာပူမှာမဲပေးချင်သူ နှစ်သောင်းကျော်ရှိတာကို သံရုံးမှာ တစ်သောင်း ခြောက်ထောင်ကျော်သာ ပေးခွင့်ရတယ်လို့ ဆိုပဲ။"

"ကြိုတင်မဲအရေအတွက်များလို့ တန်းစီရတာကြာတဲ့အကြောင်းကြားသိရပါတယ်။ သံရုံးဝန်ထမ်းဦးရေနည်းပါးလို့ လုပ်အားပေးအဆိုင်းများဖြည့်ပြီး မြန်ဆန်အောင် ဝိုင်းဝန်းစီမံလိုက်တဲ့အခါ ရက်တိုးပေးလိုက်တာရော အဆင်ပြေသွားပုံရပါတယ်။ ကြိုတင်မဲ မပေးလိုက်ရရင် မိမိ အမြဲတမ်းနေထိုင်ရာ မဲစာရင်းပါတဲ့မြို့၊ ရပ်ကွက်၊ မဲရုံမှာ ၈-၁၁-၂၀၁၅ တနင်္ဂနွေနေ့ နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း မဲလာပေးလို့ရပါတယ်။"

"နိုင်ငံခြားကနေ ကိုယ့်ရပ်ရွာကို ပြန်လာမဲပေးကြဖို့ကတော့ မလွယ်ပါဘူးကွာ။"

"မလွယ်ကြတဲ့အတွက် နိုင်ငံခြားတိုင်းပြည်ပေါင်း သုံးဆယ်၊ လေးဆယ်မှာရှိကြတဲ့ မဲဆန္ဒရှင် သိန်းဂဏန်းအတွက် ကော်မရှင်နဲ့ နိုင်ငံခြားသံရုံးများက ကြိုးစားပြီး ဆောင်ရွက်ခဲ့ကြပါတယ်လေ။ အဆင်မပြေတာအနည်းနဲ့ အများ ရှိတတ်ပါတယ်။ လူငါးသိန်းကျော် အဆင်ပြေအောင် စီမံပေးတာကို လုံးဝမစဉ်းစားဘဲ လူငါးထောင်လောက် မဲလက်မှတ်အစုံမရတာ စသဖြင့် ပြောဆိုကြတာက (၁၀၀ မှာ တစ်ဦးက အဆင်မပြေ) အဆင်ပြေသူ ၉၉ ယောက်ဘက်က ကျေးဇူးတင်စကားပြောတဲ့သူ တစ်ယောက်တစ်လေမှ မရှိဘူးလား။ ငါတို့ဘက်ကလည်း အားထုတ်မယ်။ ပူးပေါင်းကူညီမယ်။ အကောင်းမြင်မယ် ဆိုတဲ့ (we) သဘောထားကတ္တားပုဒ် အယူအဆ ရှိကြရမယ်။" (နောက်ဆုံးသတင်းအရ မဲပေးရန် ကျန်ရှိနေသေးသူ ၁၆၀ ဦးအတွက်ပါ စင်ကာပူသံရုံးသို့ မဲလက်မှတ်တွေ ရောက်သွားပြီကြားပါတယ်) အေး. . . ဟုတ်တာပေါ့။ ကောင်းတာပေါ့။"

"ကျွန်တော်တို့အတွက် အေကနေ ဇက်အထိ အလုံးစုံပြည့်ပြည့်ဝဝ စီမံဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ကို (me) ဖြည့်စွမ်းရမယ်ဆိုတဲ့ ကံပုဒ် ခံယူချက် လူငယ်တွေမှာ မရှိသင့်ကြဘူး။"

"ဟာ. . . ကိုချစ်နိုင်က ကိုယ်တို့လူငယ်မျိုးဆက်သစ်တွေကို We Generation လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြတဲ့ သခင်အောင်ဆန်း၊ သခင်ရှုမောင်၊ သခင်နု၊ သခင်စိုး၊ သခင်သန်းထွန်း နှစ်ဆယ်ရာစု ဗိုလ်သုကာ မျိုးဆက်လိုဖြစ်စေချင်တာကိုး။ ကျွန်တော်တို့က ဘာလုပ်ရမှာလဲ၊ ဘာအခွင့်ရေးတွေပေးမှာလဲ၊ ကျွန်တော်တို့ကို မြေတောင်မြှောက်ပါဦးဆိုတဲ့ တောင်းဆိုတိုက်ပွဲဝင်တာကို သူ့ရဲကောင်းလို့ ထင်မှတ်နေတတ်တဲ့ Me Generation သဘောထားအမြင်ကို ပြောင်းလဲစေချင်တာကိုး။"

"အကျယ်မပြောတော့ပါဘူး သူငယ်ချင်းရယ်။ စင်ကာပူမှာ မဲစာရင်းပါတယ်ပြောလို့ သံရုံးမှာ မဲဆန္ဒပေးခွင့်မရတာကြောင့် ငိုငိုယိုယိုဖြစ်ရပါတယ် ဆိုတဲ့ စင်ကာပူရှိလူငယ်တစ်ယောက်ရဲ့ ဗီဒီယိုတစ်ခု အင်တာနက်မှာ တက်လာတယ်။ ဒါကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဘယ်လိုဖြစ်တာလဲ။ ချက်ချင်းဆက်သွယ်မေးပါ။ ဖြေရှင်းပေးပါဆိုတော့ အဲဒီလူငယ်က သူ့နေရပ်ကို ဥက္ကံမြို့လို့ ပြောတယ်။ ဥက္ကံမြို့မဲစာရင်းက မပါဘူး။ သံရုံးက ဥက္ကံမြို့မပါဘူးပြောတယ်။ ရှာလို့လည်း ဘယ်မှာမှ မတွေ့ဘူး။ ဒါကြောင့် တန်းစီပြီးအကြာကြီးစောင့်ခဲ့ရပါလျက် မဲပေးခွင့်မရရှာဘူး။"

"ဒုက္ခပါပဲကွာ။"

"ရွေးကောက်ပွဲကော်မရှင်က ရှာဖွေစိစစ်မှ သြော်. . . ဥက္ကံက တိုက်ကြီးမြို့နယ် ထဲပါတာပဲ။ တိုက်ကြီးမြို့နယ် မဲလက်မှတ်ပို့ထားပါတယ်။ သံရုံးက သူ့အမည်ကိုပြန်ရှာပြီး မဲပေးဖို့လုပ်ပေးလိုက်ပါ ဆက်သွယ်စီမံပေးမှ အဲဒီလူငယ် မဲပေးလို့ရသွားခဲ့ပါတယ်။"

"သြော်. . . ကိုယ့်နေရပ်မြို့နယ်ဟာ တိုက်ကြီးမြို့နယ်ထဲက ဥက္ကံမြို့"ဆိုတာတောင် ရေရေရာရာ သဲကွဲအောင် မပြောပြတတ်ရှာတဲ့ လူငယ်ရဲ့ပြဿနာလေးဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရော၊ စင်ကာပူရှိ မြန်မာသံရုံးရော ခေါင်းပူအောင်ဖြေရှင်း ရှာဖွေပေးခဲ့ရတာ နမူနာကြည့်ရမှာပဲနော်။"

"ပြည်သူအများစုရဲ့ စိတ်အားထက်သန်မှုက မဆိုးပါဘူး။ သို့သော် ပိုမိုနိုးကြားဖို့၊ အားထည့်ကြဖို့တော့ လိုနေသေးတယ် ထင်တာပဲကွာ။ အပြစ်တင်မစောဘဲ ပူးပေါင်းကူညီကြရင် ပိုကောင်းမှာပါ။ ။

**မြန်မာနိုင်ငံမှာတော့ မဲမပေးမနေရလည်း သတ်မှတ်မထားဘူး။ လွတ်လပ်တယ်။ ပေးချင်ရင်ပေးပါ။ မပေးချင်ရင်နေပါ။ မိမိဆန္ဒအတိုင်း အပြည့်အဝပဲ။ လွတ်လပ်ပါတယ်။ မဲပေးချင်တဲ့သူ ကြိုတင်ပြီး စာရင်းလာပေးမှ မဲပေးခွင့်ရတယ်ဆိုတာမျိုး လည်း မလုပ်ပါဘူး။**

# ကျန်စစ်သားကားလမ်းကူးဂိတ်၌ အချက်ပြဆက်သွယ်ရေးနှင့် လုံခြုံမှုဆိုင်ရာ တပ်ဆင်ပြီးစီး



**ရန်ကုန် နိုဝင်ဘာ ၃**

ရထားပို့ ဆောင်ရေးဝန်ကြီးဌာနမှ ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေ (Grant) ဖြင့် ဆောင်ရွက်နေသည့် ရန်ကုန်-ပြွန်တန်ဆာ လမ်းပိုင်းအတွင်း ရထားအချက်ပြဆက်သွယ်ရေးဆိုင်ရာနှင့် လုံခြုံမှုဆိုင်ရာကိရိယာ တန်ဆာပလာတပ်ဆင်ခြင်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကျန်စစ်သား ကားလမ်းကူးဂိတ် (Automatic Level Crossing)အား တိုးကြောင်ကလေးဘူတာနှင့် ရွာသာကြီးဘူတာကြားရှိ မိုင်တိုင်အမှတ်(၉/၁)၌ တပ်ဆင်ဆောင်ရွက်ခဲ့ရာ ယခုအခါအလုံးစုံ တပ်ဆင်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းကြောင့် တန်ဖိုးငွေကျပ် သန်းပေါင်း ၂၁၀ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာသန်း ၄၀ ဝန်းကျင်)ရှိ ကျန်စစ်သား ကားလမ်းကူးဂိတ် ဖွင့်ပွဲအခမ်းအနားအား အောက်တိုဘာ ၃၀ ရက် နံနက် ၇ နာရီက ကျန်စစ်သား ကားလမ်းကူးဂိတ်အနီးကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ မစ္စတာ Suzuki နှင့် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ) ဦးအောင်ဝင်းတို့က တက်ရောက်အမှာစကားပြောကြားကြပြီး ဂျပန်နိုင်ငံနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ မီးရထားဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင်ဆောင်ရွက်လိုက်သော အဆိုပါ ကျန်စစ်သား ကားလမ်းကူးဂိတ် (Automatic Level Crossing) အား မြန်မာနှင့် ဂျပန် ပူးပေါင်းဆောင်ရွက်၍ ဂျပန်နိုင်ငံမှ Mitsubishi Corporation နှင့် Hitachi ကုမ္ပဏီလီမိတက်တို့မှ ဆောင်ရွက်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေ (Grant) ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း သုံးခုအတွင်း ယခုဖွင့်လှစ်လိုက်သည့် ကျန်စစ်သားကားလမ်းကူးဂိတ် (Automatic Level Crossing)မှာ စီမံကိန်းတစ်ခုဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့မီးရထား (သွားလာပို့ဆောင်ရေးဌာန၊ ဆက်သွယ်ရေးဌာနခွဲ)မှ ဒုတိယ အထွေထွေမန်နေဂျာနှင့် စီမံကိန်းဒါရိုက်တာ ဦးခင်မောင်သိန်းက "ဒီနေရာကို ဘာလို့ Level Crossing လုပ်ဖို့ ရွေးချယ်လိုက်တာလဲဆိုတော့ အရင်တုန်းကတည်းက ကျွန်တော်တို့က စနစ်တကျ ဆာဗေးလုပ်ဆောင်ခဲ့တာပါ။ ဒီကျန်စစ်သားဂိတ်က ယာဉ်ကြောကြပ်တယ်။ ပြီးတော့ ဒီနေရာကဒဂုံတက္ကသိုလ်သွားတဲ့ လမ်းခွဲလည်းဖြစ်နေပြန်တော့ ဒီနေရာကို ကျွန်တော်တို့နဲ့ ဂျပန်အင်ဂျင်နီယာများက ပူးပေါင်းရွေးချယ်လိုက်တာပါ။

"ဒီစနစ် မတပ်ဆင်မီ အစတုန်းကဆို ရထားတစ်စီးလာပြီဆိုရင် ဂိတ်စောင့်က မသိနိုင်ပါဘူး။ သူက ဂိတ်ကို မှန်းပြီးပိတ်ရတာပါ။ ခုအသစ်တပ်ဆင်ထားချက်အရဆိုရင် ရထားသံလမ်းပေါ်မှာလည်း ဆင်ဆာတပ်ဆင်ထားတာဆိုတော့ ဂိတ်ကနေ ပေ ၂၀၀၀ လောက်အကွာမှာ ရထားရောက်လာတာနဲ့ ဂိတ်မှာ Alam ပြနေတော့ ဂိတ်စောင့်က ကြိုသိနေရပါပြီ။ ပြီးရင် ဂိတ်စောင့်က ဂိတ်ကနေ ခလုတ်ကိုနှိပ်မယ်။အဲဒီအခါကျ ဂိတ်မောင်းတံက ကျလာပါလိမ့်မယ်။ အဲ့လို ကျလာတာနဲ့ တစ်ပြိုက်တည်း ရထားကို အချက်ပြပေးလိမ့်မယ်။ ကားလမ်းကိုလည်း အချက်ပြပေးပါလိမ့်မယ်။

"နောက်တခုက ကားတွေ သိနိုင်ဖို့အတွက်လည်း ရန်ကုန်ဘက်ကလာတဲ့ ရထားလား၊ မန္တလေးဘက်ကလာတဲ့ ရထားလားဆိုတာကို အဲဒီတစ်ဖက်တစ်ချက်စီမှာ တပ်ဆင်ထားတဲ့ နေရာကနေ တိုင်းတာမှုစံနှုန်းကို ယာဉ်မောင်းများအတွက် ရထားလမ်းရဲ့ တစ်ဖက်တစ်ချက်စီကနေ ပြနေပါလိမ့်မယ်။ ဒ့ီအပြင်ဂိတ်က ရထားသံလမ်းပေါ်မှာ မတော်တဆ ယာဉ်ပျက်နေပြီဆိုရင် ဂိတ်စောင့်က အဲ့ဒီ ပေ ၂၀၀၀ အကွာမှာရှိတဲ့ရထားကို မလာသေးအောင် အချက်ပြလို့ရပါသေးတယ်။

"အရင်ထက်စာရင် စနစ်က အများကြီး ပြောင်းလဲသွားပါပြီ။ ဒီ ကျန်စစ်သားဂိတ်ဖွင့်ပြီးသွားပြီဆိုတော့ ရန်ကုန်-မန္တလေး လမ်းပိုင်းမှာပဲ နောက်ထပ် ဂိတ်ငါးခုကိုသူတို့ ပို့တဲ့ငွေကြေးနဲ့ ဆက်ပြီးဆောင်ရွက်ဖို့အတွက် ဂျပန်နဲ့ ဆွေးနွေးထားပါတယ်။ ဘယ်ဂိတ်ကိုစပြီး ဆောင်ရွက်မလဲဆိုတာတော့ မသိရသေးသလို ဘယ်ဂိတ်ကိုစတင်ဆောင်ရွက်ကြမလဲဆိုတာကလည်း ဆွေးနွေးနေကြတုန်းပါ" ဟု မီဒီယာများအား သီးသန့်ရှင်းပြခဲ့သည်။

မြန်မာ့မီးရထားလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ ကနဦးချေးငွေဖြင့် ရန်ကုန်မြို့ပတ်လမ်းပိုင်းတစ်လျှောက်အား အဆင့်မြှင့်တင်ရန်ရှိပြီး အချက်ပြ ဆက်သွယ်ရေးပိုင်းဆိုင်ရာအရ မြို့ပတ်လမ်းပိုင်းရှိ ဘူတာငါးဘူတာဖြစ်သော ကြည့်မြင်တိုင်ဘူတာ၊ အင်းစိန်ဘူတာ၊ ဒညင်းကုန်းဘူတာ၊ မင်္ဂလာဒုံဘူတာနှင့် ပုရွက်ဆိတ်ကုန်းဘူတာတို့အား ရထားအချက်ပြစနစ်အသစ်တပ်ဆင်သွားမည်ဖြစ်ပြီး ကားလမ်းကူးဂိတ် ၂၁ ခုကိုလည်း ယခုကဲ့သို့ Automatic System များဖြင့် အစားထိုးတပ်ဆင်သွားမည်ဖြစ်သည်။

ယင်းပြင် ဂျပန်နိုင်ငံမှ ချေးငွေဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွက် Upgrading Project အစီအစဉ်အရ လမ်းပိုင်းတစ်လျှောက်အား အချက်ပြနှင့် ဆက်သွယ်ရေးတစ်ခုတည်းသာမကဘဲ ရထားသံလမ်းများ၊ တံတားများ၊ ခေတ်မီရထားတွဲဆိုင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ Phase 1 အနေဖြင့် ရန်ကုန်-တောင်ငူလမ်းပိုင်းအား ဆောင်ရွက်သွား မည်ဖြစ်ပြီး စီမံကိန်းဆောင်ရွက်ရန်အတွက် လက်ရှိ Detail Design အဆင့်ရောက်ရှိနေပြီဖြစ်သောကြောင့် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရထားသွားလာရေးတွင် လွန်စွာအရေးကြီးသည့် အချက်ပြနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ရန်အတွက် ဂျပန်နိုင်ငံက ထောက်ပံ့ငွေ (Grant) ဖြင့် စီမံကိန်းသုံးခု ဆောင်ရွက်ရန်စီစဉ်ထားမှုအရ ပထမစီမံကိန်းတစ်ရပ်မှာ ရန်ကုန်ဘူတာကြီးရှိ အချက်ပြဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ၁၉၅၀ ပြည့်နှစ်ကတည်းက လုပ်ဆောင်ခဲ့သည့် အချက်ပြစနစ်များကို ခေတ်မီအချက်ပြစနစ်များဖြင့် ပြန်လည် အစားထိုးသွားမည်ဖြစ်ကြောင်း၊ ဒုတိယစီမံကိန်းတစ်ရပ်မှာယခု ဖွင့်လှစ်လိုက်သည့် Automatic Alarm System ပါဝင်သော ကျန်စစ်သားကားလမ်းကူးဂိတ် (Automatic Level Crossing) ဖြစ်ကြောင်း၊ တတိယ စီမံကိန်းတစ်ရပ်မှာ ရန်ကုန်-ပြွန်တန်ဆာ လမ်းပိုင်းတစ်လျှောက်တွင် ပြေးဆွဲနေသည့် ရထားတွဲဆိုင်းများအားမည်သည့် ဘူတာရောက်ရှိနေပြီကို တီဗွီမှန်သားပြင်မှတစ်ဆင့် ကြည့်ရှုထိန်းချုပ်စနစ်ဖြစ်ကြောင်းသိရပြီး စီမံကိန်းအား ၂၀၁၇ ခုနှစ်တွင် ပြီးစီးရန် သတ်မှတ်ထားကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

ယခု ဖွင့်လှစ်လိုက်သော ကျန်စစ်သားကားလမ်းကူးဂိတ် (Automatic Level Crossing) လုပ်ငန်းခွင်အတွက် ဂျပန်နိုင်ငံမှ အင်ဂျင်နီယာ ၁၀ ဦးမှ အလှည့်ကျ ဆောင်ရွက်ပေးခဲ့ပြီး မြန်မာ့မီးရထားမှ အင်ဂျင်နီယာငါးဦးအား စီမံကိန်းလုပ်ငန်းခွင်အတွင်း အချိန်ပြည့်ထားရှိခဲ့ကြောင်း၊ ထို့အပြင် ကျန်စစ်သားကားလမ်းကူးဂိတ် စီမံကိန်းလုပ်ငန်းခွင်အတွက် ရထားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာနှင့် လုံခြုံမှုဆိုင်ရာ ကိရိယာတန်ဆာပလာ တပ်ဆင်ခြင်းစီမံကိန်းအား ပြီးခဲ့သည့် ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၀ ရက်က ဆောင်ရွက်ပြီးစီးခဲ့ကာ သုံးလတာကာလအတွင်း အပြီးသတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**စိုးဝင်း(MLA)**

# မုံရွာအကျဉ်းထောင်တွင် အကျဉ်းထောင်ဝန်ထမ်းများနှင့် အမှုရင်ဆိုင်နေဆဲ အချုပ်သားများ ကြိုတင်ဆန္ဒမဲပေးမှုများ စတင်

**မုံရွာ နိုဝင်ဘာ ၃**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် မုံရွာအကျဉ်းထောင်ရှိ ဝန်ထမ်းများနှင့် မုံရွာမြို့နယ်အတွင်းမှ သက်ဆိုင်ရာ တရားရုံးများတွင် အမှုရင်ဆိုင်နေဆဲ အချုပ်သားများသည် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲမှစတင်ပြီး ကြိုတင်မဲများကို အကျဉ်းထောင်အတွင်း စတင်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ရုံးကြီးရပ်ကွက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကနေပြီး မုံရွာအကျဉ်းထောင်က ဝန်ထမ်းတွေနဲ့ ရပ်ကွက်အတွင်းက အမှုရင်ဆိုင်နေဆဲ အချုပ်သားတွေကို ကြိုတင်မဲပေးဖို့ လုပ်နေတာပါ၊ တခြားရပ်ကွက်၊ ကျေးရွာက ကော်မရှင်အဖွဲ့ခွဲတွေလည်း ဒီမှာ အချုပ်သားတွေရှိရင် အခုလိုပဲ ကြိုတင်မဲပေးနိုင်ဖို့ လုပ်ဆောင်ကြရမှာပါ" ဟု ရုံးကြီးရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြောသည်။

အဆိုပါ ကြိုတင်မဲပေးမှုတွင် မုံရွာအကျဉ်းထောင်မှ ဝန်ထမ်း ၄၅ ဦးနှင့် မုံရွာမြို့နယ်အတွင်းမှ အမှုရင်ဆိုင်နေဆဲ အချုပ်သား ၅၂ ဦးတို့အား ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများမှ မုံရွာအကျဉ်းထောင်အတွင်း လာရောက်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မုံရွာအကျဉ်းထောင် ဝန်ထမ်းများ၏ မိခိုသူမိသားစုဝင်များဖြစ်သော ဆန္ဒမဲပေးနိုင်သူ ၆၃ ဦးသည် နိုဝင်ဘာ ၈ ရက်တွင် ဆန္ဒမဲများ ဆက်လက်ပေးသွားမည်ဖြစ်ကာ အဆိုပါ ကြိုတင်ဆန္ဒမဲပေးရာသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှတစ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှငါးဦး စုစုပေါင်း ကိုယ်စားလှယ်ခြောက်ဦးတို့မှ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဆည်ရေကန်အတွင်း ရေကူးစဉ် ဇနီးသည်ရေနစ်သည်ကို ကယ်ရာမှ လင်မယားနှစ်ဦး ရေနစ်သေဆုံး

**နတ်မောက် နိုဝင်ဘာ ၃**

နတ်မောက်မြို့နယ်ရှိ ဆည်ရေကန်တစ်ခုအတွင်း လင်မယားနှစ်ဦး ရေနစ်သေဆုံးခဲ့မှု အောက်တိုဘာ ၃၁ ရက်က ဖြစ်ပွားခဲ့ကြောင်း နတ်မောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၃ နာရီက နတ်မောက်မြို့နယ် နတ်စင်ဆည်ရေကန်အတွင်း လူနှစ်ဦး ရေနစ်သေဆုံးကြောင်းသတင်းအရ နတ်မောက်မြို့နယ် စိုင်ကောင်းနယ်မြေရဲစခန်းမှူး ရဲအုပ်စန်းဝေ သွားရောက်စစ်ဆေးခဲ့သည်။

နတ်မောက်မြို့နယ် စမ်းကုန်းကျေးရွာ မြောက်ဘက် နတ်စင်ဆည်ရေကန်အတွင်းသို့ ယင်းနေ့ မွန်းတည့် ၁၂ နာရီခန့်က စမ်းကုန်းရွာနေ လှိုင်ဇော်ဝင်း အသက် ၄၂ နှစ်၊ ၎င်း၏ ဇနီးဖြစ်သူ မဝင်းခိုင် အသက် ၃၈ နှစ်နှင့် တစ်ရွာတည်းနေ မရွှေရည်ဝင်း အသက် ၇ နှစ်တို့ သုံးဦးရေချိုးနေရာမှ မဝင်းခိုင်မှာ ရေနစ်သွားခဲ့သဖြင့် လှိုင်ဇော်ဝင်းမှ လိုက်လံလိုက်လံဆယ်ယူရာ နှစ်ဦးစလုံးရေနစ်သွားခဲ့ကြောင်း မရွှေရည်ဝင်းက ရွာသို့ ပြန်ကာ ပြောပြခဲ့သည်။

စမ်းကုန်းကျေးရွာနေ လူငယ်များမှ နတ်စင်ဆည်ရေကန်အတွင်း လိုက်လံရှာဖွေခဲ့ရာမှ အဆိုပါနေ့ ညနေ ၅ နာခန့်တွင် ဆည်ကမ်းစပ်နှင့် ပေ ၂၀ ခန့်အကွာတွင် လင်မယားနှစ်ဦး၏အလောင်းအား ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နတ်မောက်မြို့နယ်၊ မြို့မရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၇/၂၀၁၅ ဖြင့် အမှုဖွင့်ထားသည်။

**ကျော်ဖေယျ**

# နှစ်ယောက်စီးနင်းလာသည့်ဆိုင်ကယ် ကားလမ်းဘေးရှိ ကျောက်တိုင်နှင့်တိုက်မိ၍ တစ်ဦးသေဆုံး

**ရေတာရှည် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာမြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းအကွေ့တွင် ဆိုင်ကယ်တစ်စီး အရှိန်လွန်၍ လမ်းဘေးကျောက်တိုင်ကို ဝင်ရောက်တိုက်မိခဲ့ပြီး မောင်းနှင်သူဒဏ်ရာများရရှိကာ နောက်မှစီးနင်းလာသူသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကားလမ်းအတိုင်း မြောက်မှတောင်သို့ တာတီး(၁၈)နှစ်၊ မရိုးခုံကျေးရွာနေသူမောင်းနှင်ပြီး နောက်တွင်တစ်ရွာတည်းနေ ရဲရဲ(ခ) ဉာဏ်လင်းအောင်(၁၉) နှစ် လိုက်ပါလာသောဆိုင် ကယ်သည် ကားလမ်းမိုင်တိုင်အမှတ် ၁၉၅/၂နှင့် ၃ အကြား သပြေတန်းကျေးရွာ မြောက်ဘက် လမ်းကွေ့အရောက်တွင် အရှိန်လွန်ကာ လမ်းအနောက်ဘက်ရှိ ကျောက်တိုင်ငုတ်အား ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ တာတီးမှာ လမ်းအနောက်ဘက်ချောက်အတွင်းသို့ လွင့်စင်ကျသွားခဲ့ပြီး နောက်ကနေ ထိုင်လိုက်လာသော ရဲရဲ(ခ) ဉာဏ်လင်းအောင်သည် ကျောက်တိုင်ငုတ်ဖြင့် တိုက်မိကာ မေးရိုးကျိုး၊ ဦးခေါင်းထိပ်ကွဲ၊ နား၊ နှာခေါင်းတို့မှ ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့သည်။ယင်းကြောင့် ရေတာရှည် မြို့မရဲစခန်းက ယာဉ်(ပ)၄၄/၂၀၁၅ ပုဒ်မ ၃၀၄-က/၃၃၈ ဖြင့်အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

**ကိုလွင်(ဆွာ)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တွေ့ဆုံ

**တောင်ကြီး နိုဝင်ဘာ ၃**

ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်၊ ခရိုင် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီခွဲက ရွာငံမြို့ ဗထူးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က ရွာငံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းကာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ပြည်နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးစိုင်းထွန်းထွန်းကဒေသသောက်သုံးရေဖူလုံစွာရှိရေး၊ ရေသွယ်တန်းမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က သတ္တုတွင်းနှင့် ရေရရှိရေးကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ လမ်းတံတားကိစ္စရပ်များကို ပထမဦးစားပေးဆောင်ရွက်ရန်နှင့် မူကြိုကျောင်းများ လျှပ်စစ်မီးရရှိရေးတို့ကို စနစ်တကျ အကျိုးရှိရှိ အသုံးပြုဆောင်ရွက်ကြရန် စီမံခန့်ခွဲမှုကော်မတီများကို ပြည်နယ်၊ ခရိုင်အဖွဲ့များနှင့် တွေ့ဆုံပေးရကြောင်း၊ အများပြည်သူအတွက် အကျိုးရှိအောင် လုပ်ငန်းများကို လအလိုက်တိုးတက်အောင်မြင်အောင် အကျိုးရှိရှိ စီမံခန့်ခွဲပေးကြရန် နိဂုံးချုပ်အမှာစကား၌ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဲခူး မြေတိုင်း(၄) အဆင့်ရှိဝန်ထမ်းများ လက်ထောက်ဦးစီးမှူးရာထူးတိုး စာမေးပွဲဖြေ

**ပဲခူး နိုဝင်ဘာ ၃**

ပဲခူးမြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှကြီးမှူး၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြေတိုင်း(၄)အဆင့်ရှိ ဝန်ထမ်းများ လက်ထောက်ဦးစီးမှူးရာထူးတိုး စာမေးပွဲဖြေဆိုခဲ့ကြသည်။

ယင်းစာမေးပွဲကို နံနက် ၉ နာရီမှ၍ ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်း ဖြေဆိုကြရပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ သတ်မှတ်အရည်ချင်းနှင့်ပြည့်မီသော မြေတိုင်း(၄) စာရေး ဝန်ထမ်း ၁၂၂ ဦးတို့ ဖြေဆိုကြသည်။ စာမေးပွဲဖြေဆိုရာသို့ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်း၊ ဒုတိုင်းဦးစီးမှူး ဦးထွန်းလှအောင်နှင့် ခရိုင်ဦးစီးမှူးများက ကြီးကြပ်ကြည့်ရှုစစ်ဆေးခဲ့သည်။ **ဧွေးနိုင်(ပဲခူး)**

# ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင် ရာခိုင်နှုန်းပြည့်ပြီးစီး



**မြင်းမူ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့ တိုးချဲ့လူနာဆောင် ၂၃၄ ပေ × ၄၆ ပေ ×၁၄ ပေ One Storeyed R.C.C building မှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သောကြောင့် နိုဝင်ဘာ ပထမပတ်ထဲတွင် သက်ဆိုင်ရာ တာဝန်ရှိ တိုင်းကုသရေးဦးစီးဌာနအား အပ်နှံရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံ ငွေကျပ်သိန်း ၂၀၀၀ ဖြင့် မုံရွာမြို့ အေးချမ်းဆုစံ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**(၆၂၄)**

# ကရင်ပြည်နယ် ဖာပွန်မြို့နယ် (OSS) ရုံးတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထပ်ဆင့်ရှင်းလင်း

**ဖာပွန် နိုဝင်ဘာ ၃**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ရုံးနှင့်ပတ်သက်၍ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ပြည့်ဝစွာစွမ်းဆောင်ပေးနိုင်ရေးအတွက် ဒုတိယအကြိမ် ထပ်ဆင့်ရှင်းလင်းပွဲကို အဆိုပါမြို့ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် အောက်တိုဘာလ တတိယပတ်အတွင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသော ဌာနကိုးခု၏ ဝန်ထမ်းများကို ရုံးချုပ်သင်တန်းမှ ပို့ချချက်များအား ဦးစီးအရာရှိ ဦးတင်လင်းဌေးက ပြန်လည်ရှင်းလင်းခဲ့ပြီး ဖာပွန်မြို့နယ် (OSS) ရုံးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဟန်စိုးက ဌာနအလိုက် ပြည်သူတို့၏အခြေခံလိုအပ်ချက်များအား အချိန်တိုအတွင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲဆန္ဒရှင်သက်သေခံကတ်ပြားများ ထုတ်ပေးလျက်ရှိ

**ချောင်းဆုံ နိုဝင်ဘာ ၃**

ချောင်းဆုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ၆၂ ရုံတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားမဲဆန္ဒရှင် သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက် မှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ စတင်ထုတ်ပေးလျက်ရှိပြီး ဆန္ဒပေးပိုင်ခွင့်ရှိသူ ရပ်ကွက်၊ ကျေးရွာနေပြည်သူများက သက်သေခံကတ်ပြားများကို စိတ်ဝင်စားစွာလာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒနယ်မြေပြင်ပရောက် မဲဆန္ဒရှင်များမှလည်း ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ရုံးခွဲများသို့ အောက်တိုဘာ ၂၉ ရက်ကစတင်ကာ ကြိုတင်ဆန္ဒမဲများ လာရောက်ပေးလျက်ရှိကြောင်း တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။**မြို့နယ်(ပြန်/ဆက်)**

# မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအတွက် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ အသိပညာပေးဆင့်ပွားဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာပြီးစီးနိုင်ရန်အတွက် အင်းစိန်မြို့နယ်ရှိ မြို့သစ် ၈ ရပ်ကွက်အနေဖြင့် မဲရုံများတွင် တာဝန်ယူရမည့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် မဲရုံအဖွဲ့ဝင်များ အသိပညာပေးဆင့်ပွားဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ငစိန်လမ်းမရှိ ဇေယျာသိရိဆွမ်းလောင်းမဏ္ဍပ်၌ ပြုလုပ်ခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် နယ်မြေတာဝန်ခံ လ. ဝ. က ဦးစီးဌာနမှူး ဦးထိန်လင်းသိန်းဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ ဒုမဲရုံမှူးတို့က ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ၏ စီမံခန့်ခွဲရေး ဆိုင်ရာကိစ္စများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံလုပ်ငန်းလမ်းညွှန်များ၊ မဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်များ၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ကိုင်ဆောင်ရွက်ရမည့် မဲလက်မှတ်ထုတ်ပေးခြင်း၊ မဲလက်မှတ်စစ်ဆေးခြင်း၊ မဲရုံလုံခြုံရေး ၊ မင်တို့သုတ်သည့်လုပ်ငန်းလမ်းညွှန်ချက်များကို ဆင့်ပွားဟောပြော ဆွေးနွေးပို့ချခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် နယ်မြေတာဝန်ခံက နိဂုံးချုပ်အမှာစကားပြောကြားကာ နိုဝင်ဘာ ၁ ရက်မှစ၍ မြို့သစ် ၈ ရပ်ကွက်အတွင်းရှိ မဲရုံ ၅ ရုံတွင် လက်တွေ့သရုပ်ပြမှုများဖြင့် သက်ဆိုင်ရာမဲရုံမှူးများမှ ဆောင်ရွက်ကြကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

# မီးလုံ့ရာမှမီးလောင်မှုဖြစ်ပွား၍တစ်ဦးသေဆုံး

**မင်းတပ် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီခန့်တွင် မင်းတပ်မြို့နယ် မဒပ်ကျေးရွာအုပ်စု ပူကွန်းကျေးရွာရှိ ဦးခေါ်ဂေဟာ၏ တောင်ယာတဲ၌ မျက်စိမှုန်သည့် ဒေါ်နိုင်းရှုန်း မီးလုံ့ရာမှ တောင်ယာတဲ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါတောင်ယာတဲမီးလောင်ရာတွင် (အဘ) ဦးနိုင်းနိန်၏သမီး ဒေါ်နိုင်းရှုန်း အသက် ၃၀ နှစ်မှာ မီးလောင်၍သေဆုံးသွားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆိုလာမီးတိုင်များ စိုက်ထူလှူဒါန်း



**မိုင်းယောင်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့ပြည်သူ့ဆေးရုံတွင် ဟိုခုံဘုန်းတော်ကြီးကျောင်းတိုက်မှ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓရသဝံသောဦးဆောင်၍ တိုင်းလိယဉ်ကျေးမှုအဖွဲ့၊ နံ့ကျွမ်ယောင်းလူငယ်အဖွဲ့နှင့် မေတ္တာရှင်နာရေးကူညီမှုအသင်းတို့စုပေါင်းပြီး ဆိုလာမီးတိုင်များအား အောက်တိုဘာလအတွင်းက စိုက်ထူလှူဒါန်းခဲ့သည်။ ယင်းမီးတိုင်များအား ပြည်သူ့ဆေးရုံဝင်းရှိ အဝင်မုခ်ဦး၊ အဝင်လမ်းတစ်လျှောက်၊ ပြင်ပလူနာဆောင်ရှေ့နှင့် ရင်ခွဲရုံရှေ့ စုစုပေါင်းဆိုလာမီးတိုင်ငါးတိုင်အား ငွေကျပ် ၃၂ သိန်းဖြင့် လှူဒါန်းစိုက်ထူပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လင်း(ပြန်/ဆက်)**

ကြော်ငြာ

# မွေးနေ့ဆုတောင်း

ဆရာကြီး ဦးမျိုးမြင့်ထွန်း (ဝိပဿနာပညာမိတ်ဆက်)

(၄. ၁၁. ၂၀၁၅)ရက်နေ့တွင် ကျရောက်သော အနန္တကျေးဇူးရှင် ဆရာကြီး၏(၆၇)နှစ်ပြည့် မွေးနေ့မှသည် မွေးနေ့(၁၂၀)နှစ် တိုင်အောင် ကျန်းမာသက်ရှည်ပြီး လူမျိုးဘာသာ၊ သာသနာအတွက် ဝိပဿနာသင်တန်းများ အဓွန့်ရှည်စွာ ပို့ချနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဆရာကြီး ကျန်းမာပါစေ၊ သက်ရာကျော် ရှည်ပါစေ။

တပည့်

သား၊ သမီးများ


လင်းယုန်

# မိုးကောင်းကင်

အသင့်ဖြင့်ခရီးသည်ပို့ဆောင်ရေး

လုံခြုံစိတ်ချ...ဈေးကင်းဖို့...မိုးကောင်းကင်နှင့်ခရီးသွားဖို့...

ရန်ကုန် - မိုးညှင်း - ဖားကန့် - မိုးကောင်း - မြစ်ကြီးနား

ခရီးစဉ်အသစ်ကို (၂၀-၁၀-၂၀၁၅) နေ့မှစ၍ ကားသစ်ကြီးများဖြင့်တိုက်ရိုက် ပြေးဆွဲပေးနေပါပြီ။

အချိန် ရန်ကုန်မှ နေ့စဉ် နံနက်(၁၀:၃၀)နာရီ မြစ်ကြီးနားမှ နေ့စဉ် နံနက်(၁၀:၃၀)နာရီ

က(၉/၁၀)၊ ဟင်္သာ၊ အောင်မင်္ဂလာအဝေးပြေး၊ ရန်ကုန်ဂိတ်။

ရန်ကုန် - 01-704685, 637643, 09-73208028, 09-5161881

မြစ်ကြီးနား - 09-73242678, 09-259255382



NELC

"Don't Worry, Just Speak!"

Nelson English Language Centre

5 Fundamental Development!




Pre-school

* 3 to 5 years old

Open in November

Enroll Now !!

10% Discount until December!

အမှတ်-၈၉၊ဦးရေခဲလမ်း၊ဗဟိုလမ်း နှင့် အင်းစိန်လမ်းကြား၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။Ph -09 730 65 345





ဆရာ အမေရိကမှပြန်ရောက်ပြီ၊ ကျောင်းပြန်ဖွင့်ပြီ။

P.E.S.

English Speaking

U WIN MAW (Research)

(၄-လ)အတွင်းကျွမ်းကျင်စွာပြောနိုင်ရမည်။

တစ်တန်းတွင် လူ (၁၀)ဦးသာ၊

1. အခြေခံ Speaking & Grammar (၄-လ)
2. Grammar (Advanced) (၄-လ)
3. Spoken English (Adv.) (၄-လ)
4. Reading & Vocabulary (၄-လ)
5. Phonetics (၂-လ)

236 (3C), Yadanar street, Myaynigone, Sanchaung Township, Yangon. 503984 / 503492



ကား ငှားရန်

(Alphard/Crown/Markll/အနက်ရောင်/ Hiace ၉/၁၃ ယောက်စီး၊ ၁၆/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph: 09795549249, 095418126



ရွှေနဂါး

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ကားမျိုးစုံ စီးလုံးငှားသည်။

Ph: 209077, 209388

မီးသတ်ပြို



Since 1995

KMD Computer & Mobile

5 - 7 Nov 2015

SMARTPHONE

30% OFF

ACCESSORIES BUNDLE

NOTEBOOK SALE

15,000 TO 50,000

+ LUCKY DRAW

Computer & Mobile ဝယ်ယူပြီး ကွန်ပျူတာသင်တန်းအပ်နှံသူများအတွက်

Application & Professional Courses

10% DISCOUNT

(ပန်းဆိုးတန်း) ☎ ၂၄၅၁၈၀၀၊ ၃၈၅၈၇၇၊ လိုင်းခွဲ-၁၄၄၊၁၄၅ (ပန်းဆိုးတန်းအလယ်)

(မြေနီကုန်း) ☎ ၅၀၃၅၁၁၊ ၅၀၃၅၂၂၊ ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း။

(လမ်းမတော်) ☎ ၂၃၀၃၀၈၂။ လှည်းတန်းလမ်း။

(တာမွေ) ☎ ၀၉ ၃၁၂၅၇၄၄၆၊ ဗျိုင်းရေအိုးစင်လမ်း။

(နေပြည်တော်) ☎ ၀၆၇-၄၂၁၀၆၅၊ ပွဲရုံတန်းလမ်း၊ မြို့မဈေး။

(မန္တလေး) ☎ -၀၂-၆၀၂၇၉၊ ၂၁၀၄၀၊ လိုင်းခွဲ-၈၀၁၅၊ ၇၇လမ်း၊ (၂၇လမ်းနှင့်၂၈လမ်းကြား)



ဒဂုံမြို့သစ်

အရှေ့ပိုင်း

ဆိပ်ကမ်းမြို့နယ်

တောင်ပိုင်း၊ မြောက်ပိုင်း

များရှိမြေကွက်များကို

ဈေးကောင်းပေးဝယ်သည်။

09-6809893

09-6819020



မြန်မာတိုင်းရင်းဆေးကုသနည်းတွင်တာဝန်ထမ်းဆောင်ရန်

* မြန်မာတိုင်းရင်းဆေးကောင်စီ၏ ဆေးကုသမှုလိုင်စင်ရှိ တိုင်းရင်းဆေးသမားတော်ကြီးများ...
* မြန်မာတိုင်းရင်းဆေးပညာဘွဲ့ရရှိပြီး ဆေးကောင်စီ၏ကုသမှု လိုင်စင်ရှိ ဆေးဆရာနှင့် ဆရာမများ...
* မြန်မာတိုင်းရင်းဆေးကောင်စီ၏ လက်မှတ်ရဆေးမှူး ဆေးဆရာ/ ဆရာမများလည်း ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
* နယ်မြို့များမှလည်း လျှောက်ထားနိုင်သည်။

Ph : 09-450066151



VAC® VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ)

## Job Openings for Foreign Firms

**Social Specialist** - Vietnam Co (1)
- University Degree in Rural Development, Social Development Or Other Relevant Field, 7yrs Exp In Relevant Field, Exp in Large Scale Development Projects is Asset;

**Health Specialist** - Vietnam Co (1)
- University Degree in Health Or Other Relevant Field, 7yrs Exp in Relevant Field, Practical Exp In Planning, Implementation and/or Evaluation of Health Plan & Conducts SAI's;

**Field Surveyors** - Vietnam Co (1)
- Exp in Field Surveys, In Particular Focus Group Discussion, Semi Structured Interviews

**Field Team Leader** - Vietnam Co (1)
-7yrs Exp In Negotiating & Liaison with Different Stakeholders, Working Exp in Conflict Zones;

**Field Support Officer** - Vietnam Co (1)
- Degree in Rural Development, Social Development, Exp in Large Scale Developement Projects Is Asset, Dealing with Petty Cash, Budget Preparation, and Budget Clearance;

**Human Resources Director** - Int'l Microfinance Co (1)
- Storng Exp in HR Managerial Field, Able to Set Up HR Dept in New Organization;

**Head Of Legal & Compliance** - Int'l Microfinance Co (1)
-Law Degree, 4yrs Exp in Compliance Managerial Position, Pre in Banking Or Finance Institute

**Head Of Risk** - Int'l Microfinance Co (1)
- 3yrs Exp in Credit Risks Management, Extensive Knowledge In Risk Management Process

**Anti - Fraud Manager** - Int'l Microfinance Co (1)
-5yrs Exp in Companying, Financial Institutions, Knowledge In Anti-Fraud Manage Processes

**Chief Accountant Officer** - USD 2000 - Int'l Microfinance Co (1)
- B.Com / CPA / ACCA, Exp On Budgeting & Payment, Book keeping, Reporting (Tax, Social Insurance, State Bank), Tax & SB Authorities Relations, Financial Audit Supervising;

**IT Manager** - USD 1000 - Int'l Microfinance Co (1)
- Any IT Degree, High Exp Admin Skills of Windows 7/8, Linux, Exp CRM System & Server;

E-mail ဖြင့်အလုပ်လျှောက်နိုင်သည်။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like Value Added Consultancy

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com

Ph: 01-395921, 01-395922, 09-73022727, 09-5102094

သီတဂူရွှေပြည်ဟိန်း ဓာတ်ဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်
အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း ကျေးဓါနဆေးရုံ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အဖွင့်စေမောင်နိုင်ဘဏ်ခွဲ (AccountNo.0075010070169030l) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်မည့် တွဲသင်တန်း

Siam University



BBA
စီးပွားရေး စီမံခန့်ခွဲမှုဘွဲ့

MCC/Siam University
BBA Program

- International Business Management
(စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲ မှုဘွဲ့)
- Service Industry Management
(ဟိုတယ်နှင့်ခရီးသွား စီမံခန့်ခွဲ မှုဘွဲ့)

Enroll Now!
Opening Date: 23 November 2015

MCC.i (Yangon Campus)
Junction Square Complex, Building (8), 1st Floor
Kamayut Township, Yangon
Ph - 01-2304156, 01-246634,01-245762, 01-249152, 01-395512

www.facebook.com/mcc.institute www.inter.siam.edu

MCC.i (Mandalay Campus) Ph - 011-202113, 09-402671562

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon,Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မော် SEVEN စံ မော်
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
ဆဲဗင်းလ် စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

မီးသတ်ပြု

# "Nature Republic" အမှတ်တံဆိပ် အလှကုန်ပစ္စည်းအတုများကို ရောင်းချမိသည့်အတွက် တောင်းပန်ခြင်း

ကျွန်မတို့သည် Nature Republic အမှတ်တံဆိပ် အလှကုန်ပစ္စည်း အတုအပ ဆင်တူယိုးမှားများကို တရားဝင်သည်ဟုထင်မှတ်ပြီး လက်ကားဖြန့်ဖြူးသူထံမှ တစ်ဆင့်ဝယ်ယူရောင်းချမိသည့်အတွက် Korea နိုင်ငံတွင်တည်ထောင်ထားသော Nature Republic Co., Ltd. အားလည်းကောင်း၊ အဆိုပါကုမ္ပဏီ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် (Exclusive Distributor) ရထားသော Nature's Story Trading Co., Ltd. အားလည်းကောင်း၊ Nature Republic အလှကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာသုံးစွဲကြသော မိဘပြည်သူများ အားလည်းကောင်း အနူးအညွတ် တောင်းပန်အပ်ပါသည်။

နောက်နောင်မည်သည့်အခါမျှ Nature Republic ပစ္စည်းအတုအပဆင်တူယိုးမှားများကို ရောင်းချတော့မည်မဟုတ်ပါကြောင်း နှင့် တရားမဝင် တင်သွင်း ဖြန့်ဖြူးရောင်းချသူများကိုလည်း မိမိတတ်စွမ်းသမျှ စုံစမ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ကူညီဖော်ထုတ်ပေးခဲ့ပြီး နောက်နောင်တွင်လည်း မြန်မာပြည်၏ တစ်ဦးတည်းဖြန့်ဖြူးရောင်းချသူ ကိုယ်စားလှယ်ဖြစ်သော Nature's Story Trading Co., Ltd. နှင့်ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ဖော်ပြအပ်ပါသည်။

နားလည်ခွင့်လွှတ်ပေးသော Nature Republic Co., Ltd နှင့် Nature's Story Trading Co., Ltd တို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

မကြူကြူစန်း(၁/မညန(နိုင်)၀၉၈၁၃၇၉) မတိုးအိလွင်(၁/မညန(နိုင်)၁၁၁၅၆၈) မဆွေဇင်ဝင်း(၁၂/ဒပန(နိုင်)၀၅၉၉၁၆) မမာလာကျော်(၁၂/ဒပန(နိုင်)၀၄၂၆၇၃)

မိုးပွင့်ဖြူအလှကုန် ရွှေရူပါအလှကုန် Beauty Shop အလှကုန် ချမ်းမြေ့သူအလှကုန်

အလှကုန်ပစ္စည်းအမျိုးမျိုးလက်လီရောင်းချသူများ

ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စိတ်ချမ်းသာမှု အပြည့်အဝရရှိစေမည့် 24 Hours Service နှင့် အရစ်ကျငွေပေးချေမှုစနစ်များစွာဖြင့်ဝယ်ယူနိုင်ပါပြီ...
KONICA MINOLTA
bizhub 165 (A3 B/W Copier) Multifunction $48/Month Myanmar Best Seller
bizhub 195 (A3 B/W Copier) Multifunction $90/Month
bizhub C221 (A3 Color Copier) Multifunction $184/Month
bizhub C224e (A3 Color Copier) Multifunction $235/Month Worldwide Best Seller
Gandamar O.A. & Business Solutions
01-383932, 01-383934, 09-253547980, 09-253547981

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှိုးလျှင်(လားရှိုး)

## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၅၇)ယောက်၊ မြစ်(၈၀)ယောက်၊ တီ(၂၉)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Min Dhama Company Limited**
**(Decoration)**
**ကုမ္ပဏီဝန်ထမ်းများ**

သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး

# အာဿဝတီ

(အမှတ်တံဆိပ်)

## သွေးတိုးကျဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 013106 (0118)

၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။
၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။ နိုင်ငံတကာစံနှုန်းမီ OECD (423) Guide Line ဖြင့်ပြုလုပ်သည်။
၃။ ကုန်ကျစရိတ် အလွန်သက်သာစေသည်။ ဆေးလုံး ၃၀၀ ပါ ဆေးတစ်ဘူး ၁၅၀၀ိ/ - ကျော်ခန့်ကို တစ်လမှ နှစ်လစာ သုံးစွဲနိုင်ပါသည်။ ဆေးလုံး ၇၅ လုံးပါ ဆေးဘူးသေးတစ်ဘူး ၅၀၀ိ/ - ခန့်ကို တစ်ပတ်(သို့)နှစ်ပတ်စာ သုံးစွဲနိုင်ပါသည်။
၄။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။ ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင် နိုင်သည်။
၅။ Reference :- Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)

ဇရိတ်ဓဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

# (၂)နှစ်ပြည့်အမှတ်တရ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးသိန်းလွင်

**ဒါရိုက်တာ၊ စိုးရတနာလင်းကုမ္ပဏီ၊ ပဲခူးမြို့၊**
**ရွှေသာလျောင်းဘုရားဂေါပကအဖွဲ့ဝင်**
**အသက်(၆၁)နှစ်**

အဖေကြီး မိသားစုကို ထာဝရခွဲခွာသွားခဲ့တာ ၄-၁၁-၂၀၁၅ရက်မှာ (၂)နှစ်ပြည့်ပါပြီ။ ဒီနေ့မှာ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်များထံ ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို အမျှပေးဝေပါတယ်။

ရှာလည်းမတွေ့၊ ကြာလည်းမမေ့၊ ငါလည်းတစ်နေ့-အသိဖြင့်၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မြတ်တို့ကို ပွားများအားထုတ်၍လည်း ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။

အမျှရ၍ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ရောက်ရှိပါစေ-

**ချစ်ဇနီး-ဒေါ်ဝင်းမြင့်**
**ချစ်သားသမီးများ**
**ချစ်မြေးလေးများ-မောင်အံ့ဘွယ်စိုး၊ မမေထိပ်ထားခင်၊ မမေမြတ်နိုးခင်**

တရုတ်
ENGLISH
Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

CROWN EDUCATION Yangon . Myanmar

အင်္ဂလန်နိုင်ငံ University of Sheffield ၏ တာဝန်ရှိသူနှင့်တွေ့ဆုံပြီး မိမိအခွင့်အလမ်းများကို ရှာဖွေနိုင်မည့်

"ယူကေ Top Ten စာရင်းဝင်တက္ကသိုလ်များသို့ ပညာသင်ဆုဖြင့် တက်ရောက်နိုင်မည့် ပညာရေးဆွေးနွေးပွဲ"



Speaker Profile
AARON HOBDAY
Recruitment Manager (Asia)
Sheffield International College

- စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊ အင်ဂျင်နီယာ၊ ကွန်ပျူတာသိပ္ပံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးများကို ယူကေရှိ Top Ten Universities များတွင် တက်ရောက်နိုင်မည့်အခွင့်အရေး
- Times Higher Education တွင် ယူကေအဆင့်(၁၈)ရှိ Universitiy of Sheffield သို့ တိုက်ရိုက်တက်ရောက်နိုင်မည့်အခွင့်အရေး
- ကမ္ဘာ့ထိပ်တန်း အဆင့်(၁၀၀)ဝင် နယ်သာလန်တက္ကသိုလ်များတွင် ပညာသင်ခွင့်နှင့် ဆက်လက်နေထိုင်ခွင့် (၁)နှစ်ရရှိမည့် အခွင့်အရေး
- မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် MOU ရေးထိုးထားသည့် University of Surrey တွင် တက်ရောက်သင်ယူနိုင်ခွင့်

StudyGroup
DATE : NOV 5 (THURSDAY)
TIME : 10:00 A.M - 12:00 NOON
VENUE : CROWN EDUCATION CENTER

ကျပ်သိန်းပေါင်း ၁၀၀ခန့် ပညာသင်ဆုများ

Call Us : 01 527 838 - 09 4500 56 300 - 09 257 539 519 - 09 732 732 77

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

အမြန်ရောင်းမည်
ရော်ဘာခြံတိတ်စက် ၁၁'၊ ၁၂' ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ပစ္စည်းကြည့်ရန်
စစ်တောင်းလမ်း၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ တောင်ဒဂုံ။
ဖုန်း-၀၁-၅၉၅၃၃၆၊ ၀၉-၅၁၁၀၆၅၃

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့် (၇၇)နှစ်**

**(ရမ်းဗြဲ၊ ကျောက်ဖြူ)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၃၇)နေ ဦးမင်းကြည် (ဦးဆောင်နာယကကြီး၊ရခိုင်ပြည်နယ်ဓမ္မာရုံ)၏ဇနီး၊ ဗိုလ်မှူးချုပ် မင်းသိန်းဇံ(ငြိမ်း) (သံအမတ်ကြီး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာမြန်မာသံရုံး)-ဒေါ်မေသင်းကြိုင်တို့၏ မွေးသမိခင်ကြီး ဒေါ်မြင့်မြင့်သည် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အန္တိမြင့် ကောင်းရာသုဂတိသို့ လားပါစေ။

**ဦးဇော်အေးမောင်-ဒေါ်လှမြင့်သန်း မိသားစု**
**ရခိုင်တိုင်းရင်းသားရေးရာနှင့်အလုပ်သမားရေးရာဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်**

**အသက်(၇၇)နှစ်**

သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဗိုလ်မှူးချုပ်မင်းသိန်းဇံ(ငြိမ်း)-ဒေါ်မေသင်းကြိုင်တို့၏ မိခင်ကြီးသည် ၁-၁၁-၂၀၁၅ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၃)**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကျော်မျိုးနိုင်**

**ကြည်း-၃၄၄၂၁၊ စတသ (၄၄)**

သူငယ်ချင်း ဗိုလ်မှူးကျော်မျိုးနိုင်သည် ၃၁-၁၀-၂၀၁၅ရက် ၄း၃၀ နာရီခန့်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၄၄)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နီလာအေး**

**အသက်(၇၃)နှစ်**

သူငယ်ချင်းမြင့်စိုး (၂၃၁၇၊ ဘိုကေ)၏ ချစ်လှစွာသောဇနီး ဒေါ်နီလာအေး အသက်(၇၃)နှစ်သည် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စတသ(၂၄)မှ**
**သူငယ်ချင်း/မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ဆွေဆွေထွင့်(LLB)**

**အသက်(၅၄)နှစ်**

ဦးသူရနိုင်-ဒေါ်ခင်ဝေထွင့်တို့၏ ချစ်လှစွာသောအစ်မ ဒေါ်ခင် ဆွေဆွေထွင့် (၅၄)နှစ်သည် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ချစ်သူငယ်ချင်းများ**
**မာမာဦး၊ ဝါဝါထွန်း၊ မိုးမိုးသန်း၊**
**ချိုချို၊ ခိုင်ခိုင်၊ ခိုင်မြင့်ထွေး၊**
**ခိုင်ခိုင်ဝင်း၊ နုနုရီ၊ နွဲ့နွဲ့ဝင်း၊ ယုယုခင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရန်ဟော်(Chairman, Mottama Holdings Ltd) - ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဒေါ်မာရှိုးလျင်(လားရှိုး) အသက်(၁၀၈)နှစ်သည် ၃၁-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MR YOON HUN SUP(MANAGING DIRECTOR)**

**နှင့် Prime Metal Co.,Ltd. ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်မြင့်(မော်လမြိုင်)**

**အသက်(၈၉)နှစ်**

ပါမောက္ခဒေါက်တာဒေါ်ခင်သီတာသွင်(ပါမောက္ခ၊ ဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀ဆံ့ အထူးကုဆေးရုံကြီး)၏ မိခင် ဒေါ်ကြည်ကြည်မြင့်သည် ၃၀-၁၀-၂၀၁၅ နံနက်၀၀း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆုတ်နှင့်ရင်ခေါင်းဆေးကုဌာနမိသားစုဝင်များ**
**ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့်**
**ဆေးတက္ကသိုလ်-မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အထူးကုဆေးရုံကြီး၊ ဆီးနှင့် ကျောက်ကပ်ဆေးကုဌာန ပါမောက္ခ/ဌာနမှူး၊ ဒေါက်တာဒေါ်ခင်သီတာသွင်၏ ကျေးဇူးရှင်မွေးမိခင်ကြီး ဒေါ်ကြည်ကြည်မြင့်၊ အသက်(၈၈)နှစ်သည် ၂၉-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

**Nephro Uro Society**
**Myanmar Medical Association**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ဆွေဆွေထွင့် (LL.B,1986 Batch)**

**အသက်(၅၄)နှစ်**

ညီအစ်မရင်းကဲ့သို့ ချစ်ရသော မဆွေထွင့် ၁-၁၁-၂၀၁၅ရက်တွင် ဆုံးပါးသွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ မဆွေထွင့် ကောင်းရာသုဂတိ ရောက်စေရန်လည်း ဆုတောင်းမေတ္တာပို့ပေးပါသည်။

**အချစ်ဆုံးသူငယ်ချင်းများ**
**ဒေါ်တင်နွယ်စိုး၊ ဒေါ်ကြူကြူမြင့်၊ ဒေါ်နီနီခိုင်၊**
**ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ခင်ငြိမ်း**

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်မာမြင့် (၇၈)နှစ်**

**(ပျဉ်းမနားမြို့)**

ပျဉ်းမနားမြို့၊ ငွေတောင်ရပ်နေ [ဦးစိန် (သစ်ကန်ထရိုက်တာ)-ဒေါ်ငွေတင်] တို့၏သမီး၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်နေ (ဦးရာဒင်-ဒေါ်ဖွားကြွယ်)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် (၄/၄၁၇)နေ ဦးသက်နိုင် (တိုင်းပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး-ငြိမ်း)၊ (ဗိမာန်ရှင်လူမှုနာရေးကူညီမှုအသင်းဥက္ကဋ္ဌ)၏ဇနီး၊ မြင်းခြံမြို့၊ (၁)ရပ်ကွက်နေ ဒေါက်တာခင်မောင်မြင့်-ဒေါ်သီဂီမြင့် (နေပြည်တော်ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အတွင်းဝန်ရုံး၊ ဦးစီးအရာရှိ)၊ (ဦးသီဟ)-ဒေါ်သန်းသန်းအေး၊ ဦးတင် မော်(တူးတူးချည်ထည်စတိုး)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏ အဘွား ဒေါ်ခင်မာမြင့်သည် ၃၁-၁၀-၂၀၁၅(စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ ရက် နံနက် ၁၁း၃၀နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၁-၂၀၁၅(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

**ဒေါ်ဖြူဖြူ(ခ)မရ်ယမ်ဘီဘီ**

**အသက် (၆၄)နှစ်**

**ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)**
**အရှေ့ပိုင်းတက္ကသိုလ်(တာဝ)**
**ကထိက (ငြိမ်း)၊ သတ္တဗေဒဌာန**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ခြံ အမှတ် (၂၂)၊ ဖိုးစိန်လမ်းနေ [H ဦးရှ ကူး-H ဒေါ်ခင်နန်း (အိုင်သပြု)]၊ [ဦးမာ မက်ခန်း-ဒေါ်ရွှေ(ဗန်းမော်)]တို့၏ မြေး၊ H ဦးကိုကိုကြီး-H ဒေါ်ကြူတို့၏ သမီးကြီး၊ (Hဦးအောင်သန်း-Hဒေါ်ဝါဝါ)၊ (Hဦးကျော်မင်း)-Hဒေါ်နီနီ၊ ဦးမောင်မောင်-ဒေါ်ချိုချိုမော်၊ ဦးစံမောင်-ဒေါ်လွင်လွင်ချို၊ (Hဦးစံလင်း)-ဒေါ်ဆွေဆွေဝင်း၊ (Hဦးဇော်လင်း အောင်)၊ Hမောင်မောင်လွင်- ဒေါ်ချို စိမ်းစိမ်းကို၊ ဦးဥက္ကာကို၊ ဒေါ်ညိုညိုထွေးတို့၏အစ်မကြီး၊ တူ/တူမ ၁၉ယောက်၊ မြေး ၁၄ယောက်တို့အဘွားသည် ၂-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက် ၅း၀၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ဇဟိုရ်နမာက် အပြီး ရေဝေးကဘာရ်စတာန်သို့ ပို့ဆောင်ဒါဖ္ဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ကိုစိုးဝင်းသိန်း (၃၅)နှစ်**

**3rd Engineer**
**(Multi Gate Service Myanmar Co., Ltd.)**
**(IMT-CD 27/CE-25)**
**CDC-53230**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာ ညွန့်ရပ်ကွက်၊ အမှတ်(၅၅၂)၊ မြေညီထပ်၊ရွှေဝါလမ်းနေ (ဗိုလ်ကြီးအုန်းသိန်း)-ဒေါ်ဝင်းနွယ်ရီတို့၏သားကြီး၊ ကိုဖြိုးမင်းသိန်း (2nd mate Ocean Win Co., Ltd.)၏အစ်ကို၊ ဦးလှဝင်း-ဒေါ်မြသန်း တို့၏သားသမက်၊ မယမင်းလှဝင်း၏ ချစ်လှစွာသောခင်ပွန်း ကိုစိုးဝင်းသိန်း သည် ၃၀-၁၀-၂၀၁၅ (သောကြာနေ့) ည ၁၀း၄၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မာရှိုးလျင်(လားရှိုးမြို့)**

**အသက်(၁၀၈)နှစ်**

ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှိုးလျင် အသက်(၁၀၈)နှစ် သည် ၃၁-၁၀-၂၀၁၅ (စနေနေ့) နံနက် ၁ နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**Managing Director ဦးတင်မောင်ထွန်းနှင့်**
**Asia Concrete Products Co., Ltd**
**မှ ဝန်ထမ်းများ**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှိုးလျင်(လားရှိုး)

## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၅၇)ယောက်၊ မြစ်(၈၀)ယောက်၊ တီ(၂၉)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Ltd.**
**ကုမ္ပဏီဝန်ထမ်းများ**

# တိုင်းရင်းသားများဝန်းရံထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုအပြိုကွဲမခံနိုင်

သတင်း » စာမျက်နှာ - ၃

## မင်းဓမ္မမှ ပြောင်းရွှေ့လာသည့် မင်္ဂလာဒုံပတ္တမြားပန်းကွင်း လတ်တလောအရောင်းအဝယ်ပါးသော်လည်း မကြာမီ ပန်းဥယျာဉ်ကမ္ဘာဖြစ်လာရန် မျှော်လင့်လျက်ရှိ

သတင်း » မင်းသစ်၊ ဓာတ်ပုံ » နေလင်း(သတင်းစဉ်)

ရန်ကုန်　　နိုဝင်ဘာ　　၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းထောင့်ရှိ မြေ ၈ ဒသမ ၅၂၆ ဧကကို ၂၀၀၀ ခုနှစ်တွင် ပန်းကွင်းဖွင့်လှစ်ပြီး အဆိုပါပန်းကွင်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ၌ ဒုတိယစီးပွားရေးဇုန်ဖော်ဆောင်ရန် သာကေတမြို့နယ် ယမုံနာလမ်းမကြီးဘေး စည်ပင်ပိုင်မြေ ၃ ဒသမ ၁၄၆ ဧကသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။ စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍



မင်းဓမ္မပန်းဥယျာဉ်မှ သာကေတမြို့နယ် ယမုံနာလမ်းမကြီးဘေး ဖွင့်လှစ်ရောင်းချနေသည့် ပန်းပျိုးပင် ဆိုင်ခန်းအား တွေ့ရစဉ်။

## ကမ္ဘာ့ဘဏ်ချေးငွေ ကန်ဒေါ်လာ သန်း ၉၀ ဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးစီမံကိန်း လာမည့်နှစ်တွင် စတင်အကောင်အထည်ဖော်မည်

သုတ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အဆိုအရ ကမ္ဘာ့ဘဏ်မှထုတ်ချေးသော ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ အားအသုံးပြု၍ မြန်မာနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၁၂၅၀၀၀ အတွက် လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးမည့်စီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်းသိရသည်။

အဆိုပါစီမံကိန်းမှာ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝေးလံခေါင်ဖျားသောဒေသမှ အိမ်ထောင်စုများအတွက် အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်ပြီး ရန်ပုံငွေမှာ ကမ္ဘာ့ဘဏ်၏ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ၏အစိတ်အပိုင်းဖြစ်ကာ ဝေးလံခေါင်ဖျားသောဒေသများကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်က ကူညီပံ့ပိုးထားသော တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေးစီမံကိန်း(NEP)မှတစ်ဆင့် မြန်မာနိုင်ငံ၏ ၉၉ ရာခိုင်နှုန်းသို့ လျှပ်စစ်ဓာတ်အား ပံ့ပိုးသွားမည်ဖြစ်သည်။ အိမ်ထောင်စုပေါင်း ၇ ဒသမ ၂ သန်း လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသားအဆင့်အကောင်အထည်ဖော်ဆောင်မှုကို ၂၀၁၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်ထိ ဆောင်ရွက်သွားရန်စီစဉ်ထားသည်။

(Dealstreetasia.com)

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ"အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ပိုလန်တင်းနစ်မယ် ရက်ဝန်စကာ ဒဗလျူတီအေတင်းနစ်ဖလားဆွတ်ခူး

ပိုလန်တင်းနစ်မယ် ရက်ဝန်စကာသည် စင်ကာပူနိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဒဗလျူတီအေချန်ပီယံရှစ်တင်းနစ်ဖလားဗိုလ်လုပွဲတွင် ချက်တင်းနစ်မယ် ဗစ်တိုဗာအား အနိုင်ရရှိကာ ဒဗလျူတီအေတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ရက်ဝန်စကာနှင့် ဗစ်တိုဗာတို့၏ ပွဲစဉ်တွင် နှစ်နာရီကျော်ကြာကစားကာ ရက်ဝန်စကာက ဗစ်တိုဗာအား ၆-၂၊ ၄-၆၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဗစ်တိုဗာသည် ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး ရက်ဝန်စကာအနေဖြင့် ဗစ်တိုဗာအား အနိုင်ရရှိရေး ခက်ခက်ခဲခဲကစားခဲ့ရသည်။

ရက်ဝန်စကာသည် ဒဗလျူတီအေချန်ပီယံရှစ်တင်းနစ်ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် စပိန်တင်းနစ်မယ် ဘာလန်ကိုအား အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး ဗစ်တိုဗာသည်လည်း ရုရှားတင်းနစ်မယ် ရှာရာပိုဗာအား အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ယခု ဒဗလျူတီအေချန်ပီယံရှစ်တင်းနစ်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းသည် ရက်ဝန်စကာ၏ တင်းနစ်မယ်ဘဝတစ်လျှောက်တွင် (၁၇)ကြိမ်မြောက် ဒဗလျူတီအေတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး တိုကျိုနှင့် တီယန်ကျင်းတို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲများတွင်လည်း အနိုင်ရရှိထားခဲ့ခြင်းကြောင့် ရက်ဝန်စကာအတွက် တစ်နှစ်တာကာလအတွင်း တင်းနစ်ဖလားသုံးလုံးမြောက် ရယူဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

(ငွေကြယ်)









themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

နိုဝင်ဘာ ၄ ရက်၊ ၂၀၁၅ ခုနှစ် (ဗုဒ္ဓဟူးနေ့)

## ရွေးကောက်ပွဲရလဒ်ကို ပြည်သူများ၏ဆန္ဒမှန်အဖြစ် သဘောထားကြီးစွာလက်ခံနိုင်ကြရန် အရေးကြီး

ပြည်သူတွေရဲ့ ဆန္ဒမှန်ကို ကိုယ်စားပြုနိုင်ဖို့အတွက် ရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီများနဲ့ ကိုယ်စားလှယ်လောင်းများမှာလည်း များစွာတာဝန်ရှိပါတယ်။ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြတဲ့နည်းတူ လိုက်နာရမယ့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များကို လိုက်နာကြဖို့နဲ့ အပြန်အလှန်လေးစားမှုရှိရှိ ယှဉ်ပြိုင်ကြဖို့လိုအပ်ပါတယ်။ ရွေးကောက်ပွဲများမှ ထွက်ပေါ်လာမယ့်ရလဒ်များကိုလည်း ပြည်သူများရဲ့ဆန္ဒမှန်အဖြစ် သဘောထားကြီးစွာ လက်ခံနိုင်ကြဖို့အရေးကြီးကြောင်း တိုက်တွန်းလိုပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၆ ရက်တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံခြားရေးဝန်ကြီးဌာန

# ကမ္ဘာ့နိုင်ငံများအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံနိုင်ရေး မြန်မာ့နိုင်ငံခြားရေးမူဝါဒ ဆက်လက်ကျင့်သုံး




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနှင့် အရှေ့အာရှထိပ်သီးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

### သံတမန်အဆက်အသွယ်

၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်၊ ဗြိတိန်၊ အိန္ဒိယနိုင်ငံတို့သို့ မြန်မာနိုင်ငံမှ မဟာမင်းကြီးများ စေလွှတ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံသို့လည်း သံအမတ်ကြီးများ စေလွှတ်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၌ ဗြိတိန်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ သံအမတ်ကြီးများရှိနေပြီး ပြင်သစ်နှင့် နယ်သာလန်နိုင်ငံတို့မှ အာဏာကုန်လွှဲအပ်ခြင်းခံရသော သံကိုယ်စားလှယ်များ ရှိခဲ့သည်။

ထို့ပြင် ဆွီဒင်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ နော်ဝေနှင့် ဒိန်းမတ်နိုင်ငံတို့မှ ကောင်စစ်ဝန်များ၊ အင်ဒိုနီးရှားနိုင်ငံမှ အထူးကိုယ်စားလှယ်များလည်း ခန့်အပ်ထားသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၅ နိုင်ငံနှင့် သံတမန်ဆက်သွယ်မှုပြုလုပ်ထားသည်။

### ၁၀ နိုင်ငံနှင့် တိုးချဲ့ထူထောင်

နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်းတွင် ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနား၊ မာလာဝီ၊ ဘူတန်၊ လူဇင်ဘတ်၊ လတ်ဗီးယား၊ အက်စ်တိုးနီးယား၊ အိုက်စလန်၊ အာမေးနီးယား၊ အင်ဂိုလာ၊ လစ်သူယေးနီးယားနိုင်ငံတို့နှင့် သံတမန်အဆက်အသွယ် တိုးချဲ့ထူထောင်ခဲ့ရာ စုစုပေါင်း ၁၀ နိုင်ငံနှင့် သံတမန်ဆက်ဆံရေး တိုးချဲ့ထူထောင်နိုင်ခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့နှင့် သံတမန် ဆက်သွယ်မှုထူထောင်ရန် နှစ်နိုင်ငံ သဘောတူညီချက် လက်မှတ်ရေးထိုးရေးညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

သံတမန်ဆက်သွယ်မှုမထူထောင်ရသေးသည့် အီသီယိုးပီးယား၊ ဂီနီ၊ ကုတ်ဒီဗွား၊ မော်တာနိုင်ငံတို့နှင့်လည်း သံတမန်ဆက်သွယ်မှု ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

### ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ

ကမ္ဘာ့နိုင်ငံပေါင်း ၃၆ နိုင်ငံတွင် မြန်မာသံရုံး ၃၄ ရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး လေးရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံးကို ဖွင့်လှစ်ထားရှိသည်။

ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်ရုံး ခုနစ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး ခြောက်ရုံးနှင့် စစ်သံရုံး ၁၆ ရုံးတို့ကိုလည်း ဖွင့်လှစ်ထားရှိသည်။

ပြည်ပနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း အစိုးရသစ်လက်ထက်တွင် မြန်မာသံရုံး၊ အဖွဲ့ရုံး ကိုးရုံး၌ စီးပွားရေးသံမှူးများကို တွဲဖက်တာဝန်ပေးခန့်ထားသည်။

အလုပ်သမားသံအရာရှိများကို မလေးရှား၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံများရှိ မြန်မာသံရုံးများ၌ တွဲဖက်တာဝန်ပေးထားသည်။ အစိုးရသစ်လက်ထက်တွင် မြန်မာသံရုံး၊ အော်စလိုမြို့(နော်ဝေနိုင်ငံ)၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့(ဩစတြီးယားနိုင်ငံ)၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့(ထိုင်းနိုင်ငံ)နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့အိန်ဂျယ်လိစ်မြို့(အမေရိကန်ပြည်ထောင်စု)တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

### မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများ

ရန်ကုန်မြို့၌ သံရုံးဖွင့်လှစ်ထားရှိသော နိုင်ငံပေါင်း ၄၅ နိုင်ငံရှိပြီး နိုင်ငံခြားသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးနှင့် ကုလသမဂ္ဂ/အထူးအဖွဲ့အစည်း စုစုပေါင်း ၇၅ ရုံးရှိသည်။

၂၀၁၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးနှင့် ကုလသမဂ္ဂ/အထူးအဖွဲ့အစည်း စုစုပေါင်း ၄၈ ရုံးရှိခဲ့ပြီး ၁-၄-၂၀၁၁ ရက်နေ့မှ ၃၀-၉-၂၀၁၅ ရက်နေ့ထိ လေးနှစ်တာကာလအတွင်း ရုံးပေါင်း ၂၇ ရုံးကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၌ သံရုံးအခြေစိုက်ထားခြင်း မရှိသော်လည်း မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ အိန္ဒိယ ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံစသောနိုင်ငံများ၌ သံရုံးများ အခြေစိုက်ထားရှိပြီး မြန်မာနိုင်ငံကို ပူးတွဲတာဝန်ယူသော နိုင်ငံပေါင်း ၄၅ နိုင်ငံရှိသည်။

မန္တလေးမြို့၌ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီး စစ်တွေမြို့၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကောင်စစ်ဝန်ရုံးကို ဖွင့်လှစ်ထားရှိသည်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ၌ အီးယူကိုယ်စားလှယ်ရုံး၊ တူရကီသံရုံး၊ နော်ဝေသံရုံး၊ ဆွစ်ဇာလန်သံရုံး၊ ဒိန်းမတ်သံရုံး၊ ချက်သံရုံး၊ ကနေဒါသံရုံး၊ နယူးဇီလန်သံရုံး၊ တီမောလက်စ်တေသံရုံး၊ ကူဝိတ်သံရုံး၊ စပိန်သံရုံး၊ ကာတာသံရုံး၊ ပိုလန်သံရုံးခွဲ၊ နယ်သာလန်သံရုံးခွဲ၊ ဖင်လန်သံရုံးခွဲနှင့် ဆွီဒင်သံရုံးခွဲတို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

### အပြန်အလှန်ခရီးစဉ်များ

၁-၄-၂၀၁၁ ရက်နေ့မှ ၉-၁၀-၂၀၁၅ ရက်နေ့အထိ ကာလအတွင်း နိုင်ငံတော်သမ္မတအနေဖြင့် ပြည်ပခရီးစဉ်ပေါင်း ၄၁ ကြိမ်၊ ဒုတိယသမ္မတ(၁)နှင့် ဒုတိယသမ္မတ(၂)တို့အနေဖြင့် ပြည်ပခရီးစဉ်ပေါင်း ၂၂ ကြိမ် သွားရောက်ခဲ့ပြီး ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲအဆင့် ခရီးစဉ် အကြိမ် ၂၀၊ ဒုတိယသမ္မတအဆင့် ခရီးစဉ် ၅ ကြိမ်၊ အစိုးရအဖွဲ့ အကြီးအကဲခရီးစဉ် ၃၆ ကြိမ်၊ ဘုရင်ခံချုပ်/ ပြည်နယ်အုပ်ချုပ်ရေးမှူးခရီးစဉ် ၂ ကြိမ်၊ ဒုတိယဝန်ကြီးချုပ်ခရီးစဉ် ၈ ကြိမ်၊ နိုင်ငံခြားရေးဝန်ကြီးခရီးစဉ် ၃၅ ကြိမ်နှင့် ဝန်ကြီးအဆင့် လွှတ်တော်အမတ်/အစိုးရအထူးကိုယ်စားလှယ်ခရီးစဉ် ၁၂ ကြိမ် လာရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်များအနက် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက် အိုဘားမား၊ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်၊ နော်ဝေဘုရင်နှင့် မိဖုရား၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒေးဗစ်ကင်မရွန်း၊ ဘယ်လာရုစ်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ ဥရောပ

စာမျက်နှာ ၂ သို့ »»

›››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

ကော်မရှင် ဥက္ကဋ္ဌ မစ္စတာဘာရိုဆိုနှင့် နယ်သာလန်မိဖုရားတို့၏ ခရီးစဉ်များလည်း ပါဝင်သည်။

ထိုနည်းတူ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှားဖက်ဒရေးရှင်း၊ ကနေဒါ၊ ချက်သမ္မတနိုင်ငံ၊ လူဇင်ဘတ်၊ အီတလီ၊ ဆွစ်ဇာလန်၊ ဂျာမန်၊ ပိုလန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အီးယူနိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ မစ္စစ် ကက်သရင်းအက်ရှ်တန်တို့လည်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည်။

အမေရိကန် သမ္မတဟောင်းများဖြစ်ကြသည့် ဂျင်မီကာတာနှင့် ဘီလ်ကလင်တန်၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့် စင်ကာပူဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး ဂိုချောက်တောင်တို့လည်း လာရောက်ခဲ့သည်။

**လူကုန်ကူးခံရသူများ ပြန်လည်ခေါ်ဆောင်**


ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း၊ ပြည်ပနိုင်ငံရောက် မြန်မာနိုင်ငံသားဟောင်းများမှ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူလိုခြင်း၊ ပြည်ပနိုင်ငံများတွင် နိုင်ငံသားများ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးပါက သင်္ဂြိုဟ်ခြင်း၊ အရိုးပြာယူဆောင်ခြင်း၊ ရုပ်အလောင်း သယ်ဆောင်ခြင်း အစရှိသည်များအား ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်ပသို့ တရားမဝင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အလုပ်သမားများအား နိုင်ငံသားစိစစ်၍ မြန်မာနိုင်ငံကူးလက်မှတ်များ သွားရောက်ထုတ်ပေးကာ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးဆောင်ရွက်ခြင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားများအတွက် လျော်ကြေးရရှိရေးဆောင်ရွက်ခြင်း၊ သင်္ဘောသားများ၏ အထွေထွေကိစ္စရပ်များ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံသားများအား တရားဝင် အထောက်အထားများရရှိနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လူကုန်ကူးခံရပြီး အဓမ္မခိုင်းစေခံနေရသော မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ IOM ကဲ့သို့အဖွဲ့အစည်းများစသည်တို့နှင့် ပူးပေါင်းဆောင်ရွက်၍ ၂၀၁၅ ခုနှစ် မေလမှ ဇွန်လအတွင်း အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)မှ စင်းလုံးငှား လေယာဉ်များဖြင့် မြန်မာရေလုပ်သား ၅၁၄ ဦး ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး အဆိုပါ ရေလုပ်သားများ၏ လုပ်ခလစာနှင့် နစ်နာကြေးများရရှိရေးအတွက်လည်း သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အန်ဘွန်ကျွန်း ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းခြင်းကြောင့် ထိန်းသိမ်းခံရသည့် မြန်မာရေလုပ်သားများ၏ လုပ်ခလစာများရရှိရေးအတွက် သက်ဆိုင်ရာ ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာရေလုပ်သား ၁၇၆ ဦးအား လေယာဉ်စင်းလုံးငှား၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရသည့် မြန်မာရေလုပ်သားများအား ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ၉၉၁ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ အက်ဒမန်နှင့် နီကိုဘာကျွန်းရောက် မြန်မာရေလုပ်သား ၉၃၆ ဦးအား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)မှ လေယာဉ်စင်းလုံးငှား၍ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ခရီးစဉ်အတွင်း သမ္မတ အိုဘားမားနှင့် တွေ့ဆုံစဉ်။

မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် ကျင်းပခဲ့သည့် Langkawi International Maritime and Aerospace Exhibition 2015 (LIMA'15)သို့ မြန်မာ့တပ်မတော်(ရေ)မှ ဖရီးဂိတ်အမျိုးအစား စစ်ရေယာဉ်-မဟာသီဟသူရ သွားရောက်ခဲ့ရာ အပြန်ခရီးစဉ်တွင် မလေးရှားနိုင်ငံသို့ တရားမဝင်ရောက်ရှိနေသည့် နိုင်ငံသားစိစစ်ပြီးသည့် မြန်မာအလုပ်သမား ၁၀၂ ဦးအား ၂၅-၃-၂၀၁၅ ရက်တွင် ပြန်လည်ခေါ်ဆောင်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နှစ်ကာလကြာမြင့်စွာ အငြင်းပွားလျက်ရှိသည့် ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန် နယ်နိမိတ်များသတ်မှတ်နိုင်ရေးကိစ္စကို ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာတရားရုံး (International Tribunal for the Law of the Sea - ITLOS) ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။

၁၄-၃-၂၀၁၂ ရက်တွင် ITLOS မှ ချမှတ်ခဲ့သည့် စီရင်ချက်သည် နှစ်နိုင်ငံလုံးမှ ကျေနပ်သဘောတူစေသော စီရင်ချက်ဖြစ်ခဲ့သည့်အပြင် မြန်မာနိုင်ငံမှရရှိသော ရေပိုင်နက်အတွင်း ရေနံနှင့် သဘာဝအရင်းအမြစ် အလားအလာများစွာပါရှိရာ မိမိတို့၏ ရေပြင်ပိုင်နက်အတွင်းရှိသည့် ရေနံကွက်များကို စွမ်းအင်ဝန်ကြီးဌာနမှ စတင်တူးဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကမ်းလွန်ရေတိမ်ပိုင်း ရေမိုင် ၂၀၀ အထက် ကျော်လွန်တိုးချဲ့သတ်မှတ်ရေးအတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့(ကုလသမဂ္ဂဌာနချုပ်)တွင် ၃၀-၇-၂၀၁၅ ရက်က ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်သို့ ဖြည့်စွက်တင်ပြလွှာ (Amended Submission) တင်သွင်းခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီနှင့် လက်မှတ်ရေးထိုး**

၁၇-၉-၂၀၁၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် နောက်ဆက်တွဲစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၈-၇-၂၀၁၅ ရက်တွင် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့လည်း အတည်ပြုပါဝင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၁-၁၂-၂၀၁၄ ရက်တွင် ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ကို ကုလသမဂ္ဂဌာနချုပ်၌ စာချုပ်ထိန်းသိမ်းသည့် နိုင်ငံများဖြစ်သော ရုရှားဖက်ဒရေးရှင်း၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ်များထံ ပေးအပ်နိုင်ခဲ့သဖြင့် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း ၄-၁၂-၂၀၁၄ ရက်တွင် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးက အတည်ပြုကြေညာခဲ့သည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး**

နိုင်ငံခြားကြွေးမြီများလျှော့ချနိုင်ရေးကို ရည်ရွယ်၍ ၁၉၈၇ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းတွင် ထည့်သွင်းခြင်းခံခဲ့သည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပုံမှန်ရရှိလာခြင်းနှင့်အတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် ယုံကြည်ချက်များ ရရှိလာခဲ့သည်။

**ကန့်သတ်ပိတ်ဆို့အရေးယူထားမှုများဖယ်ရှား**

၂၀၁၂ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှုများကို ပယ်ဖျက်ပေးခဲ့သည်။

၁၁-၇-၂၀၁၂ ရက်တွင် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ထားရှိသည့် ငွေကြေးဆိုင်ရာ ကန့်သတ်ချက်အချို့ကို ဖယ်ရှားခြင်း၊ အမေရိကန်လုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်ဆောင်ခွင့်ပြုခြင်း၊ ၁၄-၉-၂၀၁၂ ရက်တွင် အမေရိကန်နှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံအား ငွေကြေးအကူအညီများပေးခြင်းနှင့်စပ်လျဉ်း၍ ပိတ်ပင်ထားမှုများ ပယ်ဖျက်ခြင်းများကို လည်းကောင်း၊ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ Office of Foreign Asset Control (OFAC) ၏ Specially Designated National(SDN) စာရင်းတင်၍ အမေရိကန်ပြည်ဝင်ဗီဇာနှင့် စီးပွားရေးဆောင်ရွက်ခွင့် ကန့်သတ်ထားသော အချို့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား အမည်စာရင်းမှ ပယ်ဖျက်ပေးခြင်းကိုလည်းကောင်း အဆင့်ဆင့် ပြုလုပ်လာခဲ့သည်။

**ကုန်သွယ်မှုဦးစားပေးအခွင့်အလမ်း**

၁၉၈၈ ခုနှစ်နောက်ပိုင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO)၏ စည်းမျဉ်းစည်းကမ်းများအနက် တစ်ခုဖြစ်သည့် အဓမ္မစေခိုင်းခြင်းဆိုင်ရာ စည်းကမ်းချက်အား ချိုးဖောက်သည်ဟု စွပ်စွဲချက်ဖြင့် အီးယူမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအပေါ် ပေးအပ်သည့် ကုန်သွယ်မှုဦးစားပေးအခွင့်အလမ်း (Generalized scheme of Preferences-GSP) ပေးအပ်နေခြင်းကို ၁၉၉၇ ခုနှစ်မှ စတင်၍ ယာယီရပ်ဆိုင်းခဲ့သည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း အစိုးရသစ်မှ ဦးစားပေးဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအနက် မက်ခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ငွေကြေးနှင့် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများ ရှိခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဥပဒေမူဘောင်တစ်ရပ်ကို ချမှတ်ပေးနိုင်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲချက်များကို ချေဖျက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဇွန်လတွင် အဖွဲ့၏ညီလာခံမှ မြန်မာနိုင်ငံအပေါ် ကန့်သတ်ချက်များကိုရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ILO အဖွဲ့က ထိုသို့ ကန့်သတ်ချက်ကို ရုပ်သိမ်းရန် ဆုံးဖြတ်ချက်ချပြီးနောက် ၁၉-၇-၂၀၁၃ ရက်တွင် အီးယူမှ ကုန်သွယ်မှုဦးစားပေးအခွင့်အလမ်းကို မြန်မာနိုင်ငံအား ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါ အစီအစဉ်အရ လက်နက်ခဲယမ်းများမှလွဲ၍ ကျန်ကုန်ပစ္စည်းအားလုံးကို အီးယူသို့ အခွန်ပေးဆောင်ရခြင်းမရှိဘဲ လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်သည့် အခွင့်အရေးရရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စုကလည်း ၁-၇-၁၉၈၉ ရက်မှစ၍ ရပ်ဆိုင်းခဲ့သည့် GSP စနစ်ကို ပြန်လည်အသက်သွင်းရန် ကမ်းလှမ်းခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ရုံး၌ ပြုလုပ်သည့် Public Hearing စိစစ်နားကြားမှု အစီအစဉ်သို့ တက်ရောက်အရေးဆိုခြင်း၊ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် စာတမ်းများတင်ခြင်းကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံသည် ဥရောပ ၂၈ နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၃၈ နိုင်ငံမှ GSP အခွင့်အရေးရရှိထားသည်။

**ကြွေးမြီကိစ္စရပ်များ ရှင်းလင်း**

ဂျပန်နိုင်ငံက တင်ရှိသည့် ကြွေးမြီများကို ဂျပန်အစိုးရက လျှော့ပေးခဲ့ခြင်း၊ ပါရီကလပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဩစတြီးယားနိုင်ငံက ကြွေးမြီများ၏ ၅၀ ရာခိုင်နှုန်း လျှော်ပေးခြင်း၊ ဆိုင်းငံ့ကာလနှင့် ပြန်လည်ပေးဆပ်ရမည့် ကာလကို ပြန်လည်ပြင်ဆင်ပေးခြင်း၊ ပါရီကလပ်အဖွဲ့ဝင် နော်ဝေနိုင်ငံကလည်း ကြွေးမြီ ၅၀ ရာခိုင်နှုန်းကို လျှော်ပေးခြင်းအပြင် သီးခြားအနေဖြင့် ကျန်ကြွေး ၅၀ ရာခိုင်နှုန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃၄ သန်းကို အပြီးအပြတ် လျှော်ပေးခြင်း၊ ပြင်သစ်နိုင်ငံက ကြွေးမြီ အမေရိကန်ဒေါ်လာသန်း ၅၅၀ ကို လျှော်ပေးခြင်း၊ အီတလီနိုင်ငံက တင်ရှိထားသည့် ကြွေးမြီ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ သန်း၏ ၅၀ ရာခိုင်နှုန်းကို လျှော်ပေးခြင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အထောက်အကူပြုအတွက်လျှော်ပေးခြင်း၊ ဂျာမနီနိုင်ငံက ကြွေးမြီယူရို ၅၀၇ သန်းကျော်မှ ၂၅ ရာခိုင်နှုန်းကို လျှော်ပေးခြင်း၊ ၇၅ ရာခိုင်နှုန်း၏ ပြန်လည်ပေးဆပ်ရမည့်ကာလကို ပြန်လည်ပြင်ဆင်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

**နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ**

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ FDI စုစုပေါင်း အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ရရှိခဲ့ရာ အစိုးရ၏ ရေရှည် FDI စီမံကိန်းတွင် ၂၀၁၄ ခုနှစ်အတွင်း ရရှိရန် ရည်မှန်းထားသည့် ၄ ဘီလီယံ၏ နှစ်ဆ ဝင်ရောက်ခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည်လည်း များစွာတိုးတက်လာကာ ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်း လာရောက်ခဲ့သည်။

**အာဆီယံဥက္ကဋ္ဌတာဝန်**

၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် အကြီးမားဆုံး အစည်းအဝေးများဖြစ်သည့် (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၊ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပခဲ့ပြီး ဝန်ကြီးဌာနအသီးသီးကလည်း အစည်းအဝေးပေါင်း ၂၃၀ ကျော်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌအဖြစ် အာဆီယံ၏ အရေးပေါ်အခြေအနေ၊ အကျပ်အတည်းများတွင် ဦးဆောင်နိုင်စွမ်းကိုလည်း ပြသနိုင်ခဲ့သည်။ ယင်းအကျပ်အတည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် တူညီဆန္ဒကိုရယူ၍ ကြေညာချက် ၆ ခုကို ထုတ်ပြန်နိုင်ခဲ့သည်။

အာရှ-ဥရောပအစည်းအဝေးဟု ခေါ်ဆိုသည့် အေဆမ်ထိပ်သီးအစည်းအဝေးအတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် အာဆီယံ၏ သုံးပွင့်ဆိုင်ခေါင်းဆောင်များသည် ဥရောပသမဂ္ဂဘက်မှ ခေါင်းဆောင်များနှင့် တွေ့ဆုံနိုင်ခဲ့သည်။ အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတသည် အေပက်ပေါင်းစည်းဆက်သွယ်မှု မိတ်ဖက်ပါဝင်မှု အစည်းအဝေးသို့ အာဆီယံ ကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆွေးနွေးဖက် ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအား ကမ္ဘာ့နိုင်ငံများအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံနိုင်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများတွင် တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေးအတွက် လက်ရှိကျင့်သုံးနေသော ဂုဏ်ယူဖွယ်ရာ မြန်မာ့နိုင်ငံခြားရေးမူဝါဒ အစဉ်အလာကို အောင်မြင်စွာ ဆက်လက်ကျင့်သုံးသွားနိုင်ရန် တာဝန်ကျရာအခန်းကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# နိုင်ငံသားများအတွက် အလုပ်အကိုင်နှင့်အခွင့်အလမ်း ပိုမိုရရှိစေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို ဦးစားပေးပြောင်းလဲဖော်ဆောင်ခဲ့

ရှင်မင်း



ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းခြောက်ထောင် ဝင်ရောက်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ကာလရှည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်၊ အမှန်ခွင့်ပြုပမာဏ အမေရိကန်ဒေါ်လာ ၁၄၁၉ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းသုံးထောင်၊ အမှန်ခွင့်ပြုပမာဏ အမေရိကန်ဒေါ်လာ ၄၁၀၇ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းလေးထောင်၊ အမှန်ခွင့်ပြုပမာဏ အမေရိကန်ဒေါ်လာ ၈၀၁၀ သန်းရရှိခဲ့သည်။

ဘဏ္ဍာနှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးတက်ကာ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဆက်လက်တိုးတက်လာမည့် အလားအလာများရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်သူ ဦးအောင်နိုင်ဦးက ပြောသည်။

"လက်ရှိမြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေက တိုးတက်ကောင်းမွန်လာပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဟာ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရေးအတွက် နှစ်စဉ် လျာထားချက်တွေ သတ်မှတ်ပြီး လျာထားချက် ပြည့်မီအောင် ဆောင်ရွက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိအစိုးရ စတင်တာဝန်ယူသည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ နိုင်ငံပေါင်း ၃၃ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းပေါင်း ၅၄၃ ခုကို လာရောက်ရင်းနှီးမြှုပ်နှံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းအနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၁၄၆၃ ဒသမ ၉၁၃ သန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် ပတ်သက်၍ "ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေတဲ့နိုင်ငံတွေအနက် စင်ကာပူနိုင်ငံက စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏရဲ့ ၄၂ ဒသမ ၃၃ ရာခိုင်နှုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၂၄ ဒသမ ၅၈ ရာခိုင်နှုန်း၊ ယူနိုက်တက်ကင်းဒမ်းက ၆ ဒသမ ၄၅ ရာခိုင်နှုန်းနဲ့ ပထမ၊ ဒုတိယ၊ တတိယ အစဉ်လိုက်ရှိနေပါတယ်။ ဟောင်ကောင်နဲ့ နယ်သာလန်တို့က စတုတ္ထနှင့် ပဉ္စမနေရာမှာ ရှိပါတယ်။"

"ဦးစားပေးရင်းနှီးမြှုပ်နှံနေတဲ့ကဏ္ဍတွေအနေနဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍမှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၂၇ ဒသမ ၁၅ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍမှာ ၂၂ ဒသမ ၃၄ ရာခိုင်နှုန်းနဲ့ စက်မှုကဏ္ဍမှာ ၂၀ ဒသမ ၂၈ ရာခိုင်နှုန်းရှိပါတယ်။ ပြီးတော့ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍ၊ Real Estate ကဏ္ဍ၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍနဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြပါတယ်" ဟု ဦးအောင်နိုင်ဦးက ပြောသည်။

၂၀၁၁ ခုနှစ် မတိုင်မီက သယံဇာတကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍစသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ များစွာစီးဝင်ခဲ့သည်။

"၂၀၁၁ ခုနှစ် နောက်ပိုင်းမှာတော့ အစိုးရက ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုပြီးရစေနိုင်တဲ့ စက်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုပိုမိုစီးဝင်ရေးကို ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ၂၀၁၁-၂၀၁၂ ကနေ ၂၀၁၅-၂၀၁၆ ထိကာလမှာ စက်မှုကဏ္ဍဟာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၂၀ ဒသမ ၂၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တယ်။ ဟိုတယ်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍတွေမှာ အလားတူပဲ တိုးတက်လာခဲ့တယ်"ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုလေးရပ်ကို ဆောင်ရွက်လျက်ရှိသည်။

"ပထမဆုံးအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးဝင်ရောက်လာစေဖို့ အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲထုတ်ပြန်ခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ရပ်ကို ပေါင်းပြီး ဥပဒေတစ်ရပ်ဖြစ်ပေါ်လာဖို့ ပြင်ဆင်ရေးဆွဲနေတယ်။ ဒီလိုပြင်ဆင်ရေးဆွဲရတာက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေနဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွေ၊ လုပ်ငန်းတွေဆောင်ရွက်တဲ့အခါ တူညီတဲ့ အခွင့်အလမ်းတွေ ရရှိစေဖို့ ရည်ရွယ်ပါတယ်။"

"ဒုတိယအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ယခင်ကန့်သတ်ထားတာတွေကို ဖြေလျှော့ပြီးတော့ ပွင့်လင်းမြင်သာမှုနဲ့ လွတ်လပ်စွာ ဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်ခဲ့တယ်။ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲတာပါ။ တတိယအနေနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတွေ တိုးတက်စေရေးကို ဆောင်ရွက်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ လုပ်ငန်းကိစ္စတွေ ဆောင်ရွက်တဲ့အခါ ရုံးဌာနတွေကို တစ်နေရာတည်းမှာ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ဖို့ ဌာနဆိုင်ရာ ပူးပေါင်းမှုလုပ်ငန်းအဖွဲ့ (One Stop Service) ကို ထူထောင်ခဲ့တယ်။"

"စတုတ္ထပြုပြင်ပြောင်းလဲတာကတော့ ဖွဲ့စည်းပုံတွေ ပြုပြင်ပြောင်းလဲတာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ အဆိုပြုချက်တွေကို ထိရောက်စွာ အကဲဖြတ်နိုင်ဖို့နဲ့ မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့အတွက် အစိုးရဌာနတွေက တာဝန်ရှိသူတွေ၊ ကျွမ်းကျင်ပညာရှင်တွေ၊ ပုဂ္ဂလိကကဏ္ဍက ကိုယ်စားလှယ်တွေပါဝင်တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ၂၀၁၂ ခုနှစ်က စပြီး ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။"

ကော်မရှင်ရဲ့ လုပ်ငန်းတာဝန်တွေကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကိုလည်း နေပြည်တော်နှင့် ရန်ကုန်မြို့မှာသာ ရုံးဖွင့်လှစ်ထားရာကနေ မန္တလေး၊ တောင်ကြီးနဲ့ မော်လမြိုင်မှာ ထပ်မံဖွင့်လှစ်ထားတယ်။ ကျန်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်မှာလည်း ဖွင့်လှစ်ဖို့ ဆောင်ရွက်သွားပါမယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများကို ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများထံ တင်ပြကာ လိုအပ်သည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဦးစွာဆောင်ရွက်ရကြောင်း၊ ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလွှာ တင်ပြကာ အဆင့်ဆင့်စိစစ်ပြီးမှသာ အနီးစပ်ဆုံး ကော်မရှင်အစည်းအဝေးသို့ တင်ပြရကြောင်း၊ ကော်မရှင်အနေဖြင့်လည်း သဘာဝသယံဇာတကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိကို သက်ဆိုင်ရာအချက်အလက်များကို အခြေခံပြီး သေချာစွာ စိစစ်ဆောင်ရွက်ပြီးမှသာ ခွင့်ပြုကြောင်း သိရသည်။

"သဘာဝသယံဇာတနဲ့ ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုနိုင်ငံသားတွေရဲ့ သဘောထားနဲ့ နိုင်ငံတော်အတွက် အကျိုးအမြတ်ရရှိနိုင်မှုအခြေအနေအပေါ်မှာ အခြေခံပြီး စဉ်းစားသွားမှာဖြစ်ပါတယ်။ အရင်က သယံဇာတကို အခြေခံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လက်ခံခဲ့ရာကနေပြီးတော့ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိစေနိုင်တဲ့ စက်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနဲ့ စိုက်ပျိုးရေးကဏ္ဍစတဲ့ ကဏ္ဍတွေကို ဦးစားပေးကဏ္ဍအဖြစ် မူဝါဒပြောင်းလဲဖော်ဆောင်ခဲ့တယ်။ ပြီးတော့ Environmental Impact Assessment ရယူဆောင်ရွက်ရမယ့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားတွေကိုလည်း အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်"ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုသည် အရေးပါသည့်ကဏ္ဍအဖြစ် ပါဝင်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာမက နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများပါ ပါဝင်ရမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာရရှိစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက် ရှိသကဲ့သို့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက်လည်း နိုင်ငံတော်က ကူညီဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် ဘဏ္ဍာနှစ်အလိုက် တိုးတက်မှုများဖြစ်ပေါ်ခဲ့ပြီး ရရှိခဲ့သည့် တိုးတက်မှုရလဒ်များကို ထိန်းသိမ်းကာ လာမည့်ဘဏ္ဍာနှစ်များတွင် ပိုမိုကောင်းမွန်သော ရလဒ်များရရှိအောင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) စတင်ပါကလည်း အလုပ်လုပ်နိုင်သည့် လူဦးရေပမာဏများပြားမှု၊ အခြားအာဆီယံနိုင်ငံများထက် လုပ်ခနှုန်းထား သက်သာမှုများကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာနိုင်ပြီး ASEAN Comprehensive Investment Agreement (ACIA) အရလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးကျေးဇူးများကို ခံစားခွင့်ရရှိမည်ဖြစ်သည်။

■■■

»»» အထူးထုတ် အချပ်ပို စာမျက်နှာ ၄ မှ

ရေငန်ငါးဖမ်းဆီးမှုအပိုင်းတွင်လည်း ပင်လယ်ပြင်တွင် မြန်မာနိုင်ငံပိုင်ဆိုင်သော ရေပြင်စီးပွားရေးဇုန် ၁၂ မိုင်ခန့်ရှိပြီး ကုန်းတွင်း၌ ရေပြင်ဧရိယာ ၄၂၀၀ ဒသမ ၅၉ စတုရန်းမိုင်ကျယ်ဝန်းသည်။ မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတအခြေအနေကို ၁၉၇၉-၁၉၈၀ ခုနှစ်က အက်ဖ်အေအို ကူညီမှုဖြင့် ရေအနက်မီတာ ၂၀၀မှ မီတာ ၄၀၀ အထိ ရက်ပေါင်း ၁၀၂ ရက်ခန့် ပထမဆုံးအကြိမ် သုတေသနပြုလေ့လာခဲ့ရာ ရေချို ရေငန် ငါး၊ ပုစွန်မျိုးစုံနှစ်စဉ်တန်ချိန် တစ်သန်းကျော်ကို မျိုးသုဉ်းမှု မထိခိုက်စေဘဲ ထုတ်ယူနိုင်ကြောင်း သိရသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ နော်ဝေနိုင်ငံအကူအညီဖြင့် မြန်မာ့ပင်လယ်ပြင်တွင် သုတေသနပြုခဲ့ရာ ငါးသယံဇာတမှာ ၄၀ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း စိုးရိမ်ဖွယ်ရာသိရှိခဲ့ရသည်။

ထိုသို့ ရေချို၊ ရေငန် ငါးသယံဇာတ လျော့နည်းလာမှု အဓိကအကြောင်းရင်းမှာ တရားမဝင် ငါးဖမ်းဆီးခြင်း၊ အလွန်အကျွံ ငါးဖမ်းဆီးခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ဂေဟစနစ်ပျက်သုဉ်းခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် တရားမဝင်ငါးဖမ်းဆီးမှုနှင့် အလွန်အကျွံငါးဖမ်းများကို ထိန်းချုပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည့် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတများ လျော့နည်းကျဆင်းလာမှုကို ကုစားနိုင်ရန်အတွက် နှစ်စဉ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးဖမ်းရေယာဉ် ၆၅ ရာခိုင်နှုန်းကိုသာ ဖမ်းဆီးခွင့်ပြုခဲ့သည်။ ထိုသို့ ထိန်းချုပ်မှုကြောင့် ငါးဖမ်းဆီးမှု လျော့ကျသွားမည်ဖြစ်ပြီး နှစ်စဉ် ဇွန် ၁ ရက်မှစတင်ကာ ကမ်းနီးကမ်းဝေး ငါးဖမ်းယာဉ်များအားလုံးကို ငါးဖမ်းခွင့်ပြုခဲ့သည်။

တစ်ဖန် ငါးသယံဇာတလျော့နည်းလာမှုကို ကုစားရာတွင် အထောက်အကူပြုနိုင်ရန် ၂၀၁၅ ခုနှစ်မှ စတင်ပြီး တစ်နှစ်လျှင် သုံးလ ငါးဖမ်းခွင့်ပိတ်ပင်ရန်လည်း ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ငါးဖမ်းလုပ်ငန်းရှင်များ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် အာဆီယံဒေသတွင် စတုတ္ထအဆင့်ရှိပြီး ကမ္ဘာတွင် အဆင့် ၁၄ နေရာ၌ ရပ်တည်လျက်ရှိရာ ငါးထုတ်လုပ်ရေးကဏ္ဍတိုးတက်ရန် အဘက်ဘက်မှ ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည်။

တစ်ဖက်ကလည်း ငါးသားပေါက် မွေးမြူခြင်း၊ ငါးမျိုးများစိုက်ထည့်ခြင်း၊ ငါးမျိုးများ အခမဲ့ဖြန့်ဖြူးခြင်းများအပြင် ငါးသားပေါက်မွေးမြူခြင်းများကို နိုင်ငံတစ်ဝန်းငါးသားဖောက်ရုံ ၆၂ ရုံကို တည်ဆောက်ပေးခဲ့ကာ ငါးမျိုးများ အဆက်မပြတ်မွေးမြူဖြန့်ဖြူးပေးလျက်ရှိသည်။ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ငါးမွေးကန်များသို့လည်း ငါးသားပေါက်များ အခမဲ့ဖြန့်ဖြူးပေးခဲ့ရာ ငါးသယံဇာတထိန်းသိမ်းမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခဲ့သည်။

လောလောဆယ်တွင် မြန်မာနိုင်ငံမှ ငါး၊ ပုစွန်ထုတ်ကုန်များကို ဥရောပဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်ရာ အရည်အသွေးမီသော ငါးထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ မကြာမီတင်ပို့နိုင်တော့မည်ဖြစ်သည်။ အခက်အခဲများရှိသော်လည်း ဇွဲလုံ့လဖြင့် ကြိုးစားခဲ့မှုကြောင့် ငါးလုပ်ငန်းရှင်များအတွက် အီးယူဈေးကွက်သို့ တင်ပို့ခွင့်ရရှိခြင်းမှာ အခွင့်အရေးကောင်းတစ်ရပ် ဖြစ်လာသည်မှာ အမှန်ပင်ဖြစ်သည်။

■■■

# အားထုတ်မှုများနှင့် သားငါးထုတ်လုပ်မှုတိုးတက်ရေး

သတင်းဆောင်းပါး - ဝေယံဦး ›› ဓာတ်ပုံ - ကောဇင်လင်း



တောင်ငူမြို့အနီး ကြက်မွေးမြူရေးခြံတစ်ခြံမှ ကြက်များကို တွေ့ရစဉ်။

**လူဦးရေက တစ်နေ့တခြားတိုးပွားလာသည်။ တိုးပွားလာသည်လူဦးရေအတွက် နေ့စဉ်စားနပ်ရိက္ခာဖူလုံရန် ကြိုးစားလျက်ရှိရာ သားငါးကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရန် မလွှဲမသွေလိုအပ်လာသည်။**

နိုင်ငံတကာတွင်လည်း စားနပ်ရိက္ခာ ဖူလုံရေးအတွက် နိုင်ငံတိုင်းကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း သားငါးထုတ်လုပ်နိုင်ရေး အားထုတ်လျက်ရှိရာ လိုအပ်ချက်များရှိနေသော်လည်း ပြည်သူများအတွက် တိုးတက်ထုတ်လုပ်နိုင်ရေး တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

"ကျွန်တော်တို့ နို့စားနွားမွေးမြူရေးလုပ်ငန်းက နို့စားနွားအကောင် ၁၀၀ ကျော်ရှိပါတယ်။ နေ့စဉ် နွားနို့ပိဿာ ၁၅၀၀ ခန့် ထွက်ရှိပေမယ့် ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် မလုပ်ပေးနိုင်သေးပါဘူး။ ဝယ်လိုအားက မြင့်မားနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လေးထောင့်ကန်ရှိ ငွေစင်ပုလဲ နို့စားနွားမွေးမြူရေးခြံမှ ဦးတင်ဝင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်စတွင် နို့စားနွားကောင်ရေ ၁၉၃၄၂ ကောင်ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စတွင် နို့စားနွားကောင်ရေ ၂၀၀၄၉ ကောင်အထိ တိုးတက်မွေးမြူနိုင်ခဲ့သော်လည်း နေ့စဉ်နွားနို့ဝယ်လိုအား များပြားနေဆဲပင်ဖြစ်သည်။

ထို့အတူ တစ်နိုင်ငံလုံး နွားနို့ထုတ်လုပ်မှုအနေဖြင့်ကြည့်လျှင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နို့ပိဿာ ၁၃၂၅၇၄၃ ပိဿာ ထုတ်လုပ်နိုင်ခဲ့သည်။ သို့သော် နို့အပြင် နို့ထွက်ပစ္စည်းများဖြစ်သော နို့ဆီ၊ ဒိန်ချဉ် စသည်တို့ပါ ထုတ်လုပ်မှုကြောင့် တစ်နိုင်ငံလုံး နို့ဝယ်လိုအားပြည့်မီရေး ကြိုးစားဆောင်ရွက်နေရဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသားထုတ်လုပ်မှုတိုးတက်စေရန် နွား၊ ကျွဲ၊ သိုး၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စသည့် တိရစ္ဆာန်များကို ပုဂ္ဂလိကမွေးမြူရေးသမားများအား ကူညီမှု၊ တိုက်တွန်းမှုနှင့် အသိပညာပေးမှုများ လုပ်ဆောင်နိုင်ရာ အသားထုတ်လုပ်မှု ပိုမိုတိုးတက်လာခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အသားထုတ်လုပ်မှု ၁၆၈၅၃၈၆ ပိဿာအထိရှိခဲ့သည်။

အသားကဏ္ဍထုတ်လုပ်မှုတွင် ပုဂ္ဂလိက နွားမွေးမြူရေး လုပ်ငန်းရှင်များဖြစ်သည့် ကျော်သရဖူမွေးမြူရေးလုပ်ငန်း၊ ဂရင်းလန်းအသားစားနွားမွေးမြူရေးလုပ်ငန်းများကဲ့သို့ အကောင်ရေများများ မွေးမြူကာ အသားထုတ်လုပ်မှုတိုးမြင့်အောင်လည်း တဖြည်းဖြည်း အထောက်အပံ့ပြုနိုင်ခဲ့သည်။

တစ်ဖန် အသားစားနွားများအပြင် ခိုင်းကျွဲနွားမွေးမြူမှုတိုးမြင့်အောင်လုပ်ဆောင်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခိုင်းကျွဲနွားကောင်ရေ ၁၀၆၉၈ ကောင်တိုးပွားသဖြင့် လယ်ယာကဏ္ဍတွင် ပစ်ပယ်၍ မရနိုင်သေးသည့် ကျွဲ၊ နွားများ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခဲ့သည်။

နို့စားနွား၊ ခိုင်းနွား၊ အသားစားနွား စသည့် မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး မျိုးရည်ချောင်းများ အခမဲ့ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ မျိုးရည်ချောင်း အခမဲ့ဖြန့်ဖြူးပေးနိုင်ခဲ့မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း မျိုးကောင်းမျိုးသန့် နွားများဖြစ်သည့် အသားစားနွား၊ နို့စားနွားတို့ကို စဉ်ဆက်မပြတ် အခြေခံလူတန်းစားများကလည်း တစ်ပိုင်တစ်နိုင် မွေးမြူလာခဲ့ခြင်းဖြစ်သည်။

နွားမွေးမြူရေးတွင် တစ်ပိုင်တစ်နိုင်မွေးမြူခြင်းမှသည် နို့စားနွားနှင့် အသားစားနွားများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက်လည်း ဈေးကွက်သစ်များကို ချိတ်ဆက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းအသားထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိစေရန် မျိုးချောင်းများ အခမဲ့ပေးဝေနိုင်ခဲ့သည့်အတွက် ဈေးကွက်ဝင် နွားမျိုးကောင်းမျိုးသန့်များရရှိစေခဲ့သဖြင့် ကျေးရွာအနှံ့ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်မွေးမြူရေးအထိ ခရီးပေါက်ခဲ့သည်။

နွားမွေးတောင်သူများအတွက် အသိပညာ ဖြန့်ဝေပေးမှုများအပြင် မွေးမြူရေးဘဏ်စနစ်ဖြင့် ချေးငွေများထုတ်ချေးကာ အရင်းမပျောက်မတည်ရင်းနှီးမှုများ ထောက်ပံ့ခဲ့ရာ တောင်သူများ အထိုက်အလျောက် အဆင်ပြေခဲ့သည်။ အခြေခံလိုအပ်ချက်များ ရှိနေလင့်ကစား အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်စေရန် အထောက်အကူဖြစ်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ရင်းနှီးငွေချေးပေးမှု၊ အသိပညာဗဟုသုတ ဖြန့်ဝေပေးနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ကျေးရွာများအထိ ကွင်းဆင်းအကောင်အထည်ဖော်နိုင်ခဲ့သည်။ ရာနှုန်းပြည့် မလွှမ်းခြုံနိုင်သေးသော်လည်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းထုတ်လုပ်မှုအနေအထားကို ကြည့်လျှင် ၂၀၁၁ ခုနှစ်မှစတင်ကာ တိုးတက်လာခဲ့သည်။

၂၀၁၁-၂၀၁၂ ခုနှစ်က အသားထုတ်လုပ်မှု တစ်နိုင်ငံလုံးအနေဖြင့် ၁၂၆၉၉၁၂ ပိဿာရှိခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အသားပိဿာ ၁၃၉၃၁၅၁ ပိဿာ၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၅၂၆၃၅၉ ပိဿာ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၆၈၅၃၉၆ ပိဿာအထိ တိုးမြှင့်ထုတ်လုပ်လာနိုင်သည်။

ပြည်တွင်း၌ အသားထုတ်လုပ်မှုတိုးတက်စေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသကဲ့သို့ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကလည်း နည်းပညာ၊ ဈေးကွက်ရရှိရေး စသည်တို့ကို တတ်စွမ်းသမျှ ကြိုးစားဖြည့်ဆည်းပေးနေသည်။

ယခုအခါ ပြည်ပဈေးကွက်သို့ ပြည်တွင်းမှ အသားတင်ပို့နိုင်ရေး ကြိုးစားလျက်ရှိရာ အရည်အသွေး စံချိန်စံညွှန်းမီသော အသားများ ထုတ်လုပ်နိုင်ရေး အားထုတ်ရန် လိုအပ်လျက်ရှိသည်။ အသားစားနွား၊ နို့စားနွားအပြင် ဆိတ်၊ ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ သိုးများကိုလည်း ယခုထက် ပိုမိုမွေးမြူနိုင်ရေး တွန်းအားပေးလျက်ရှိရာ မြေပြင်တွင် အခက်အခဲများရှိသော်လည်း ဝိုင်းဝန်းကူညီမှုဖြင့် ရေရှည်တွင် ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်မွေးမြူသည့် မွေးမြူရေးခြံကြီးများ ဖြစ်ထွန်းလာစေမည်ဖြစ်သည်။

တစ်ချိန်ချိန်တွင် စီးပွားဖြစ်မွေးမြူရေးခြံကြီးများ ဖြစ်ပေါ်စေရန် လက်ရှိအကောင်အထည်ဖော်နေသော မွေးမြူရေးဘဏ်စနစ်သည် အထောက်အကူပြု စတင်အခြေတည်နိုင်မည်ဖြစ်သည်။ မွေးမြူရေးဘဏ်စနစ်တွင် မြစိမ်းရောင်အသားကဏ္ဍအဖြစ် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်ပေါင်း ၆၁ ခု၊ မြို့နယ်ပေါင်း ၁၇၃ မြို့နယ်၊ ကျေးရွာပေါင်း ၄၈၄ ရွာတို့တွင် ကျေးရွာမွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် တစ်ရွာလျှင် ကျပ်သန်း ၃၀ ဖြင့် နွားကောင်ရေ ၁၇၈၉ ကောင်၊ ဝက် ၂၀၂၁၅ ကောင်၊ သိုးနှင့် ဆိတ် ၁၁၄၉၆ ကောင် ဖြန့်ဖြူးပေးနိုင်ခဲ့ရာ အနာဂတ်တွင် မွေးမြူရေးအတွက် အခြေခံကောင်းများကို ချပေးနိုင်ခြင်းဖြစ်သည်။

ငါးထုတ်လုပ်မှုကဏ္ဍကိုကြည့်လျှင် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းဒဏ်ကြုံတွေ့ခံစားရပြီးနောက်ပိုင်း ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ ပြည်တွင်း၌ ငါးမွေးကန်များပျက်စီးခဲ့သလို ပင်လယ်၊ မြစ်ချောင်းများအတွင်း ငါးသယံဇာတထိခိုက်ပျက်စီးမှုများဖြစ်ပွားခဲ့သည်။ ပင်လယ်ပြင်ငါးဖမ်းဆီးမှုအပိုင်းတွင်လည်း ငါးမျိုးစိတ်များ လျော့နည်းကျဆင်းလာခဲ့သဖြင့် ယခင်ကထက် ငါးသယံဇာတ ၄၀ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း ဩစတြေးလျနိုင်ငံမှ သုတေသနပညာရှင်ဒေါက်တာစတီးဒက်ချ်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ပြုလုပ်သော ဆွေးနွေးပွဲတစ်ခု၌ သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်း၌ ငါးသယံဇာတလျော့နည်းလာမှုကို ထိန်းသိမ်းနိုင်ရန်နှင့် ငါးထုတ်လုပ်မှုကို တိုးတက်စေရေးအတွက် ဂရန်အင်းများစွာ အနက် ပင်လယ်ငယ်ကိုးပင်အင်း၊ မူးချောင်းရိုးအင်း၊ မအူအင်း၊ အင်းလေးအင်း၊ ညောင်ကြပ်အင်း၊ ပကွိအင်း၊ မရမ်းကြာအင်း၊ တော်ခရမ်းအင်း၊ ဒူးယားအင်း စသည့် အင်းပေါင်း ၁၁ အင်းကို ရွေးချယ်ကာ အင်းတစ်အင်းကို ကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ပေးခဲ့သည်။ ငါးသယံဇာတအနေအထားကို သိရှိနိုင်ရန် နော်ဝေနိုင်ငံမှ Dr . Fridtjof Nansen သုတေသနယာဉ်ဖြင့် မိုးလွန်ကာလနှင့် မိုးကြိုကာလများတွင် စစ်ဆေးဆောင်ရွက်ခဲ့သည်။ ထိုသို့ သုတေသနပြုမှုကြောင့် မြန်မာ့ရေပြင်တွင် ငါးသယံဇာတများစွာ လျော့နည်းလာနေပြီဖြစ်ကြောင်း၊ ထိန်းသိမ်းရန်လိုအပ်နေပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။

ငါးသယံဇာတ လျော့နည်းလာမှုကြောင့် နိုင်ငံတစ်ဝန်း ငါးသားဖောက်စက်ရုံ ၆၂ ရုံကို တည်ဆောက်ခဲ့ပြီး ငါးသားပေါက်များ သန်းပေါင်းများစွာ မွေးထုတ်ကာ ပြည်တွင်း ငါးမွေးကန်များ၊ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးစိတ်များကို ထည့်သွင်းတိုးပွားစေခဲ့သည်။ ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လနှင့် ဇူလိုင်လများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အများအပြားတွင် ငါးမွေးကန် ဟက်တာ ၃၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ရာ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးနှင့် နည်းပညာများအပြင် ငါးသားပေါက်များကို ဖြန့်ဖြူးပေးခဲ့သည်။

ငါးဖမ်းပစ္စည်းများဖြစ်သည့် ပိုက်၊ လှေ၊ အင်ဂျင် စသည်တို့ကိုလည်း ထောက်ပံ့ခဲ့ပြီး ငါးထုတ်လုပ်မှု မကျဆင်းအောင် ဝိုင်းဝန်းကူညီပေးခဲ့သည်။ သို့သော်လည်း မြေပြင်တွင် လုပ်ငန်းအကောင်အထည်ဖော်ရာ၌ အခက်အခဲများရှိနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရေချိုငါးထုတ်လုပ်မှု စုစုပေါင်းတန်ချိန် ၁ ဒသမ ၄ သန်းခန့်ရှိခဲ့ရာ ၇၀ ရာခိုင်နှုန်းခန့်သည် စားနပ်ရိက္ခာဖူလုံရေးအတွက် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ရေချိုငါးထုတ်လုပ်မှုအများစုမှာ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းမှုနှင့် ပြည်တွင်းဈေးကွက် ဖြန့်ဖြူးပေးနိုင်မှုအပေါ် အဓိက အကျိုးသက်ရောက်မှုရှိနေသည်။ ငါးလုပ်ငန်းတွင် တိုက်ရိုက်ပါဝင်လုပ်ကိုင်နေသော လူဦးရေမှာ သုံးသန်းခန့်ရှိနေပြီး ငါးလုပ်ငန်းနှင့် ဆက်စပ်ကာ အကျိုးခံစားနေသူများမှာ လူဦးရေ ၁၅ သန်းခန့်ရှိနေကြောင်း သိရသည်။

**စာမျက်နှာ ၃ သို့ »»**



မအူပင်မြို့အနီး ငါးမွေးမြူရေးစခန်းတစ်ခုကို တွေ့ရစဉ်။

